# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ပညာရှိ**

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ ရန်မလာ ကြောက်ရွံ့မှု ကင်းကွာသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ဓမ္မဋ္ဌဝဂ် (ဓမ္မပဒ-၂၅၈)


၁၃၈၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်   ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့   အတွဲ (၆၁)၊ အမှတ် (၀၈၃)




ရွှေဘိုခရိုင်အတွင်းရှိ သဖန်းဆိပ်ရေလှောင်တမံ။

## ရွှေဘိုခရိုင်အတွင်း သဖန်းဆိပ်ဆည်ရေဖြင့် နွေစပါးဧက နှစ်သိန်းကျော်နှင့် အခြားသီးနှံဧက ခုနစ်သောင်းကျော် စိုက်ပျိုးသွားမည်

ရွှေဘို ဒီဇင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်း သဖန်းဆိပ်ဆည်ရေဖြင့် ၂၀၂၁-၂၀၂၂ ခုနှစ်၌ နွေစပါးဧက နှစ်သိန်းကျော်နှင့် အခြားသီးနှံဧက ခုနစ်သောင်းကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ရွှေဘိုခရိုင်အတွင်းရှိ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်များအနေဖြင့် သဖန်းဆိပ်ဆည်မှ ဆည်ရေလုံလောက်မှုမရှိသည့်အတွက် နှစ်နှစ်ဆက်တိုက် နွေစပါးစိုက်ပျိုးနိုင်ခဲ့ခြင်း မရှိကြောင်း၊ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် သဖန်းဆိပ်ဆည် ဆည်ရေလုံလောက်မှုရှိသည့်အတွက်


*စာမျက်နှာ ၅ ကော်လံ ၁* *


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဒီဇင်ဘာလ တတိယ (၁၀) ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၁

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊


*စာမျက်နှာ ၅ ကော်လံ ၂* ❂



ယနေ့ ဖတ်စရာ



**အတိတ်ဆီသို့ တစ်ခေါက်သွားရောက်ကြည့်စေချင်**

**(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုဆောင်းပါး** စာ - ၆

**အိုမီခရွန်မှာ ဒယ်လ်တာထက် ပို၍ကူးစက်မှုလျင်မြန်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ပြော**

နိုင်ငံတကာသတင်း စာ - ၁၃



**ကိုဗစ်-၁၉ ကပ်ရောဂါကို ၂၀၂၂ ခုနှစ်တွင် အဆုံးသတ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း**

နိုင်ငံတကာသတင်း စာ - ၁၄

**ပညာရေးဖွံ့ဖြိုးတိုးတက်ရေး**

ဆောင်းပါး စာ - ၂၃

# လွတ်လပ်ချမ်းသာစွာ ခေါင်းထောင်နေနိုင်ရေး

လွတ်လပ်ခြင်းဆိုသည်မှာ အချုပ်အနှောင်ကင်းမဲ့ခြင်းနှင့် အတားအဆီး မရှိခြင်းတို့ပင်ဖြစ်သည်။ ချုပ်နှောင်ထားခြင်း၊ တားဆီးပိတ်ဆို့ထားခြင်းကို မည်သူမျှမကြိုက်။ လူတိုင်း လူတိုင်းက လွတ်လပ်ခြင်းကိုသာ အလိုရှိကြသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ရေးလက်စ ကိုယ်ရေးအတ္ထုပ္ပတ္တိတွင် "လွတ်လပ်ချမ်းသာစွာ ခေါင်းထောင်နေနိုင်မည်ဆိုလျှင် မလွတ်လပ်သော လူယဉ်ကျေးဘဝထက် ကျွန်တော် အဆတစ်ရာ ကြိုက်သည်။ နှစ်သက်သည်။ ကျွန်တော်သည် စိမ်းလန်းစိုပြည်သော၊ ကျယ်ပြန့်သော လွင်ပြင်ရိုင်းတွင် လက်ပမ်းပေါက်ခတ်၍ လွတ်လွတ်လပ်လပ် မြူးတူးအော်ဟစ်နေလိုသည်။"ဟူ၍ ရေးဖွဲ့ခဲ့ရာ လွတ်လပ်ခြင်းအပေါ် ဗိုလ်ချုပ်၏ ခံစားချက်ကို ရှင်းရှင်းလင်းလင်း ပြက်ပြက်ထင်ထင် တွေ့မြင်နိုင်သည်။

ထိုစဉ်က မြန်မာတစ်မျိုးသားလုံးသည် လွတ်လပ်ချမ်းသာစွာ ခေါင်းထောင်နေနိုင်သည့် ကာလမဟုတ်။ တိုင်းတစ်ပါးမှ လာရောက် အုပ်စိုးခြယ်လှယ်နေသည့် နယ်ချဲ့နှင့် ၎င်း၏ လက်ပါးစေတို့ကို သခင်အဖြစ် ခယဝပ်တွားကာ မိမိကိုယ်ကို ကျွန်အဖြစ် ဦးနှိမ်ရိုကျိုးခဲ့ကြရသည့်ကာလ။ နိုင်ငံ၏ စီမံအုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာ ရေး၊ ရေမြေသယံဇာတအားလုံးက နယ်ချဲ့သခင်တို့၏ လက်ထဲမှာ။ နယ်ချဲ့တို့က ကျွန်နိုင်ငံသားတို့ကို ဖိနှိပ်ထားသည်။ ချုပ်ချယ်ထားသည်။ ခွဲခြားထားသည်။ နှိမ့်ချထားသည်။ တောင်ပေါ်နှင့် မြေပြန့်ကို ပိုင်းခြားထားသည်။ ကျွန်နိုင်ငံသားအချင်းချင်းကြား မသင့်မတင့်အောင်၊ မညီညွတ်အောင် နည်းလမ်းပေါင်းစုံဖြင့် ဖန်တီးထားသည်။ ကျွန်နိုင်ငံသားများထဲမှပင် အင်ပါယာကို အထင်ကြီးသူ၊ လေးစားအားကျသူ၊ ဘိုစာတတ်၊ ဘိုစကားပြော၍ ဘိုစိတ်ပေါက်နေသူ အင်ပါယာသစ္စာတော်ခံများကို မွေးမြူကာ အရှင်သခင်တို့၏ အကျိုးစီးပွားအတွက် ထမ်းရွက်စေခဲ့သည်။ ထိုသူတို့မှာ တစ်နည်းအားဖြင့် မလွတ်လပ်သော လူယဉ်ကျေးများပင်ဖြစ်သည်။

ယခုအခါ မြန်မာတို့လွတ်လပ်ခဲ့သည်မှာ နှစ်ပေါင်း ၇၄ နှစ်ပြည့်မြောက်တော့မည်။ ၇၄ နှစ်ဟူသော ကာလသည် ရှည်လျားလှသောကာလဖြစ်သည်။ ထိုကာလအတိုင်းအရှည်သည် နိုင်ငံနှင့်လူမျိုးတို့ ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ရေးအတွက် ကြိုးပမ်းတည်ဆောက်ကြရန် ကောင်းစွာလုံလောက်သည်။ ထိုမျှသောကာလအတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ အင်အားတောင့်တင်းခိုင်မာသော နိုင်ငံများအဖြစ် တက်လှမ်းရောက်ရှိသွားသော နိုင်ငံများစွာတို့ ရှိခဲ့သော်လည်း မြန်မာနိုင်ငံမပါခဲ့။ သို့ဖြစ်ရာ လွတ်လပ်သည့်နိုင်ငံ၊ လွတ်လပ်သည့်လူမျိုးဘဝကို ပြန်လည်ရရှိခဲ့ပြီးသည့်နောက်တွင် ချမ်းသာစွာ ခေါင်းထောင်နေနိုင်သည့်နိုင်ငံအခြေအနေသို့ ရောက်ရှိရန် မိမိတို့ ကြိုးပမ်းကြရဦးမည်ဖြစ်သည်။ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားတို့ တောင့်တင်းခိုင်မာလာစေရေး အားထုတ်တည်ဆောက်ကြရဦးမည်ဖြစ်သည်။

လူ့သမိုင်းကို လူတို့က ဖန်တီးနေကြခြင်းဖြစ်သည်။ အတိတ်ကာလက သမိုင်း၏ ဆိုးမွေကောင်းမွေတို့ကို ပစ္စုပ္ပန်တွင် ခံယူကာ အနာဂတ်အတွက် ရလဒ်ကောင်းများ ထွက်ပေါ်လာအောင် ဖန်တီး တည်ဆောက်နိုင်ကြရန်လိုသည်။ နိုင်ငံ၏အင်အားသည် ပြည်တွင်းမှာသာရှိပြီး ပြည်တွင်းအင်အားကို ရယူစုစည်းကာ အကျိုးအရှိဆုံးဖြစ်အောင် အသုံးချ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရခြင်းဖြစ်သည်။ ပြည်တွင်းအင်အားဟူသည် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုမှ ပေါ်ထွက်လာသည့် စွမ်းအားပင်ဖြစ်ပြီး ယင်းစွမ်းအားဖြင့် နိုင်ငံ၏ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းကာ ယင်းစွမ်းအားဖြင့်ပင် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းတည်ဆောက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

၂။ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို စောင့်ရှောက်ဖော်ဆောင်၍ ကောင်းမွန်သန့်ရှင်းသော အစိုးရတစ်ရပ်နှင့် အုပ်ချုပ်မှုပုံစံ ပေါ်ထွန်းလာစေရေး။

၃။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားအားလုံး စည်းလုံးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်ရေး။

၄။ ပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းဖော်ဆောင်ရေး။

## သတိပေးနှိုးဆော်ချက်

(၇၄)နှစ်မြောက်၊ လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၂ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားနှင့် ၄-၁-၂၀၂၂ ရက်နေ့ ၀၄၀၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်သွားလာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဇာနည်ဝင်းကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

## မျိုးဆက်ဝန်တာ

★ ညီအစ်ကိုတို့ရေ ၊ တို့တစ်တွေလျှင်
ဖြစ်ထွေရှေးဟောင်း ၊ သမိုင်းကြောင်းကို
ပြန်ပြောင်းဆင်ခြင် ကြည့်ပါစို့။

★ ပဒေသရာဇ် ၊ ခေတ်စနစ်ဟု
ကျန်ရစ်စာတင် ၊ သမိုင်းစဉ်ဝယ်
ခေါ်တွင်မြန်မာ ၊ ဤမြေချာကို
ကြေညာအောက်ထက် ၊ အဘက်ဘက်မှ
လက်တည့်စမ်းကြ ၊ စစ်ခင်းကြသည့်
ရန်စခပင်း ၊ တိုက်ထုတ်ခွင်းသည်
သွေးချင်းနောင်ညီ တို့အများ...။
မခွဲအတူ ပေါင်းစည်းအား...။

★ ထိုသို့ညီစွာ ၊ ဤမြေချာကို
ကာကွယ်ခဲ့ကြ ၊ ရဲစွမ်းပြသော်
မြန်မာ့ဦးစွန်း ၊ မနစ်မွန်းဘဲ
တင့်ရွှန်းကျက်သရေ ၊ ဝေမြဲဝေသည်
တို့တွေသူ့ကျွန် မဖြစ်ဖူး...။

★ သမိုင်းကံညှိုး ၊ တစ်ဆစ်ချိုး၌
မျိုးယုတ်တွင်သ ၊ ဗြိတိသျှတို့
ကမ္ဘာ့မြေပုံ ၊ အလုံးစုံမျှ
ကုန်စင်စစ်ခင်း ၊ ကျူးရောက်နင်း၍
မင်းမူအုပ်စိုး ၊ သမိုင်းဆိုးဝယ်
ထီးကျိုးစည်ပေါက် ၊ သူ့လက်အောက်သို့
ကျရောက်ခဲ့ရာ နှစ်ရှည်ကြာလည်း
ပြည်ရွာတစ်လွှား ၊ ညီနောင်များတို့
အင်အားစွမ်းစ ၊ ရှိသမျှဖြင့်
မြန်မာ့လွတ်ရေး ၊ ရှေးရှုတွေးကာ
သွေးသက်ရင်းနှီး တိုက်ခဲ့ကြ...။
လွတ်လပ်ရေးတွက် ညီခဲ့ကြ...။

★ လွတ်လပ်ခဲ့ရာ၊ နှစ်ရှည်ကြာမို့
မြန်မာသူ့အောက် ၊ လွတ်ရေးပျောက်သည့်
ဆိုးမှောက်ကာလ ၊ မမေ့ကြဘဲ
ကမ္ဘာ့ရန်စွယ် ၊ အသွယ်သွယ်၏
နယ်ပယ်အစုံ ၊ နည်းလမ်းစုံဖြင့်
စုံပြုံထိုးနှက် ၊ အဘက်ဘက်မှ
ရက်စက်ယုတ်မာ ၊ အဖြာဖြာကို
သေချာစေ့ငု ၊ ကုန်စင်ရှုလျက်
ယခုကာလ ၊ ပစ္စက္ခဝယ်
ရှေးကနောင်ညီ ၊ တွဲလက်ညီသို့
ခိုင်ကျည်တွဲလက် တင်းစွာယှက်၍
သွေးသက်ခြယ်ရေး ၊ "လွတ်လပ်ရေး"ကို
ထွေးပိုက်ကာကွယ် ထိန်းကြအံ့...။
မျိုးဆက်ဝန်တာ ကျေကြအံ့.....။ ။

(၇၄-နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုကဗျာ)

ရန်ငြိမ်းအောင်(ပုဗ္ဗသီရိ)

## စည်းကမ်းရှိဖို့လို



လွတ်လပ်ရေးဆိုတဲ့ အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့ သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာ ဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ လွတ်လပ်ရေး ရတဲ့အခါမှာ ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့ လိုတယ်။ ငါတို့ တိုင်းပြည်ဟာ လွတ်လပ်ရေးရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့ လုပ်ရမယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခု၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၁)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ကိုဗစ်-၁၉ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အညီ ကျင်းပသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး(၁/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

### နှစ်စဉ်များပြားနေ

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေသစ်ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ထုတ်ပြန်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စီမံချက်များ ရေးဆွဲဆောင်ရွက်ခဲ့ရာ ဖမ်းဆီးရမိမှု ကိန်းဂဏန်းများ နှစ်စဉ်များပြားနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအထူး စစ်ဆင်ရေးများကို ယနေ့အချိန်ထိ ၃၄ ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် မြန်မာနိုင်ငံ၏ ဘိန်းစိုက်ပျိုးမှု နှစ်စဉ်ကျဆင်းလျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် ဟက်တာ ၃၃၁၀၀ နှင့် ၂၀၂၀ ပြည့်နှစ်တွင် ဟက်တာ ၂၉၅၀၀ အထိ ကျဆင်းခဲ့ပြီး ထုတ်လုပ်မှုအနေဖြင့် ၂၀၁၉ ခုနှစ်တွင် ၅၀၈ မက်ထရစ်တန်နှင့် ၂၀၂၀ ပြည့်နှစ်တွင် ၄၀၅ မက်ထရစ်တန်အထိ ကျဆင်းခဲ့ကြောင်း။

### အရှိန်အဟုန်မြှင့်ဆောင်ရွက်

တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ ရရှိခဲ့ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ဘိန်း ၂ ဒသမ ၂ တန်ကျော်၊ ဘိန်းဖြူ ၂ ဒသမ ၄ တန်ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃ ဒသမ ၃ သန်းကျော်၊ အိုက် ၁၃ ဒသမ ၅ တန်ကျော်၊ ကတ်တမင်း ၇၆၂ ကီလိုအပါအဝင် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၉၄၇ ဘီလီယံကျော် ဖမ်းဆီးရမိခဲ့ကြောင်း။

### ပိုမိုအရေးကြီး

မူးယစ်ဆေးဝါး ထုတ်လုပ်မှု လျှော့ချနိုင်ရန် ဓာတုပစ္စည်းများ ထိန်းချုပ်ရေးကဏ္ဍသည် အဓိကကျသည့်အတွက် တရားမဝင် ဓာတုပစ္စည်းများ နယ်စပ်ဒေသမှ ဝင်ရောက်လာမှုကို တားမြစ်ထိန်းချုပ်နိုင်ရေးသည် ပိုမိုအရေးကြီးလာကြောင်း။

လက်ရှိ ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ သက်ရောက်မှုများကြောင့် ပြောင်းလဲလာသည့် မူးယစ်ဆေးဝါးဈေးကွက်၊ သုံးစွဲမှုပုံစံ၊ ထုတ်လုပ်မှုနှင့် သယ်ဆောင်ရောင်းဝယ်မှုတို့အပေါ် စနစ်တကျ သုံးသပ်ပြီး သက်ဆိုင်သည့် ကဏ္ဍများအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

### ကိုယ်စီတာဝန်ရှိ

မူးယစ်ဆေးဝါး ပြဿနာသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူပြီး ကိုယ်စီတာဝန်ရှိသည်ဟူသော အသိဖြင့် ပူးပေါင်း ဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်က မူးယစ်ဆေးဝါး ထိန်းချုပ်ရေး ကြိုးပမ်းချက်အပေါ် သုံးသပ်တင်ပြပြီး တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ကြိုးပမ်း ဆောင်ရွက်ချက်များအပေါ် သုံးသပ်တင်ပြပြီး ရှေ့ဆက်လက် ဆောင်ရွက်မည့်အစီအမံများ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုအဖွဲ့ဥက္ကဋ္ဌက အစည်းအဝေးသို့ တက်ရောက်လာကြသူများ၏ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး လုပ်ငန်းဆောင်ရွက်ချက်များ နှင့် ပတ်သက်၍ လိုအပ်ချက်၊ အကြံပြုချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### ကိုယ်စားလှယ်များ တက်ရောက်

အစည်းအဝေးသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၊ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက် အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။ **သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ နမ့်စန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီနှင့် ကျောက်မဲမြို့၊ ပင်လောင်းမြို့၊ တီးတိန်မြို့၊ မင်းကင်းမြို့နှင့် မိုးကုတ်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကိုကိုးကျွန်းမြို့တွင် ၀ ဒသမ ၀၈ လက်မ ဖြစ်သည်။

မိုး/ဇလ

# အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ညှိနှိုင်းရေးအတွက် ကြိုတင်ပြင်ဆင်သည့်အစည်းအဝေးကျင်းပ

## အာဆီယံအနေဖြင့် ကနေဒါနိုင်ငံ၏ ဆဋ္ဌမအကြီးဆုံး ကုန်သွယ်ဖက်အဖြစ် ရပ်တည်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ညှိနှိုင်းဆွေးနွေးမှုများကို မကြာမီ စတင်တော့မည်ဖြစ်၍ အာဆီယံသာမက မိမိနိုင်ငံ၏ အကျိုးစီးပွားအတွက်ကိုပါ ရလဒ်ကောင်းများရရှိအောင် စနစ်တကျ ကြိုတင်ပြင်ဆင် ဆောင်ရွက်ကြရန်နှင့် ဘာသာရပ်အလိုက် ကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းသူများ ရွေးချယ် တာဝန်ပေးအပ်ရာတွင် နိုင်ငံတကာ သဘောတူညီချက်များ၊ မိမိနိုင်ငံ၏ ဥပဒေများကို ကျေညက်ပိုင်နိုင် ကျွမ်းကျင်သူများကိုသာ တာဝန်ပေးအပ်ရန် လိုအပ်ကြောင်း ယနေ့ကျင်းပပြုလုပ်သည့် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ညှိနှိုင်းရေး အတွက် ကြိုတင်ပြင်ဆင်သည့် အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ထည့်သွင်း ပြောကြားခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ်ညှိနှိုင်းရေးအတွက် ကြိုတင်ပြင်ဆင်သည့်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ဦးစားပေးညှိနှိုင်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ၂၀၂၂ ခုနှစ်အတွင်း စတင်မည့် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ်ကို ဆွေးနွေးညှိနှိုင်းရာတွင် မြန်မာနိုင်ငံက တက်တက်ကြွကြွ ပါဝင်ဆွေးနွေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ အနေဖြင့် ကြိုတင်ပြင်ဆင်နိုင်ရန် ယခု အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ကနေဒါနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်၍ ယခု ချုပ်ဆိုမည့် ကဏ္ဍစုံလွှမ်းခြုံသော လွတ်လပ်သောကုန်သွယ်မှုဒေသ သဘောတူစာချုပ်(အက်ဖ်တီအေ) သည် အာဆီယံနှင့်ချုပ်ဆိုသည့် အက်ဖ်တီအေ စာချုပ်များအနက် အရည်အသွေးမြင့် စာချုပ်တစ်ခု ဖြစ်ရန် မျှော်လင့်ထားကြောင်း၊ နိုင်ငံတကာ ဆွေးနွေးသည့် လုပ်ငန်းစဉ်ဖြစ်၍ စာချုပ်တွင် ညှိနှိုင်းဆွေးနွေးသူများကို တာဝန်ပေးအပ်ရာတွင် ဘာသာရပ်ကျွမ်းကျင်မှုအပြင် သင့်လျော်သည့် ရာထူးရှိသူများကို တာဝန်ပေးရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံ၏ ပို့ကုန်များ ဈေးကွက်ရရှိရေး၊ အရည်အသွေးမြင့်၍ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ရရှိရေးတို့ကို ဦးစားပေး ညှိနှိုင်းဆွေးနွေးရန် လိုအပ်သကဲ့သို့ မိမိနိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍတို့ မထိခိုက်စေရေးအတွက် လိုအပ်သလို ကာကွယ်နိုင်မည့် အစီအမံများကိုလည်း နိုင်ငံ၏ တည်ဆဲဥပဒေ၊ မိမိနိုင်ငံက သဘောတူလက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာ သဘောတူစာချုပ်များနှင့်အညီ ရပ်တည်ဆွေးနွေးရန် လိုအပ်ကြောင်း။

**အချိန်နှင့်တစ်ပြေးညီ တင်ပြ**

စေ့စပ်ညှိနှိုင်းမှုကို ၂၀၂၂ ခုနှစ် နှစ်ဆန်းတွင် စတင်ပြီး နှစ်နှစ်တာ ကာလအတွင်း အပြီးသတ်ညှိနှိုင်းရန် လျာထားသည့်အတွက် ဆွေးနွေးစဉ်ကာလ တစ်လျှောက်လုံး မူဝါဒခံယူရန် ကိစ္စရပ်များ၊ ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်ချက်များ၊ နည်းပညာအထောက်အပံ့ လိုအပ်ချက်များအတွက် အချိန်နှင့်တစ်ပြေးညီ တင်ပြရန် လိုအပ်ကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ဦးဆောင်ညှိနှိုင်းပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ မြန်မာနိုင်ငံ၏ အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိ၊ ရင်းနီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာဝါဝါမောင်က အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်အတွက် ညှိနှိုင်းထားရှိသည့် ကိုးကားစာတမ်းတွင် ပါဝင်သည့် နယ်ပယ်များကိုလည်းကောင်း၊ ယင်းစာတမ်းနှင့်စပ်လျဉ်း၍ နှစ်ဖက်သဘောတူညီမှုရရှိရန် ညှိနှိုင်းဆွေးနွေးခဲ့သည့် အခြေအနေများကိုလည်းကောင်း၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့် က အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် ညှိနှိုင်းမှုများ အတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းမည့် ကိစ္စများနှင့် ၂၀၂၂ ခုနှစ်အတွင်း စေ့စပ်ညှိနှိုင်းမှုဆောင်ရွက်မည့် လုပ်ငန်းများ၏ အစီအစဉ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံကိုယ်စား ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် အစည်းအဝေး တက်ရောက်လာသည့် ဘာသာရပ်ဆိုင်ရာဌာနများက မိမိတို့ဘာသာရပ်အလိုက် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်မှု သဘောတူစာချုပ် စေ့စပ်ညှိနှိုင်းမှုနှင့်စပ်လျဉ်း၍ ပြင်ဆင်ထားမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြပြီး ဆွေးနွေးညှိနှိုင်းမည့် အစီအစဉ်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော် တို့က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ကနေဒါနိုင်ငံသည် ၁၉၇၇ ခုနှစ်တွင် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံတစ်ခုအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှုဒေသ ထူထောင်နိုင်ရန်အတွက် လေ့လာမှုများကို ၂၀၁၆ ခုနှစ်မှစ၍ စတင်ညှိနှိုင်းဆွေးနွေးခဲ့ရာ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် (၁၀) ကြိမ်မြောက် အာဆီယံ-ကနေဒါ စီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံ-ကနေဒါ လွတ်လပ်သော ကုန်သွယ်ရေး စာချုပ် တရားဝင် ညှိနှိုင်းဆွေးနွေးမှု စတင်ရန် ကြေညာခဲ့သည်။ ကနေဒါသည် ကမ္ဘာ့စီးပွားရေး အင်အားကြီးနိုင်ငံများထဲတွင် အဋ္ဌမမြောက် အဆင့်ရှိပြီး အာဆီယံတွင် ဆဋ္ဌမအဆင့်တွင် ရှိသည်။

အာဆီယံအနေဖြင့် ကနေဒါနိုင်ငံ၏ ဆဋ္ဌမအကြီးဆုံးကုန်သွယ်ဖက်အဖြစ် ရပ်တည်လျက်ရှိပြီး ကနေဒါမှာ အာဆီယံ၏ (၁၅) နိုင်ငံမြောက် အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံ-ကနေဒါ ကုန်သွယ်မှု တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံအထိ ရှိခဲ့ကြောင်း သိရပြီး ကနေဒါနိုင်ငံမှ အာဆီယံနိုင်ငံများသို့ နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုသည် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅ ဘီလီယံရှိ၍ အာဆီယံ၏ ကနေဒါနိုင်ငံတွင် သွားရောက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ရှိကြောင်း လေ့လာသိရှိရသည်။

ကနေဒါနိုင်ငံသည် မြန်မာနိုင်ငံ၏ လက်ရှိကုန်သွယ်ဖက်နိုင်ငံများထဲတွင် အဆင့် (၂၆) တွင်ရှိပြီး နှစ်နိုင်ငံကုန်သွယ်မှုမှာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၃၀ ခန့်ရှိသည်။ ကနေဒါနိုင်ငံသည် မြန်မာနိုင်ငံ၌ လက်ရှိရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁၅၈ သန်းရှိပြီး မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံသည့် နိုင်ငံများအနက် အဆင့် (၁၆) တွင် ရှိသည်။

**ပိုမိုအကျိုးရှိ**

အာဆီယံနှင့် အရှေ့အာရှ စီးပွားရေး သုတေသနအဖွဲ့နှင့် ကနေဒါ ကမ္ဘာ့ရေးရာအဖွဲ့တို့၏ လေ့လာသုံးသပ်ချက်အရ လည်းကောင်း၊ နိုင်ငံတကာ စီးပွားရေးကျွမ်းကျင်သူများ၏ သုံးသပ်မှုများ အရလည်းကောင်း အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခြင်းဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ အနေဖြင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများတွင် ပိုမိုအကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှု တစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ အာဆီယံ-ကနေဒါ လွတ်လပ်သောကုန်သွယ်မှုသဘောတူ စာချုပ်တွင်ပါဝင်မည့် နယ်ပယ်များနှင့် သက်ဆိုင်သည့် ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

---

# နမ္မတူမြို့နယ်၌ မြို့မဈေးနှင့် ယာယီပျံကျဈေးအား ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ရောင်းချခွင့်ပြု

**နမ္မတူ ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု သိသိသာသာလျော့နည်းလာပြီဖြစ်ပြီး ဈေးရောင်းချသူများ အားလုံးနီးပါး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးပြီဖြစ်သည့်အတွက် နမ္မတူမြို့နယ် မြို့မဈေးနှင့် ယာယီပျံကျဈေးအား ဒီဇင်ဘာ ၂၁ ရက်မှစတင်ကာ ပုံမှန်အချိန်အတိုင်း ပြန်လည်ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနမှ သိရသည်။

ထိုသို့ ပုံမှန်အချိန်အတိုင်း ဖွင့်လှစ်ရောင်းချခွင့်ပြုဆောင်ရွက်ရာမှာလည်း ဒေသခံပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့် အညီ ဝယ်ယူရောင်းချရန်၊ လိုက်နာဆောင်ရွက်မှု မရှိပါက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေအရ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဈေးအတွင်းသို့မဝင်မီ လက်ဆေးစေခြင်း၊ ကိုယ်ပူချိန်တိုင်းတာပေးခြင်း၊ ပါးစပ်နှင့် နှာခေါင်းစည်းများ တပ်ဆင်စေခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာန ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

နမ္မတူမြို့နယ် မြို့မဈေးကြီးအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု လျော့နည်းစေရေးနှင့် ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇူလိုင် ၁၁ ရက်တွင် ယာယီပိတ်သိမ်းခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာ ၂၃ ရက်တွင် နံနက် ၆ နာရီမှ မွန်းလွဲ ၂ နာရီအထိ ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ကြောင်းနှင့် ယခု ဒီဇင်ဘာ ၂၁ ရက်မှစတင်ကာ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ပုံမှန်အချိန်အတိုင်း ပြန်လည်ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ခေတ္တအမှုဆောင် အရာရှိ ဒေါ်အေးမာဝင်းထံမှ သိရသည်။

**လူမော် (ပြန်/ဆက်)**

---

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့်ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

## ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေး ထုတ်လုပ်ရေး

ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် ဆွေးနွေးလျက်ရှိပြီး ဇန်နဝါရီလအတွင်း စတင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဆေးစတင် ထုတ်လုပ်ချိန်မှစ၍ တစ်လလျှင်ဆေးအလုံးရေ ၅ သန်း ထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၃-၁၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၈/၂၀၂၁)၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း "တူယှဉ်နွဲပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား တွေ့ဆုံနှုတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြု "တူယှဉ်နွဲပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ အုပ်စု (ဂ) တွင် ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် ကိုးဦးအား တွေ့ဆုံနှုတ်ဆက်သည်။

**ဂုဏ်သိက္ခာရှိစွာ ကြိုးစားယှဉ်ပြိုင်**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အထူးအစီအစဉ်တစ်ခု ဆောင်ရွက်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ "တူယှဉ်နွဲပျော် ဂီတပွဲတော်" တေးသီချင်းသီဆိုပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်သူများ၏ စိတ်မွန်းကြပ်မှုများကို ပြေပျောက်စေလိုသော ရည်ရွယ်ချက်ဖြင့် ကျင်းပဖျော်ဖြေပေးခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အဆင့် ပြိုင်ပွဲဖြစ်သည့်အတွက် ပြိုင်ပွဲတွင် မိမိတတ်ကျွမ်းသည့် အနုပညာဖြင့် ဖော်ထုတ်ယှဉ်ပြိုင်ကြရန်၊ ပြိုင်ပွဲ၏ အနှစ်သာရကို မပျောက်ပျက်စေဘဲ ပြိုင်ပွဲဝင်များအနေဖြင့် ဂုဏ်သိက္ခာရှိစွာ ကြိုးစားယှဉ်ပြိုင်ကြစေလိုပါကြောင်း မှာကြားသည်။

**အကြိုလေ့ကျင့်သီဆိုနေမှုကို ကြည့်ရှုအားပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (ဘီ) နှင့် စတူဒီယို (ဒီ) တို့၌ ဒီဇင်ဘာ ၂၄ ရက် (သောကြာနေ့) တွင် ပြဋ္ဌာန်းတေးသီချင်းများ သီဆိုယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များ၏ အကြိုလေ့ကျင့်သီဆိုနေမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (အေ) ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်သူလူထုကို မီဒီယာနည်းလမ်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး ပြန်ကြားပေးရန်၊ အသိပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ပြည်သူကို အလုပ်အကျွေးပြုလျက်ရှိသည့် နိုင်ငံတော်အတွက် အရေးပါသောဌာနတစ်ခု ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူအတွက် အမှန်တရားကို ဖော်ဆောင်နေခြင်းဖြစ်၍ နုပျိုသစ်လွင်သော ဌာနတစ်ခုအဖြစ် ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ လုပ်ချင်သည်ထက် လုပ်သင့်သည်ကို၊ ဖြစ်ချင်သည်ထက် ဖြစ်သင့်သည်ကို ဆောင်ရွက်လျက်ရှိရာ မိမိတို့ဝန်ထမ်းများအနေဖြင့် တာဝန်ကို ထမ်းဆောင်ရာတွင် လေးနက်သော အတွေးအခေါ်များဖြင့် ထမ်းဆောင်ကြစေလိုပါကြောင်း၊ မိမိဝန်ထမ်းများ၏ တာဝန်ကျေပွန်မှုများအပေါ် လေးစားအသိအမှတ်ပြုပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါနှင့် လုံခြုံရေးအထူးဂရုပြုကြရန်နှင့် လုပ်ငန်းများ အောင်မြင်ပြီး တိုးတက်သော ဌာနကြီးတစ်ခုဖြစ်လာရန် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း မှာကြားသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြု "တူယှဉ်နွဲပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ အုပ်စု (ဂ) တွင် ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် ကိုးဦးအား တွေ့ဆုံနှုတ်ဆက်စဉ်။

---

* *ရွှေ့ဖုံးမှ*

စိုက်ပျိုးရေများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ရေစတင် ပေးဝေသွားမည်ဖြစ်ကြောင်း" ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးတင်မောင်ဆွေက ပြောသည်။

အဆိုပါမြို့နယ်များတွင် နွေစပါးကို SMC YMC၊ OMC၊ RMC စသည့်တူးမြောင်းမှ စိုက်ဧက ၂၄၉၈၅၀၊ အခြားသီးနှံကို SMC နှင့် YMC တူးမြောင်းမှ စိုက်ဧက ၇၅၀၀၀ ဖြင့် စိုက်ပျိုးရန် လျာထားကြောင်း၊ လာမည့်နှစ် နွေသီးနှံစိုက်ပျိုးမည့် တောင်သူများအနေဖြင့် မိုးစပါးနှင့် မိုးသီးနှံ ရိတ်သိမ်းအပြီး နွေစပါးနှင့် အခြားသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ မြေဆီလွှာ အာဟာရဖြည့်တင်းရေးဆိုင်ရာ လုပ်ငန်းများနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ကြိုတင်စုဆောင်းနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **ခရိုင်(ပြန်/ဆက်)**

---

❂ *ရွှေ့ဖုံးမှ*

ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက် ပိုနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ငါးရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် တစ်ရက်မှ လေးရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် တစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် ပေဝက်မှတစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဂုဏ်ပြုဆောင်းပါး

# အတိတ်ဆီသို့ တစ်ခေါက်သွားရောက်ကြည့်စေချင်

*ဒေါက်တာ မောင်ကျော်-ပါမောက္ခချုပ် (ငြိမ်း)*

**မြင်ကွင်း (၁)**

"ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ကေရီဘုရင်မ မင်းမြတ်၏ အမိန့် အာဏာတော်အရ ကြော်ငြာလိုက်သည်မှာ အထက်သီပေါမင်း အုပ်စိုးတော်မူသော၊ မြန်မာနိုင်ငံတော်ကို ၎င်းဘုရင်က ထပ်မံဆက်လက်၍ စိုးစံအုပ်ချုပ်ရဦးမည်မဟုတ်။ ၎င်းနိုင်ငံနယ်မြေများသည် အသျှင်ဘုရင်မ မင်းမြတ်ဘုရား၏ နိုင်ငံနယ်မြေဖြစ်လေပြီး အသျှင်ဘုရင်မ မင်းမြတ်ဘုရား အလိုတော်မြတ် ရှိစဉ်ကာလအတွင်း ထိုနိုင်ငံကို ဣန္ဒိယ ဘုရင်ခံ မင်းမြတ်က အခွင့်သင့်လျော်သည့်အခါ မှူးမတ်အရာရှိ ခန့်ထား၍ ၎င်းမှူးမတ်အရာရှိတို့ကသာ အုပ်ချုပ်စီရင်လိမ့်မည်" ဟူ၍ အိန္ဒိယဘုရင်ခံ ဒတ်ဖရင်က လက်မှတ်ရေးထိုး ထုတ်ပြန်လိုက်တဲ့ ကြော်ငြာစာဟာ ၁၈၈၆ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှာ ရန်ကုန်မြို့၌လည်းကောင်း၊ ဇန်နဝါရီ ၄ ရက်နေ့မှာ မန္တလေးမြို့၌လည်းကောင်း နှစ်နေရာ ထုတ်ပြန်လိုက်ပြီးနောက် မြန်မာနိုင်ငံမှာ နယ်ချဲ့အင်ပါယာအတွင်း ကျရောက်၊ ကမ္ဘာပေါ်မှ မြန်မာ့မြေပုံပျောက်၊ ကျွန်သပေါက်ဘဝသို့ ရောက်ခဲ့ရပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၃၅ နှစ်ကျော်က နယ်ချဲ့ပဒေသရာဇ်တို့ရဲ့ကြော်ငြာစာကို ယခုကဲ့သို့ တိတိကျကျ မှတ်မှတ်ရရ ဖတ်ဖူး၊ မှတ်ဖူးသူ လွန်စွာမှ ရှားပါလိမ့်မယ်။

"သမိုင်းကို သတိမရကြလျှင်၊ ဒုတိယမွဲ တစ်ကျော့ပြန်တတ်သည်၊ သမိုင်းဆိုသည်မှာ သတိရနေမှ" ဆိုတဲ့ စကားအရ သီပေါမင်း၊ မင်းတုန်းမင်းတရားကြီး၊ ပုဂံမင်းနဲ့ စစ်ကိုင်းမင်းခေတ်များဆီသို့ ခရီးထွက်ခဲ့ပါတယ်။

**မြင်ကွင်း (၂)**

သိပ္ပံဝတ္ထုဆောင်းပါးထဲကလို စိတ်ကူးယဉ် အချိန်ချုံ့ယာဉ်နဲ့ ခရီးနှင်ခဲ့ရာ စစ်ကိုင်းမင်း လက်ထက် (၁၈၁၉-၃၇) ဆီသို့ရောက်ခဲ့ပါတယ်။ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် ရန္တပိုစာချုပ်အရ ရခိုင်နဲ့ တနင်္သာရီနယ်မြေများကို မြန်မာတို့ လက်လွှတ်ခဲ့ရပါတယ်။ ၁၈၂၄-၂၆ ခုနှစ်များမှာ မြန်မာနိုင်ငံ အောက်ပိုင်းကစပြီး တစ်စတစ်စနဲ့ အင်္ဂလိပ်လက်အောက်ရောက်မယ်လို့ ဘယ်သူတွေ တွက်ဆသိနိုင်ခဲ့မလဲ။ မြော်မြင်တွေးကြည့်နိုင်တဲ့သူတွေ ရှိကောင်းရှိနိုင်ပါတယ်။ လွန်ခဲ့တဲ့နှစ် နှစ်ရာနီးပါးက အခြေအနေမှာ လွန်စွာမှရှားပါလိမ့်မယ်။ ပဒုံမင်း (၁၇၈၂-၁၈၁၉)၊ စစ်ကိုင်းမင်း မင်းမှုထမ်းများနဲ့ ရှေးခေတ်ပြည်သူတို့ဟာ စီးပွားရေး၊ နိုင်ငံရေးအသိ သတိလစ်ခဲ့ပါလိမ့်မယ်။



ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲမှာ အကျအဆုံးများခဲ့ကြပါတယ်။ အင်္ဂလိပ်ဘက်က ဗိုလ်ချုပ်ကင်းဘဲလ်၊ မြန်မာဘက်က မဟာမင်းလှကျော်ထင်တို့ စစ်ပြေငြိမ်းစာချုပ် "a commercial treaty"ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ မြန်မာဘုရင်ဘက်က ပေါင်စတာလင် ၁ သန်း လျော်ကြေး ပေးလိုက်ရပါတယ်။ မြန်မာသုံးငွေ ဆယ်သန်းနဲ့ ညီမျှပါတယ်။ ၁၈၂၆ ခုနှစ်မှာ မြန်မာတစ်ယောက် စားဝတ်နေရေးအတွက် တစ်လတစ်ဒင်္ဂါးဆို လုံလောက်တယ်လို့ ဆိုပါတယ်။ စီးပွားရေးပညာရှင်များက ခရစ်နှစ် ၁၈၀၀ မှာ မြန်မာ့လူဦးရေဟာ လေးသန်းခန့်ရှိခဲ့မယ်လို့ ခန့်မှန်းပါတယ်။

ရန္တပိုစာချုပ်ပါ နှစ်နိုင်ငံသံကိုယ်စားလှယ် အပြန်အလှန်ထားရန် သဘောတူချက်အရ ၁၈၃၀ ပြည့်နှစ်မှာ "မေဂျာဟင်နရီဘာနေ"ဟာ ရတနာပူရ အဝရွှေပြည်သို့ရောက်ရှိ ရုံးစိုက်ကာ အစစအရာရာ ဆက်ဆံပြောဆို၊ စူးစမ်းထောက်လှမ်းခွင့်ရရှိပါလိမ့်မယ်။ မြန်မာတို့ဘက်မှ ဝန်ထောက်မင်းကြီး မဟာစည်သူ ခေါင်းဆောင်သောသံအဖွဲ့ဟာ ဘင်္ဂလားသို့ရောက်သော်လည်း ရုံးစိုက်နေထိုင်ခြင်း မပြုဘဲ ၁၈၃၃ ခုနှစ်မှာ နေပြည်တော်သို့ ပြန်လာခဲ့ပါတယ်။ ခရီးသွားမှတ်တမ်းမှာ အင်္ဂလိပ်ကိုအံ့သြခြင်း၊ အထင်ကြီးခြင်းမပါ ဥပေက္ခာပြုတဲ့သဘောဆောင်ပါတယ်။ ယူဆချက်တစ်ခု တင်ပြရရင် အင်္ဂလိပ်အကြောင်း စောစောသိလေကောင်းလေ ဖြစ်ပါတယ်။

၁၈၃၅ ခုနှစ် အောက်တိုဘာလမှာ မော်လမြိုင် ရုံးစိုက် တနင်္သာရီကော်မရှင်နာ ဗလံဒယ်ဟာ အိန္ဒိယ ဘုရင်ခံချုပ်ထံသွားရာ အခွန်ဝန် မောင်ရွှေထွန်းနဲ့အဖွဲ့ကို ကာလကတ္တားခေါ်သွားခဲ့ပါတယ်။ အင်္ဂလိပ်တို့ ဘုန်းမီးနေလထွန်းပပုံ၊ လက်နက်အင်အားကြီးပုံ၊ ရန်သူချေမှုန်းနိုင်ပုံတို့ကို မြင်စေလိုတဲ့သဘော၊ ဝါဒဖြန့်တဲ့သဘော၊ မြန်မာတို့ လက်နက်စက်ရုံတည်ဆောက်မယ်ဆိုရင် စီးပွားရေးလုပ်မယ့်သဘောလို့ မြင်နိုင်ပါတယ်။ ကနောင်မင်းသားကြီးသာဆိုရင် စက်မှုနိုင်ငံထူထောင်နိုင်ခဲ့ပေလိမ့်မယ်ဟု ယူဆပါတယ်။ မောင်ရွှေထွန်းတို့ တစ်သိုက် လျှပ်စစ်ဓာတ်လိုက်ပုံကို လူများနဲ့ စမ်းသပ်ပြရာ အန္တရာယ်ကြီးကြီးမားမား မဖြစ်ခဲ့တာကံကောင်း၊ ဓာတ်လိုက်စေတဲ့ စက်ကို ကြောက်မက်ဖွယ်ရာ မိုးကြိုးစက်လို့ မှတ်တမ်းရေးတာ တွေ့ရပါတယ်။ လျှပ်စစ်ဓာတ်ကို ကြောက်လွန်းပုံရပါတယ်။ မောင်ရွှေထွန်းတို့ဟာ အင်္ဂလိပ်မြင်သမျှ သခင်ဟုခေါ်နေကြပြီ၊ ကော်မရှင်နာ ဗလံဒယ်ကို ဝန်ကြီးမင်းသခင်ဟု ခေါ်ဝေါ်တာကို ခရီးသွားမှတ်တမ်းမှာ တွေ့ရပါတယ်။ အင်္ဂလိပ်အလိုတော်ရိတွေကသာ ခေါ်ဝေါ်ပြောဆို ရေးသားတာလည်း ဖြစ်နိုင်ပါတယ်။

၁၈၁၂-၁၈၂၄ ခုနှစ်အတွင်းမှာ ဥရောပမှာ ရေနွေးငွေ့အင်ဂျင်စက်တွေကို တည်ဆောက်နိုင်ခဲ့ပြီ၊ လေနဲ့ နေရောင်ခြည်အကြောင်း၊ ယမ်းများအကြောင်း ကောင်းကောင်းနားလည်နေပြီဖြစ်ပါတယ်။ ပထမစစ်ပွဲမှာပင် ရေတပ်အင်အားတစ်သောင်းကျော် ပါဝင်တိုက်ခိုက်ခဲ့ရာမှာ ရေနွေးငွေ့မောင်း စစ်သင်္ဘောတစ်စီး ပါဝင်ခဲ့တာတွေ့ရပါတယ်။ ဗြိတိသျှတို့ စစ်နိုင်သော်လည်း စီးပွားရေးဆုံးရှုံးမှု ကြီးမားခဲ့ပါတယ်။ ဒါသည်ပင် ဒုတိယ အင်္ဂလိပ် - မြန်မာစစ်ဖြစ်ဖို့ အကြောင်းခြင်းရာတစ်ခု ဖြစ်ခဲ့ပါလိမ့်မယ်။

**မြင်ကွင်း (၃)**

၁၇၉၅ ခုနှစ်မှာ ကပ္ပတိန် မိုက်ကယ်ဆိုင်းမ်ဟာ အင်းဝနေပြည်တော်ရောက်တော့ မြန်မာ့နည်း မြန်မာ့ဟန်နဲ့ အင်ပါယာတိုင်းပြည် တည်ထောင်ထားပုံ၊ အံ့သြခဲ့ရပုံကို ၁၈၀၀ ပြည့်နှစ်ထုတ် အင်းဝခရီးစဉ်စာအုပ်မှာ ရေးသားခံရတော့ နှစ်ခြိုက်ကျေနပ်ပီတိဖြစ်တဲ့အဆင့်မှာ ရပ်ခဲ့ပုံပဲ။ ဥရောပမှာ ၁၈၁၂ ခုနှစ်က ကုန်တင်ယာဉ်ကိုဆွဲဖို့ ရေနွေးငွေ့အင်ဂျင်စက်ကို တည်ဆောက်နိုင်ခဲ့ခြင်း၊ သံနဲ့ သတ္တု ထုတ်လုပ်နိုင်ခြင်းဟာ စက်မှုထွန်းကားဖို့ တာထွက်ခဲ့တာဖြစ်ပါတယ်။ သစ်တောသစ်ပင်တွေကသစ်နဲ့ သင်္ဘောကြီးငယ် တည်ဆောက်ပြီး ပင်လယ်ခရီးကို သွားရောက်ခဲ့ရာ ကိုလိုနီနယ်ချဲ့တို့ဟာ အိန္ဒိယနိုင်ငံအတွင်း နှစ်ပေါင်း နှစ်ရာကျော်ကပင် ဝင်ရောက်နေခဲ့ပြီဖြစ်ပါတယ်။ အတွေ့အကြုံများစွာ ရပြီဖြစ်တဲ့ နယ်ချဲ့ဟာ ရခိုင်နဲ့ပဲခူးက သဘာဝအရင်းအမြစ် သယံဇာတမျိုးစုံနဲ့ သစ်တောကြီးတွေဟာ မျက်စိကျစရာ ဖြစ်ခဲ့လိမ့်မယ်။

သက်ဦးဆံပိုင် မြန်မာအုပ်ချုပ်မှုစနစ်မှာ တစ်နိုင်ငံလုံးကို ဘုရင်တစ်ပါးရဲ့ အုပ်ချုပ်မှုပဲ။ မှူးကြီးမတ်ရာများဟာ ကြေးတော်မျိုး ကျွန်တော်မျိုးပဲ။ အင်္ဂလိပ် - မြန်မာ ပထမစစ် မဖြစ်ခင်ကတည်းက ကိုလိုနီနယ်ချဲ့ဟာ မြန်မာဘုရင် ဧကရာဇ်စနစ်ရဲ့ အားနည်းချက်ကို တွေ့မြင်လေတော့ နယ်ချဲ့ဖို့ လွယ်ကူနိုင်တယ်လို့ တွက်ဆခဲ့ပါတယ်။ မြန်မာတို့ လူမှုဘဝဟာ အောက်ကျလှတဲ့အတွက် မြန်မာတို့ကို အုပ်ချုပ်ရန် ထိုက်တန်တယ်လို့လည်း အကြောင်းပြ၊ နားထင်သွေးရောက်၊ စစ်ခင်းခဲ့တာ ဖြစ်ပါတယ်။

**မြင်ကွင်း (၄)**

အင်္ဂလိပ် - မြန်မာ ပထမစစ်ပွဲအပြီး ဆယ်နှစ်ကြာတဲ့အခါ ရခိုင်ပြည်ကို ပဲခူး၊ တနင်္သာရီတို့နဲ့ ပေါင်းပြီး ဗြိတိသျှမြန်မာပြည်အဖြစ် ပြောင်းလဲကာ မဟာဝန်ရှင်တော်မင်းကြီးရဲ့ အုပ်ချုပ်မှုအောက် ထားလိုက်ပါတယ်။ ၁၈၃၇-၅၂ ခုနှစ် ပုဂံမင်း လက်ထက် မြန်မာဘုရင်ရဲ့ မင်းမှုထမ်းတို့ဟာ ရန္တပိုစာချုပ်ပါ ကူးသန်းရောင်းဝယ်မှုဆိုင်ရာ အချက်တို့ကို ဖောက်ဖျက်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ စစ်ခင်းတာ ဖြစ်ပါတယ်။ မြန်မာတို့ဖောက်ဖျက်တယ်ဆိုတာ ယိုးမယ်ဖွဲ့ သာမန်အကြောင်းပြချက်မျှသာ ဖြစ်ပါတယ်။ နယ်ချဲ့လိုခြင်း၊ ဗြိတိသျှအိန္ဒိယ လူမှုစီးပွားဆုံးရှုံးမှုကို ရလိုခြင်းက အဓိကပါပဲ။ အောက်မြန်မာနိုင်ငံ နယ်စပ်ကုန်သွယ်မှုဆိပ်ကမ်းအများအပြားဟာ ဗြိတိသျှအင်္ဂလိပ်လက်အောက်ရောက်သွားခဲ့ရပါတယ်။ မြန်မာ့မြေပေါ်မှာ ကိုယ့်ထီး၊ ကိုယ့်နန်းကိုယ့်ကြငှာန်း၊ ကိုယ့်ဘုရင် ကိုယ့်သခင်နဲ့ နေလာခဲ့တဲ့ လွတ်လပ်မှုဂုဏ်အရှိန်အဝါဟာ တဖြည်းဖြည်း မှေးမှိန်ခဲ့ရပါတော့တယ်။ ၁၈၄၀ ပြည့်နှစ်များမှာ တရုတ်နဲ့ အိန္ဒိယနိုင်ငံကြီး နှစ်နိုင်ငံဟာ ကမ္ဘာ့ကုန်သွယ်မှုရဲ့ ၄၀ ရာခိုင်နှုန်းကို လွှမ်းခြုံခဲ့ပါတယ်။ သဘာဝတွင်းထွက် ပစ္စည်းများဖြစ်တဲ့ ရွှေ၊ ငွေ ကျောက်မျက်ရတနာများနဲ့ လက်လုပ်ပိုးထည်တွေ ထုတ်လုပ်ရောင်းချခြင်းနဲ့ စီးပွားဖြစ်ခဲ့ပါတယ်။

**မြင်ကွင်း (၅)**

၁၆ ရာစုမှ ၁၉ ရာစု များအတွင်း ကမ္ဘာ့နိုင်ငံတွေဟာ အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်နဲ့ ကိုယ့်မြေ ကိုယ့်ရေနဲ့ ကိုယ့်နန်းတွင်းရေးတွေကို ဖြေရှင်း၊ ထိန်းချုပ်ကာကွယ်တားဆီးလေ့ရှိရာ မြန်မာတို့ဟာ ဒီနည်းပညာ ဒီဗျူဟာနဲ့လုံလောက်ပြီလို့ယူဆခဲ့ကာ ရှေ့ဆက်မလှမ်းဘဲ ကျေနပ်ခဲ့ပုံရပါတယ်။ ပဒုံမင်း၊ စစ်ကိုင်းမင်းတို့ လက်ထက်မှာ အရှေ့အိန္ဒိယကုမ္ပဏီကိုယ်စားလှယ် မိုက်ကယ်ဆိုင်းမ်ဟာ စက်မီးဒုံးများကို ဘာသာရေး၊ ကုသိုလ်ရေးနဲ့မင်းပွဲသဘင်များမှာ ယှဉ်ပြိုင်ပစ်လွှတ်ကြောင်း၊ စက်မီးဒုံးများကို ပြုလုပ်ရာမှာ သစ်တုံးကြီးများကိုထွင်းကာ ယမ်းများထည့်၊

*စာမျက်နှာ ၇ သို့*

**"အင်္ဂလိပ် - မြန်မာ ပထမစစ်ပွဲအပြီး ဆယ်နှစ်ကြာတဲ့အခါ ရခိုင်ပြည်ကို ပဲခူး၊ တနင်္သာရီတို့နဲ့ပေါင်းပြီး ဗြိတိသျှမြန်မာပြည်အဖြစ် ပြောင်းလဲကာ မဟာဝန်ရှင်တော်မင်းကြီးရဲ့ အုပ်ချုပ်မှုအောက် ထားလိုက်ပါတယ်။ ၁၈၃၇-၅၂ ခုနှစ် ပုဂံမင်းလက်ထက် မြန်မာဘုရင်ရဲ့ မင်းမှုထမ်းတို့ဟာ ရန္တပိုစာချုပ်ပါ ကူးသန်းရောင်းဝယ်မှုဆိုင်ရာအချက်တို့ကို ဖောက်ဖျက်တယ်ဆိုတဲ့အကြောင်းပြချက်နဲ့ စစ်ခင်းတာဖြစ်ပါတယ်။ မြန်မာတို့ ဖောက်ဖျက်တယ်ဆိုတာ ရိုးမယ်ဖွဲ့ သာမန်အကြောင်းပြချက်မျှသာ ဖြစ်ပါတယ်"**

**ဆောင်းပါးရှင်၏ ကိုယ်ရေးအကျဉ်း**



| | | |
|---|---|---|
| အမည် | – | ဒေါက်တာမောင်ကျော် ပါမောက္ခချုပ်(ငြိမ်း) |
| မွေးသက္ကရာဇ် | – | ၉-၃-၁၉၄၃ |
| ပညာအရည်အချင်း | – | B.Sc(Hons)၊ M.Sc၊ Ph.D (UK) |

(ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံ ပညာရှင်အဖွဲ့တွင် အလုပ်အမှုဆောင် အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။)

*စာမျက်နှာ ၆ မှ*

ယခုခေတ် ရော့ကက် ဒုံးပျံများကဲ့သို့ အောက်ခြေရှိ မီးစကိုရှို့၊ မီးပဒေသာ မီးရှူးမီးပန်းအဖြစ် ကောင်းကင်သို့ ပစ်လွှတ်ခြင်းဖြစ်ကြောင်း ရေးသားခဲ့ပါတယ်။ စစ်လက်နက်ကိုင်စွဲပြီး ကျူးကျော်လာတဲ့ နယ်ချဲ့ကိုစားရေးလုံရေး လက်ရုံးရည်ရေးနဲ့ ကြာရှည် ကာကွယ်နိုင်ရန် လွယ်ကူလှမည်မဟုတ်ရာ စက်မီးဒုံးများကို စစ်လက်နက်သေနတ်များအဖြစ် တီထွင်ပြောင်းလိုက်သင့်တယ်၊ သံခင်းတမန်ခင်းတွေနဲ့ ကူးသန်းရောင်းဝယ်ရေးစာချုပ်တွေ ဥပဒေကြောင်းအရ မြန်မာမင်းတို့ဟာ နှလုံးရည်နဲ့ ကာကွယ်စောင့်ရှောက်ဖို့သင့်တယ်လို့ သုံးသပ်ကြည့်မိပါတယ်။ အတိတ်ကို အပြစ်မတင်ပါဘူး။ သမိုင်းသင်ခန်းစာတွေရှုလော့၊ မတွေ့မဝေ စဉ်းစားသုံးသပ်ဖို့၊ ဘယ်အရာတွေ အားသာပြီး ဘယ်အရာကိစ္စတွေမှာ အားနည်းနေလည်းဆိုတာသင်ယူဖို့ တညီတညွတ်တည်း တကယ်အလုပ်လုပ်ဖို့ပဲ ဖြစ်ပါတယ်။

**မြင်ကွင်း (၆)**

မြန်မာနိုင်ငံအောက်ပိုင်း အင်္ဂလိပ်လက်အောက်ရောက်သွားခြင်းဟာ ကြီးမားတဲ့ဆုံးရှုံးမှုဖြစ်ခဲ့ပါတယ်။ မင်းတုန်းမင်းသားဟာ နန်းတွင်းအရေးကြောင့်ပဲဖြစ်ဖြစ်၊ အောက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်ရောက်ရတာ၊ နောင်တော်ပုဂံမင်းကြောင့်လို့ အကြောင်းပြ၊ နောင်တော်ကို နန်းချကာ၊ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး၊ စစ်မက်ရေးနဲ့ တရားရေးတို့အတွက် လွှတ်ရုံးငါးရပ်ဖြင့် ဖွဲ့စည်းကာ၊ သိက္ခာ သမာဓိပညာနှင့် ပြည့်စုံသူ ဝန်ကြီးရှစ်ပါး၊ အသည်ဝန် အသီးသီးတို့ရဲ့ ဓမ္မဝတ်၊ ရာဇဝတ်၊ လောကဝတ် အကြောင်းသုံးပါးဆိုင်ရာ ကျွမ်းကျင်သိနားလည်မှုတို့ကို ရယူကာ၊ နိုင်ငံတော် စည်ပင်သာယာ ဝပြောအောင် နန်းသက် ၂၆ နှစ်အတွင်းမှာ မင်းတုန်းမင်းကြီးက ဦးဆောင်ခဲ့ပါတယ်။ ဘုရင့် အတိုင်ပင်ခံမှူးကြီးမတ်ရာများဟာ ဘုရင်ကိုယ်တော်တိုင် ကြည်ဖြူမြောက်စားထားတဲ့ ဘက်တော်သားများဖြစ်ရကား ဝန်ကြီး၊ ဝန်ထောက်၊ အတွင်းဝန်၊ မြင်းစုကြီးဝန်၊ အသည်ဝန်တို့ရဲ့ ပင်ကိုအရည်အသွေး ထက်မြက်ထူးချွန်ခြင်း၊ တော်တည့်ဖြောင့်မတ် အစွမ်းသတ္တိရှိခြင်းတို့ဟာ ဘုရင်မင်းမြတ်ရဲ့ ဘုန်းတန်ခိုး အရှိန်အဝါကို ပိုမိုကြီးထွားစေလျက် တရားစောင့်တဲ့ မင်းကောင်းမင်းမြတ်ဆိုတဲ့ ဝိသေသကို ရရှိဖို့ အထောက်အကူပြုခဲ့ပါတယ်။ မင်းတုန်းမင်းဟာ ဒီဝိသေသထူးတွေ ရရှိခဲ့ကာ သာသနာအကျိုး သယ်ပိုးခဲ့ပါတယ်။ ဗြိတိသျှကိုလိုနီတို့ ထင်မြင်သလို သက်ဦးဆံပိုင် ဘုရင်တစ်ပါးကပဲ စီမံအုပ်ချုပ်တာမဟုတ်တဲ့ အထက်မြန်မာနိုင်ငံ ရတနာပုံနေပြည်တော်ကို စစ်မက်ပြုဖို့မလွယ်ဘဲ ဖြစ်ခဲ့ရပါတယ်။

မင်းတုန်းမင်းကြီးရဲ့ လက်နက်နိုင်ငံဟာ ရှေးဘုရင်မင်းအဆက်ဆက်တို့ထက် ကျဉ်းမြောင်းလာခဲ့ပါတယ်။ ကုန်သွယ်မှုဆိပ်ကမ်းများကို ပြည်တွင်းပြည်ပ ချဉ်းကပ်ဖို့ လွန်စွာခက်ခဲခဲ့ရပါတယ်။ စပါးစိုက်လယ်မြေတွေဟာ အင်္ဂလိပ်လက်အောက်၊ အဖိုးတန်ကျွန်းသစ်တောကြီးတွေဟာလည်း သူတို့လက်အောက်ဆိုတော့ အခွန်အကောက်လွန်စွာကျဆင်းသွားခဲ့ပါတယ်။ မြန်မာ့ဆန်ကိုလည်း နိုင်ငံတကာ တင်ပို့နိုင်တဲ့ အခွင့်အလမ်းကြီး အင်္ဂလိပ်လက်ထဲပေးလိုက်ရတဲ့ သမိုင်းရဲ့အဖြစ်သနစ်ပါပဲ။ ဗြိတိသျှတို့ လက်ခမောင်းခတ်မယ်ဆိုရင်လည်း ခတ်စရာ၊ မြန်မာတို့နာကြည်း ခံပြင်းမယ်ဆိုရင်လည်း မကျေချမ်းနိုင်စရာပဲလို့ ပြောချင်ပါတယ်။ မြန်မာ့ပင်လယ်ဝဆိပ်ကမ်း ဘင်္ဂလားပင်လယ်ကို ဆိုက်ရောက်ကြတဲ့ အခြားသောကိုလိုနီနိုင်ငံတွေနဲ့လည်း စီးပွားရေးလုပ်လို့ အလွန်ကောင်းခဲ့ပါတယ်။ နန်းစံသက် ၂၆ နှစ်အတွင်းမှာ နှစ်ပြည့်တစ်ပြည် သံတမန်များရှိတဲ့တိုင် သစ်တောသယံဇာတ၊ ရေကြောင်းသွားလာရေးကိစ္စ၊ အခြားနိုင်ငံနဲ့ ဆက်သွယ်ရေးကိစ္စအဝဝတို့မှာ အငြင်းပွားမှုတွေ ရှိခဲ့ပါတယ်။ ကိုယ့်နိုင်ငံကာကွယ်ဖို့ စစ်ရေးပြင်ဆင်မှု မြစ်ကြောတစ်လျှောက် ခံတပ်တွေတည်ဆောက်ခဲ့ပါတယ်။ မင်းတုန်းမင်းတရားကြီးနဲ့ ဝန်ကြီးမှူးကြီးမတ်ကြီးတို့ရဲ့ အမြော်အမြင် ကြံ့စည်စိတ်ကူးမှုတွေကြောင့် နယ်ချဲ့ဟာ ရှေ့မတိုးသာဘဲ ဖြစ်ခဲ့ရပါတယ်။ စစ်ရေးထက် ငြိမ်းချမ်းစွာဆက်ဆံရေးကိုရွေးရှုခဲ့ရပါတယ်။ မဟာမိတ်စာချုပ်များ ချုပ်ဆိုဖို့ရွေးရှုခဲ့ပါတယ်။ စစ်မက်ကင်းဖို့ ကနောင်မင်းသားကြီးရဲ့ ရေမြုပ်ဗုံးတွေ အားပေးအားမြှောက်မပြု၊ ဥပေက္ခာပြုတဲ့သဘောရှိခဲ့ပါတယ်။

မင်းတုန်းမင်းတရားကြီး နန်းတက်တဲ့ ၁၈၅၃ ခုနှစ်မှာပဲ ဂျပန်ကျွန်းတွေဆီသို့ ရေတပ်ဗိုလ်ချုပ် ကိုမိုဒို မက်သရူးပယ်ရီ (Commodore Mathew Perry) ဟာ အနက်ရောင်သင်္ဘောကြီးနဲ့ ရောက်ခဲ့ပါတယ်။ ရှေးယခင်က ဂျပန်နိုင်ငံဟာ ကမ္ဘာနဲ့ ကင်းကွာခဲ့တဲ့ ကျွန်းနိုင်ငံတစ်ခုအဖြစ် ရပ်တည်ခဲ့ပါတယ်။ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ကူးလူးဆက်ဆံမှုကို ထိန်းချုပ်ခဲ့ပါတယ်။ သဘာဝကပေးတဲ့ လက်ဆောင်နဲ့ပဲ ကျေနပ်ရောင့်ရဲတဲ့လူမျိုးဖြစ်ပါတယ်။ ရှေးက ဂျပန်တို့ရဲ့ပညာရေးဟာ ဆွဲဆောင်မှုရှိပုံမပေါ်၊ ပညာထဲက နည်းပညာတွေ ဖော်ထုတ်သုံးစွဲဖို့ဆန္ဒ ပြင်းပြင်းပြပြရှိခဲ့ဟန်မတူလို့ ပြောရမှာဖြစ်ပါတယ်။ ကိုမိုဒို မက်သရူးပယ်ရီဟာ ဂျပန်ကျွန်းကို ရောက်လာတော့ ဂျပန်တို့ရဲ့ ယခင်က အတွေးအခေါ်၊ ခံယူချက်တွေ ပြောင်းလဲသွားပါတယ်။ ဂျပန်လူမျိုးတို့ဟာ ရှုမြင်ပုံမှာ မြင့်မားလာပါတယ်။ ပိုစဉ်းစားလာကြပါတယ်။ နည်းပညာရမှဖြစ်တော့မယ်ဆိုတာ ဂျပန်တို့ ကောင်းစွာသိသွားကြပါတယ်။ ၁၈၅၃ ခုနှစ် မတ်လ ၃၁ ရက်နေ့မှာ ဂျပန်နဲ့အမေရိကန်တို့ဟာ သဘောတူကုန်သွယ်မှု ဆက်ဆံဆောင်ရွက်ရေး စာချုပ်ကိုသမိုင်းဝင်လက်မှတ်ရေးထိုးလိုက်ပါတယ်။

**မြင်ကွင်း (၇)**

၁၈၇၁ ခုနှစ် အလယ်ပိုင်းမှာ ခေတ်ပြိုင် အပြောင်းအလဲကြီးမှာ ဝင်ဆံ့နိုင်ဖို့၊ အမြော်အမြင် ကြီးမားတဲ့ ကနောင်မင်းသားကြီးဟာ နိုင်ငံခြားတိုင်းပြည်များသို့ ပညာသင်စေလွှတ်ခြင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် လက်နက်စက်ရုံနဲ့ ရေကြောင်းသွားလာရေး သင်္ဘောတည်ဆောက်ရေး စက်ရုံ၊ လူသုံးကုန်ပစ္စည်းစက်ရုံတို့ကို တည်ထောင်ခဲ့ပါတယ်။ အမြော်အမြင်ကြီးမား အားထားရတဲ့ လက်ရုံးရည် နှလုံးရည်နဲ့ပြည့်စုံတဲ့ ကနောင်မင်းသားဟာ ကံဆိုးရှာပါတယ်။ နန်းတွင်းအရေးတော်ပုံကြောင့် လမ်းခုလတ်မှာ နည်းပညာအမြော်အမြင်နဲ့ အတူ အသက်ပေးလိုက်ရတဲ့ သင်ခန်းစာတွေကို မြန်မာတို့ ယူရမှာဖြစ်ပါတယ်။ ဗြိတိသျှအိန္ဒိယအနေနဲ့ အထက်မြန်မာနိုင်ငံက သဘာဝတွင်းထွက်ပစ္စည်းများဖြစ်တဲ့ ရွှေ၊ ငွေ ကျောက်မျက်ရတနာများနဲ့ သယံဇာတလည်း ကြွယ်ဝဆိုတော့ မျက်စိကျစရာဖြစ်ခဲ့လိမ့်မယ်။ မြန်မာနိုင်ငံအလယ်ကြောကိုဖောက်၊ ဧရာဝတီကို ဆန်တက်ကာ တရုတ်ပြည်နဲ့ ကူးသန်းရောင်းဝယ်ဖို့ကိစ္စက အဓိကပါပဲ။ ရေမြေသယံဇာတ သစ်တောသယံဇာတတွေကို အကြောင်းပြုပြီး ဝင်ရောက်လာတဲ့ ဝိသမလောဘသမားတို့ရဲ့ ခြေလှမ်းအလွန်ကျယ်ခဲ့တဲ့ကာလနဲ့ မြန်မာဘုရင်တို့ဟာ ကြုံခဲ့ကြရပါတယ်။ ပရိယာယ်ဝေဝုစ်တွေနဲ့ ကြမ်းတမ်းခက်ထန်လာပါတော့တယ်။

**မြင်ကွင်း (၈)**

သီပေါမင်းလက်ထက် ဗြိတိသျှနဲ့မြန်မာဘုရင်တို့ရဲ့ နယ်စပ်ဖြတ်ကျော်မှုနဲ့ သစ်တောသယံဇာတ ကုန်သွယ်မှုတွေမှာ အငြင်းပွားမှုတွေ အထွတ်အထိပ်ကိုရောက်ခဲ့ကာ ၁၈၈၅ ခုနှစ် အောက်တိုဘာ ၂၂ ရက်စွဲနဲ့ ဗြိတိသျှတို့က မြန်မာဘုရင်အစိုးရထံ အချက် ငါးချက်ပါ ခုနစ်ရက်အတွင်း ပြန်ကြားရမည်ဆိုတဲ့ ရာဇသံပေးပို့ခဲ့ရာ မြန်မာတို့ဘက်က တစ်ပတ်နောက်ကျပြီး နိုဝင်ဘာ ၆ ရက်မှာ ပြန်ကြားခဲ့ပါတယ်။ နှစ်ဦးနှစ်ဖက် စစ်ခင်းဖို့ စိုင်းပြင်းခဲ့ပါတော့တယ်။

နိုဝင်ဘာ ၇ ရက်မှာပင် ဂျင်နရယ် ပရင်ဒါဂတ်နဲ့တပ်ဖွဲ့ဟာ ရန်ကုန်သို့ ဆိုက်ရောက်နေပြီ။ မြန်မာတို့ဘက်ကလည်း နိုဝင်ဘာ ၇ ရက်တွင် နိုင်ငံတော်ကာကွယ်ရေးအတွက် လက်နက်လူသူ စည်းရုံး ဆင့်ဆိုတဲ့ အမိန့်တော်တစ်ရပ်ထုတ်ပြန်ကာ နိုင်ဝင်ဘာ ၁၁ ရက်မှာ အောက်မြစ်စဉ်ကြောင်း၊ တောင်တွင်းကြီးကြောင်းနဲ့ တောင်ငူကြောင်းများဖြင့် ချီတက်ခဲ့ပါတယ်။

၁၈၈၅ ခုနှစ် လှေသင်းအတွင်းဝန်ရဲ့ စစ်အတွက် ပြင်ဆင်မှုတွေကို ကြည့်ရင်

- တလုပ်မြို့ သပြေပင်ရွာအခြေပြု ရဲမက် အမှုထမ်း ၆၀၀၀ ကျော် ၊
- ဗိုလ်ချုပ်လက်ယာဝင်းတော်မှူး သူရဲဝန် ရဲမက်အမှုထမ်း ၃၀၀၀ ကျော်၊
- တောင်တွင်းကြီးကြောင်းချီဗိုလ်ချုပ်ရွှေမြို့တော်၊
- အက္ကပတ်မြင်းဝန်၊ ဆင်တပ်မြင်းတပ်ရဲမက် အမှုထမ်း ၅၀၀၀ ကျော်၊
- စလေ၊ စကု ဘုံ ပုခန်းငယ် မြစ်နားတစ်လျှောက် ဘုန်းတော်ဖြစ်ဗိုလ်၊ မင်္ဂလာ ရဲညွန့်မြင်းဝန်၊ ဒီပဗိုလ်ရဲမက်အမှုထမ်း ၅၀၀၀ ကျော် ၊
- အနောက်ဘက်ကြောင်း ၊ ဗိုလ်ချုပ်လက်ဝဲ ဝင်းတော်မှူး အောင်ဝန်စက်ဝန် လှေသင်း ဗိုလ်စက်မြို့ဝန်နဲ့ ရဲမက်အမှုထမ်း ၅၀၀၀ ကျော် စုစုပေါင်း စစ်အင်အား နှစ်သောင်းကျော်ဟာ အလွန်တောင့်တင်းပြီး ကိုယ့်နိုင်ငံ ကာကွယ်ဖို့ အသင့်ရှိနေတာကို တွေ့ရပါတယ်။

တကယ်တမ်း ရေကုန်ရေခန်း လှေခွက်ချည်းကျန် အလံမလှဲ တိုက်ခိုက်ခဲ့ကြရင်ဖြင့် အင်္ဂလိပ် – မြန်မာ ပထမစစ်ပွဲထက် အသေအပျောက် ပိုပြီးများခဲ့ပေမယ်။

**မြင်ကွင်း (၉)**

နိုဝင်ဘာ ၁၁ ရက်မှာပင် ကင်းဝန်မင်းကြီးက ဗြိတိသျှအောက်မြန်မာနိုင်ငံ – သီပေါမင်းရဲ့ အထက်မြန်မာနိုင်ငံ နယ်စပ်ကျောက်တိုင် မဖြတ်ကျော် ကြစတမ်း မြို့ရွာအသီးသီးရဲ့ နယ်မြေအတွင်း စစ်ရေးအရ၊ တစ်စုံတစ်ရာ စတင်ထိပါးခြင်း မပြုလုပ်ဖို့ ဗြိတိသျှမြန်မာနိုင်ငံ မဟာဝန်ရှင်တော်မင်းကြီးထံ စာတစ်စောင်ရေးပို့ခဲ့ပါတယ်။ ပြန်လည်ဆန်းစစ်တဲ့အခါ ဂျင်နရယ် ပရင်ဒါဂတ်နဲ့ တပ်ဖွဲ့ဟာ ကင်းဝန်မင်းကြီးရဲ့ ပြန်စာမရမီကပင် နယ်စပ်ကို ဖြတ်ကျော်ချီတက်ကာ “တုလွှတ်ယာဉ်ကျော်” သင်္ဘောကို တိုက်ခိုက်ဆွဲယူခြင်းဟာ မဟာမိတ်စာချုပ်ပါအချက်တို့ကို ဖောက်ဖျက်ခြင်း၊ စော်ကားမော်ကားပြုခြင်း ဖြစ်ပါတယ်။

ကင်းဝန်မင်းကြီး အမှူးပြုတဲ့ လွှတ်တော်ဝန်ကြီးများဟာ ပဲရစ်မြို့ရောက်နေတဲ့ မြန်မာသံတော်ကြီး ဝန်ထောက် သံချက်ဝန်မင်းကြီး မင်းလှမဟာစည်သူကျော်ထံ အခြေအနေအရပ်ရပ် သိသာဖို့နဲ့ လုပ်ဆောင်ဖွယ်ရှိတာတွေကို လုပ်ဆောင်ဖို့ ညွှန်ကြားတဲ့စာတစ်စောင်ကို နိုဝင်ဘာ ၁၁ ရက်မှာ ရေးသားခဲ့ပြီး ထိုစာနဲ့အတူ မဟာဝန်ရှင်တော်မင်းကြီးထံပေးစာပါ ပူးတွဲပေးပို့ခဲ့ပါတယ်။ ဒီစာ နှစ်စောင်လုံးဟာ နိုဝင်ဘာ ၁၅ ရက်မှာ သရက်ကို ရောက်နေတဲ့ ပရင်ဒါဂတ်လက်သို့ ရောက်သွားခဲ့ပါတယ်။

ထိုစဉ်က ဗြိတိသျှစစ်သင်္ဘောများဟာ နယ်စပ်ကို ဖြတ်ကျော်ပြီး ဆင်ပေါင်ဝဲနဲ့ မင်းလှတို့မှာ ပြင်းထန်စွာ တိုက်ပွဲဆင်နွှဲနေကြပြီဖြစ်ပါတယ်။ နိုဝင်ဘာ ၁၇ ရက်နေ့မှာ ငွေးချောင်းနဲ့ မင်းလှခံတပ်မြို့များကို သိမ်းပိုက်ခံလိုက်ရပါတယ်။ နိုဝင်ဘာ ၂၅ ရက်နေ့မှာ မြင်းခြံကနေ တားဆီးခုခံတဲ့ မြန်မာ့ရဲမက်များ အခြေမလှလို့ ဆုတ်ခွာခဲ့ရပြန်တယ်။ နိုဝင်ဘာ ၂၆ ရက်နေ့မှာ ကျောက်မြောင်း အတွင်းဝန် ဦးရွှေအိုး၊ ဝက်မစွက် ဝန်ထောက် ဦးလတ်တို့ဟာ မှန်စီရွှေထည့်ခိုတောင် ရွှေခဲခတ်လှေတော်မှာ စစ်ဆိုင်းအလံတင်ကာ ပရင်ဒါဂတ်နဲ့ တွေ့ဆုံပြီး နေပြည်တော်က ပေးလိုက်တဲ့ စစ်ပြေငြိမ်းရေးစာကို ပေးခဲ့ပါတယ်။ ပရင်ဒါဂတ်က နေပြည်တော်မန္တလေးကို အရောက်ချီတက်ရမယ်လို့ အိန္ဒိယဘုရင်ခံချုပ်ထံမှ အမိန့်ပါတဲ့အတွက် စစ်ကိုမရပ်ဆိုင်းနိုင်ကြောင်း၊ မြန်မာမင်းက မိမိကိုယ်နဲ့တကွ လက်နက်ကိုင်သူများနဲ့ မန္တလေးနေပြည်တော်ကိုပါ အပ်လျက် နေပြည်တော်ရှိ ကျွန်တော်မျိုးများ ဥရောပတိုက်သားများကို ဥစ္စာပစ္စည်းမှစပြီး ဆွေတော်မျိုးတော်များနဲ့တကွ ကောင်းစွာစောင့်ရှောက်မည်ဖြစ်ကြောင်း၊ နှစ်တိုင်းနှစ်ပြည် အခင်းဖြစ်တဲ့ကိစ္စရပ်များကို အင်္ဂလိပ်မင်းက အလိုရှိရာအခွင့်များကို ပြောတဲ့အတိုင်း သီပေါမင်းက လက်ခံရင် မဟာမိတ်စာချုပ် ထပ်မံချုပ်ဆိုနိုင်ကြောင်း ပြန်စာပေးလိုက်ပါတယ်။ နိုဝင်ဘာ ၂၇ရက်နေ့မှာ လွှတ်တော်မှဆင့်ဆိုချက်အရ အဝ စစ်ကိုင်းနဲ့ သပြေတန်း ခံတပ်တို့ရှိ မြန်မာရဲမက်တို့ အတိုက်အခိုက် ရပ်စဲကာ လက်နက်ချခဲ့ကြရပါတယ်။

**မြင်ကွင်း (၁၀)**

- မင်းတုန်းမင်းကြီးနဲ့ သီပေါမင်းလက်ထက်မှာ နန်းတော်မြို့ရိုး၊ ခံတပ်များ တည်ဆောက်ကာ အခိုင်အမာ အင်အားကြီးတဲ့အထိ ရှိလေရာ မြစ်စဉ်တစ်လျှောက်ချထားတဲ့ ရဲမက်များက အဘယ်ကြောင့် ပြင်းပြင်းထန်ထန် ခုခံခြင်း မရှိကြရသလဲဆိုတဲ့ ကိစ္စမှာ –

ဗြိတိသျှနယ်ချဲ့မျိုးနွယ်တချို့ဟာ လျှို့ဝှက်ချက်အချို့နဲ့ မြန်မာတို့ရဲ့သဘောကို ထောက်လှမ်းစုံစမ်းခဲ့ပြီ၊ နန်းတွင်းအရေး သိနှင့်နေလောက်ပြီဖြစ်ပါတယ်။ မြစ်စဉ်ခံတပ်များဖြစ်တဲ့ ငွေးချောင်းနဲ့ မင်းလှခံတပ်များရဲ့ အခြေအနေကို ပရင်ဒါဂတ်ဟာ လျှို့ဝှက်စွာ ထောက်လှမ်းခဲ့ပြီးဖြစ်ပါတယ်။

- ထူးခြားစွာ သတင်းပြန့်နေတဲ့တစ်ချက်ဟာ ညောင်ရမ်းမင်းသားကို နန်းတင်လိုတဲ့ တိုးတိုးတိတ်တိတ် စိတ်ကူးကို ဗြိတိသျှတို့ သိခဲ့သလော။
- ဒါကြောင့် ဗြိတိသျှတပ်တွေ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ချီတက်လာရာမှာ ဂျင်နရယ် ပရင်ဒါဂတ် လိုက်ပါလာတဲ့ သင်္ဘောဦးမှာ ဦးဘသန်းဆိုသူကို မြန်မာမင်းသားအသွင် ဝတ်စား ဆင်ယင်လျက် တင်ဆောင်လာတာကြောင့် ဧရာဝတီမြစ်ကမ်းတစ်ဝိုက်က ကျေးလက်လူထုနဲ့ မြစ်စဉ်ခံတပ် ရဲမက်များဟာ ညောင်ရမ်းမင်းသားကို နန်းတင်ရန် လာတယ်လို့ သို့လောသို့လော အထင်ရောက်ကာ –

*စာမျက်နှာ ၈ သို့*

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများ၊ တိုက်ပွဲရှောင်စခန်းများနှင့် ပြန်လည်လက်ခံရေးစခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စု ဝန်ကြီးများသည် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့်အတူ ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ကျောက်ဖြူမြို့သို့ ရောက်ရှိကြရာ ကျောက်ဖြူခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက ပြည်နယ်အစိုးရ ညွှန်ကြားရေးမှူး၏ ရုံးခန်းတွင် ... 



ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့ ကျောက်ဖြူခရိုင် ကျောက်တလုံး IDP စခန်းအား ပြောင်းရွှေ့နေရာချထားမည့် မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

# ကုန်သွယ်မှုဆိုင်ရာနည်းပညာ အတားအဆီးများကို လျှော့ချနိုင်ရန် စံချိန်စံညွှန်းများ ချမှတ်သုံးစွဲနိုင်မည့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးရန်လို



**နေပြည်တော် ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ၏ အမျိုးသားအရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံ ခိုင်မာအားကောင်းစေရေးအတွက် စံချိန်စံညွှန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနန၌ ကျင်းပသည်။(ယာပုံ)

ဆွေးနွေးပွဲသို့ အမျိုးသားစံချိန်စံညွှန်းကောင်စီ ဥက္ကဋ္ဌ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာ ဆပ်ကော်မတီ ၂၅ ခုမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် အမျိုးသားစံချိန်စံညွှန်းကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက စံချိန်စံညွှန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်နေသည့် နည်းပညာဆပ်ကော်မတီ၏ စံချိန်စံညွှန်း ချမှတ်ခြင်း လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဖြည့်ဆည်းညှိနှိုင်း ဆောင်ရွက်နိုင်ရန်၊ ကော်မတီအဆင့်ဆွေးနွေးလျက်ရှိသည့် မြန်မာစံချိန်စံညွှန်း (မူကြမ်း) များကို နောက်ဆုံးမူကြမ်းရရှိအောင် ဆောင်ရွက်ရန်၊ မိမိနိုင်ငံမှ ထုတ်လုပ်သော ပစ္စည်းများနှင့် တင်သွင်းလာသည့်ပစ္စည်းများကို စံချိန်စံညွှန်းများနှင့် အရည်အသွေး ကိုက်ညီစွာစစ်ဆေးနိုင်ရန်အတွက် ဓာတ်ခွဲခန်းများ၊ စစ်ဆေးသည့် အဖွဲ့အစည်းများကို အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြုရရှိရန်အတွက် အဆင့်မြှင့်တင်ရန်၊ စားသုံးသူ၊ သုံးစွဲသူများ ဘေးအန္တရာယ်ကင်းရှင်း လုံခြုံစိတ်ချရပြီး ကုန်သွယ်မှုဆိုင်ရာနည်းပညာ အတားအဆီးများကို လျှော့ချနိုင်ရန်အတွက် စံချိန်စံညွှန်းများ ချမှတ်သုံးစွဲနိုင်မည့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာနည်းပညာဆပ်ကော်မတီဥက္ကဋ္ဌများက မြန်မာစံချိန်စံညွှန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့် နည်းပညာ ဆပ်ကော်မတီအလိုက် ဦးစားပေးစံချိန်စံညွှန်းများကို ဆက်လက်ချမှတ်နိုင်ရန်၊ မြန်မာစံချိန်စံညွှန်းများကို အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ အာဆီယံစံချိန်စံညွှန်းများနှင့် တစ်ပြေးညီ စံချိန်စံညွှန်းများချမှတ်နိုင်ရန်၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ စစ်ဆေးပေးနိုင်မည့် အသိအမှတ်ပြုဓာတ်ခွဲခန်းများ ပေါ်ထွန်းလာရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်၊ သုံးစွဲသူများဘေးကင်းလုံခြုံမှုအတွက် မြန်မာစံချိန်စံညွှန်းများအား အသုံးပြုမှုမြှင့်တင်နိုင်ရန်နှင့် ပို့ကုန်တိုးမြှင့်ရေးကို အထောက်အကူပြုနိုင်ရန် Certification Body များ တည်ထောင်သွားရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးတင်ပြကြပြီး အမျိုးသားစံချိန်စံညွှန်းကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမြော်အမြင်၊ အတတ်ပညာနှင့် ပြည့်စုံသည့် ဝန်ထမ်းများ မွေးထုတ်နိုင်ရေး ဆောင်ရွက်သွားရမည်





နေပြည်တော် ဒီဇင်ဘာ ၂၁

**ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းတစ်ရပ်၏ ပြယုဂ်-ခေါင်းဆောင်မှု အရင်းအမြစ်တည်ဆောက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ထုတ်ပြန်ထားရှိသော စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ယနေ့နံနက် ၁၀ နာရီက ရုံးအမှတ် (၁၇) စုပေါင်းခန်းမ၌ ကျင်းပသည်။**

ဖွင့်ပွဲတွင်ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေက ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လုပ်ဆောင်တတ်သည့် လေ့ကျင့်မှုများ ပြုလုပ်နိုင်ရန် လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း၊ ပါဝင်ဆွေးနွေးကြမည့် အရာထမ်းများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် လုပ်ဆောင်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ထိုမှတစ်ဆင့် အဖွဲ့အစည်းတစ်ခုလုံး၏ အရည်အသွေးတိုးတက်မှု၊ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ပိုမိုပြည့်စုံသည့် နည်းလမ်းများကို ဖော်ထုတ်နိုင်မည်ဟု ထင်မြင်မိပါကြောင်း၊ ဝန်ထမ်းများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အဖွဲ့အစည်းနှင့် နိုင်ငံတော်အတွက် ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်သည့်အတွက် အမြော်အမြင်၊ အတတ်ပညာနှင့် ပြည့်စုံသည့် ဝန်ထမ်းများ မွေးထုတ်နိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် သတ်မှတ်ထားသည့် စံနှုန်းများနှင့် ကျင့်ဝတ်များကို လိုက်နာရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကိုလည်း လိုက်နာ၍ စွဲမြဲမှတ်သားစွာ သိရှိနိုင်ရန်လိုအပ်ပါကြောင်း၊ မိမိတို့ ဝန်ထမ်းများအနေဖြင့် တိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရေး အားထုတ်ကြိုးပမ်းကြရန် ဖြစ်ကြောင်း ပြောကြားသည်။

**ခေါင်းစဉ်အလိုက်ဆွေးနွေး**

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို (၃)ကြိမ်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ယခုကျင်းပသည့် ပထမအကြိမ် ဆွေးနွေးပွဲသည် ဝန်ထမ်း တစ်ဦးချင်းစီအလိုက် အရည်အသွေးနှင့် စွမ်းဆောင်ရည်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ဆွေးနွေးပွဲပထမနေ့တွင် "လူတစ်ဦးချင်းစီ၏ အပြုအမူ၊ ပင်ကိုစရိုက်နှင့် တန်ဖိုးများ" ခေါင်းစဉ်၊ "လုပ်ငန်းခွင်ဆိုင်ရာ ခံစားချက်၊ စိတ်နေသဘောထားနှင့် စိတ်ဖိစီးမှု" ခေါင်းစဉ်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**ဆုချီးမြှင့်ပေးသွားမည်**

အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင် "လုပ်ငန်းခွင်အတွင်း စိတ်အားထက်သန်မှု လှုံ့ဆော်မြှင့်တင်ခြင်း၏အခြေခံအုတ်မြစ်" ခေါင်းစဉ်နှင့် "ဆုံးဖြတ်ချက်ချခြင်းနှင့် ဖန်တီးနိုင်စွမ်း" ခေါင်းစဉ်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသွားမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲတတိယနေ့တွင် ပထမနေ့နှင့် ဒုတိယနေ့များတွင် ဆွေးနွေးခဲ့သည့်ခေါင်းစဉ်အလိုက် စုဖွဲ့၍ ဆွေးနွေးခြင်း၊ ယင်းဆွေးနွေးမှုရလဒ်များကို ပြန်လည်တင်ပြခြင်းတို့ကို ပြုလုပ်မည်ဖြစ်ပြီး ဆွေးနွေးတင်ပြခဲ့သည့်အပေါ် တစ်ဦးချင်းအလိုက်၊ အုပ်စုအလိုက် ဆုချီးမြှင့်ပေးအပ်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ ဒုတိယအကြိမ်နှင့် တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်များဖြစ်သော ဦးစစ်အေး၊ ဦးဆန်းမြင့်၊ ဒေါ်ခင်မျိုးမြင့်၊ ဦးရဲနိုင်၊ ဦးစိုးတင့်၊ သူရဦးဘိုနီနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အလုပ်ရုံဆွေးနွေးပွဲကာလမှာ ဒီဇင်ဘာ ၂၁ ရက်မှ ၂၃ ရက်အထိဖြစ်ကာ အရာထမ်း၊ အမှုထမ်း ၆၆ဦးတို့က သတ်မှတ် ခေါင်းစဉ်များအလိုက် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



Grand Prize ဆုရှိသော အောင်ချမ်းသာ၏ ဓာတ်ပုံ။

# နိုင်ငံတကာဖုန်းဓာတ်ပုံပြိုင်ပွဲ မြန်မာနိုင်ငံမှ ဒုတိယအကြိမ် Grand Prize ဆု ထပ်မံရရှိ

**မန္တလေး ဒီဇင်ဘာ ၂၁**

နိုင်ငံတကာဖုန်းဓာတ်ပုံပြိုင်ပွဲဖြစ်သော Mi ဖုန်းကုမ္ပဏီက ကြီးမှူးကျင်းပသည့် Your Vision, Your Story, Shot By Mi 2021 ပြိုင်ပွဲ၏ "Happy Moments" ခေါင်းစဉ်ဖြင့် ဖိတ်ခေါ်ခဲ့ရာ နိုင်ငံတကာမှ ဓာတ်ပုံဆရာများ ဝင်ရောက် ယှဉ်ပြိုင်ကြရာတွင် မြန်မာနိုင်ငံမှ အောင်ချမ်းသာက Grand Prize ဆု နှင့် Outstanding Prize ဆုကို ရဲလင်းထွန်းတို့ ရရှိကြသည်။

အဆိုပါပြိုင်ပွဲကို အွန်လိုင်းမှ ပေးပို့ယှဉ်ပြိုင်ရပြီး တစ်ဦးလျှင် ဓာတ်ပုံ ၁၀ပုံအထိ ပေးပို့ယှဉ်ပြိုင်ရသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံဆရာများမှာ Mi ဖုန်းဖြင့်သာ ရိုက်ကူးရပြီး အဖြူ၊ အမည်း၊ ဆေးရောင်စုံ ကြိုက်နှစ်သက်သလို ယှဉ်ပြိုင်နိုင်သည်။ ဓာတ်ပုံများကို ၂၀၂၁ ခုနှစ် နိုဝင်ဘာလကုန်အထိ ပေးပို့ယှဉ်ပြိုင်ရပြီး ဆုရသူစာရင်းကို ဒီဇင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဆုကြေးငွေမှာ Grand Prize ဆုအတွက် အမေရိကန်ဒေါ်လာ ၅၀၀၀၊ outstanding prize ဆုအတွက် Mi Phone တစ်လုံးစီ ရရှိမည်ဖြစ်ပြီး ကျန်ရှိသောဆုကိုးဆုကို နိုင်ငံတကာမှ ဓာတ်ပုံဆရာများ ရရှိကြသည်။ အဆိုပါ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဓာတ်ပုံဆရာ နှစ်ဦး Grand Prize အမြင့်ဆုံးဆုရရှိကြသည်။ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပသော Street Life ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံမှ ဓာတ်ပုံဆရာပြည့်ဖြိုးအောင်လည်း Grand Prize ဆုရရှိခဲ့သည်။ ထို့ကြောင့် နိုင်ငံတကာဖုန်းဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဒုတိယအကြိမ် Grand Prize ဆုထပ်မံရရှိသည်။ ဆုရဓာတ်ပုံများကို https:// event.mi.com/ global/ happymoments / တွင် ဝင်ရောက်ကြည့်ရှု နိုင်ကြောင်း သိရသည်။

**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

# ဘားအံပညာရေးဒီဂရီကောလိပ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ



ဘားအံ ဒီဇင်ဘာ ၂၁

**ကရင်ပြည်နယ် ဘားအံပညာရေးဒီဂရီကောလိပ်တွင် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT (၇/၂၀၂၀) မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက်က အဆိုပါကောလိပ် သီရိခန်းမ၌ ကျင်းပသည်။** (ယာပုံ)

**ဝန်ထမ်းကောင်းဘဝကို ခံယူကြစေလို**

မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အနန္တဂိုဏ်းဝင် ဆရာဆရာမများ ဖြစ်လာကြမည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ထားရှိရမည့် ယုံကြည်ချက်၊ ခံယူချက်များ ခိုင်မာမှန်ကန်စေရေး သင်တန်းကာလတွင် ကျင့်ကြံအားထုတ် လေ့ကျင့်ကြရမည်ဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် သင်တန်းကာလတွင် နေထိုင်စားသောက်မှုအဆင်ပြေစေရေး တတ်နိုင်သမျှ ထောက်ပံ့ကူညီပေးမည်ဖြစ်ကြောင်း၊ မိမိမှတာဝန်ယူသင်ကြားပေးရမည့် ကျောင်းသားကျောင်းသူလေးများအား စာပေတစ်ခုတည်းသာမက လိမ္မာရေးခြားရှိစေရေး၊ ဘက်စုံထူးချွန်သူများ ဖြစ်လာစေရေးကို လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ယခုမှစ၍ ကြိုတင်ပြင်ဆင်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ စောင့်သိရိုသေခြင်း၊ တည်ဆဲဥပဒေများကို လေးစားလိုက်နာခြင်း စသည့်ကျင့်ဝတ်စည်းကမ်းများကို လိုက်နာ၍ ပါတီနိုင်ငံရေးကင်းရှင်းပြီး ဝန်ထမ်းကောင်းဘဝကို ခံယူကြစေလိုကြောင်း၊ အစဉ်အမြဲ သင်ယူလေ့လာနေမည့် Life-Long-Learner ဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘားအံပညာရေးဒီဂရီကောလိပ် လုပ်ငန်းခွင်အကြိုမူလတန်းဆရာ အတတ်ပညာသင်တန်း PPTT (၇/၂၀၂၀)သို့ တက်ရောက်နေသော သင်တန်းသား သင်တန်းသူများအား တစ်လလျှင် ငွေကျပ်သိန်း ၃၀ ဖြင့် သုံးလအတွက် ငွေကျပ် သိန်း ၉၀ ကို ထောက်ပံ့ပေးအပ်ရာ သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားနှစ်ဦးက လက်ခံရယူခဲ့ပြီး ဘားအံပညာရေးဒီဂရီကောလိပ် ဒုတိယကျောင်းအုပ်ကြီး ဒေါ်ခင်မြင့်လှိုင်က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT(၇/၂၀၂၀)တွင် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံ အမျိုးသား ၂၉ ဦးနှင့် အမျိုးသမီး ၁၇၀ စုစုပေါင်း ၁၉၉ ဦး တက်ရောက်လျက်ရှိကာ ပညာရေးဘာသာ နှစ်ခု၊ သင်ပြနည်းဘာသာရပ် ငါးခု၊ ICT နှင့် ဖွံ့ဖြိုးရေးဘာသာရပ်ခြောက်ခုတို့ကို ယခင်သင်တန်းများအတိုင်း သင်ရိုးကုန်သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းဆုံးစစ်ဆေးခြင်းစာမေးပွဲအပြီးတွင် အခြေခံပညာကျောင်းများ၌ လက်တွေ့တန်းပြအနေဖြင့် ၄၅ ရက် သွားရောက်သင်ကြားပြီးမှသာ သင်တန်းပြီးမြောက်မည်ဖြစ်သည်။

**ခွင့်ပြုချက်မရှိ မြေအသုံးချမှုများ တရားမဝင်**

ယင်းနောက် ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၄/၂၀၂၁) ကြိမ်မြောက်နှင့် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ၏ (၃/၂၀၂၁) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ ၂ နာရီခန့်တွင် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီများ၏ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လယ်ယာမြေပေါ်တွင် အခြားနည်းအသုံးပြုခွင့်မရှိဘဲ ကျူးကျော်မြေဖို့ခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ အဆောက်အအုံ ဆောက်လုပ်နေခြင်းများကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ကျေးရွာအဆင့်ဆင့်မှ ထိရောက်စွာ အရေးယူဆောင်ရွက်ရန်လိုကြောင်း၊ ခွင့်ပြုချက်မရှိဘဲ မြေအသုံးချနေမှုများသည် တရားမဝင်ဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီအဆင့်ဆင့်မှ ကြပ်မတ်ကွပ်ကဲပေးရန်လိုကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အခြားနည်းအသုံးပြုရန် လျှောက်ထားသူများအနေဖြင့် ဥပဒေနှင့်အညီ မြေလွတ်မြေရိုင်း ငှားရမ်းလုပ်ကိုင်ခွင့်လက်မှတ်ကိုသာ ရရှိမည်ဖြစ်ကြောင်းနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် ပြောကြားသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီများ၏ အတွင်းရေးမှူး ဦးမင်းမင်းက လယ်ယာမြေစီမံခန့်ခွဲရေးကိစ္စရပ်များနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ ပြည်နယ်ကော်မတီဝင်များက အကြံပြုဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှကုမ္ပဏီ သုံးခု၊ ယာဉ်စီးရေသုံးစီးဖြင့် အောက်ဆီဂျင် (အရည်) Bowserယာဉ်ဖြင့် တန် ၂၀ နှင့် နှာခေါင်းစည်း (Mask) ခုနစ်တန်တို့ကို တင်သွင်းခဲ့သည်။ အောက်ဆီဂျင်(အရည်) Bowser တစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## သတင်းနှင့်စာနယ်ဇင်း ဝန်ထမ်းဟောင်းများအသင်း သက်ကြီးကန်တော့ခံများအား အိမ်တိုင်ရာရောက်ကန်တော့ကြမည်

ရန်ကုန် ဒီဇင်ဘာ ၂၁

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းက လာမည့် ဇန်နဝါရီ ၁ ရက်တွင် နှစ်ဦးအလှူကို အခမ်းအနားအနေဖြင့် မကျင်းပတော့ဘဲ အမှုဆောင်များကိုယ်တိုင် အိမ်တိုင်ရာရောက် လိုက်လံကန်တော့မည်ဖြစ်ကြောင်း သိရသည်။ **ကိုဇော်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း





# တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပဋ္ဌမအကြိမ်ပေးအပ်သည့် အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ပဋ္ဌမအကြိမ်ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့်က အမှာစကား ပြောကြားသည်။

**ကတိသစ္စာပြု**

အခမ်းအနားတွင် လျှောက်ထားသူ အထက်တန်းရှေ့နေ ၂၉၅ ဦးကို တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြု လက်မှတ်များ ပေးအပ်ပြီး တရားလွှတ်တော်ရှေ့နေ အသိအမှတ်ပြုလက်မှတ် ရရှိသူများက ကတိသစ္စာပြုကြသည်။

အခမ်းအနားသို့ပြည်ထောင်စု တရားစီရင်ရေး ကြီးကြပ်မှုရုံးမှ ဒုတိယညွှန်ကြား ရေးမှူးချုပ် (လုပ်ထုံး/စစ်ဆေးရေး)၊ ရှေ့နေ ရှေ့ရပ်ဌာနခွဲမှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများပြပွဲ ပဋ္ဌမနေ့ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြပွဲ (Mini Gems Emporium) ပဋ္ဌမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကိုဗစ် – ၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ကျင်းပသည်။

**လေ့လာကြည့်ရှု**

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမ အတွင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လည်းကောင်း၊ ခန်းမအပြင်ဘက်ရှိ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကိုလည်းကောင်း လွတ်လပ်စွာ စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။(ယာပုံ)

**ဆက်လက်ရောင်းချ**

ပြပွဲ စတုတ္ထနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၂၅၁) မှ (၅၀၀) အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၉၅တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာပြီး ယနေ့ပြပွဲ ပဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲအမှတ် (၅၀၁) မှ (၇၈၀)



၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်စိမ်းအတွဲများ ပြပွဲ (Mini Gems Emporium) ပဋ္ဌမနေ့တွင် ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လေ့လာကြည့်ရှုကြစဉ်။

အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ပြည်တွင်း/ပြည်ပ ရတနာကုန်သည်များက ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ကျောက်စိမ်းအတွဲအမှတ် (၅၀၁) မှ (၇၈၀)အထိ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက မွန်းလွဲ ၃နာရီတွင် ပိတ်သိမ်းပြီး ဖွင့်ဖောက်စစ်ဆေးကာ ဒီဇင်ဘာ ၂၂ ရက်တွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်းကျင်းပြသ**

မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ပုလဲအတွဲပေါင်း ၃၃၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၇၈၀ကို ပြည်တွင်း/ ပြည်ပ ရတနာကုန်သည်များ စိတ်ကြိုက်လေ့လာဝယ်ယူနိုင်စေရန် ခင်းကျင်းပြသပေးခဲ့ပြီး ပြပွဲဒုတိယနေ့မှစတင်၍ ပုလဲအတွဲအမှတ် (၁) မှ (၂၂၀) အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၂၂၀ ကိုလည်းကောင်း၊ တတိယနေ့တွင် ပုလဲအတွဲအမှတ် (၂၂၁) မှ (၃၃၀) အထိ ရောင်းချပေးခဲ့ရာ ပုလဲအတွဲပေါင်း ၁၁၀နှင့် ကျောက်စိမ်းအတွဲအမှတ် (၁)မှ (၂၅၀) အထိရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၉၉ တွဲကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

**အေးအေးဝင်း**

**ဓာတ်ပုံ – ကိုကိုနော်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် ဒီဇင်ဘာ ၂၁ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Ncubator ၂၀၊ ဆေးဝါးမျိုးစုံ ၅၄ မျိုး၊ စုစုပေါင်း ၄၈၅၅၀ ဒသမ ၁၄ Kg၊ နယ်စပ်(ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ)တွင် ကုမ္ပဏီငါးခုတို့မှ Sodium Chloride Injection ၉၉၉၀ ၊ Glucose Injection ၇၁၅၂ ခု၊ SAI Vc Injection ၂၀၄၀၀၊ Pai Cetirizine Tablet ၁၃၂၀၀ ၊ Mask ၇၃၀၀ Kg၊ Sai P Pen Powder For Injection ၁၀၀၄၀ ၊ Liquid Oxygen ၁၅၃၃၈ $m^3$၊ Pai Diclo Injection ၁၀၁၁၂ ခု၊ Disposable Syringe ၉၅၅၂ ခု၊ Infusion Set ၁၃၆၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒလမြို့နယ် ဒလ–ခနုတ် ကားလမ်းမကြီး လမ်းအဆင့်မြှင့်တင်တိုးချဲ့

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ဒလ–ခနုတ် ကားလမ်းမကြီးရှိ ကွန်ကရစ်လမ်းပိုင်း ခြောက်ဖာလုံကို လမ်းအကျယ် ၂၄ ပေအထိ အဆင့်မြှင့်တင်တိုးချဲ့ခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ် နာရီစင်ကားလမ်း မြို့အဝင်ဆိုင်းဘုတ်မှစတင်၍ ဒလ–ခနုတ် ကွန်ကရစ်ကားလမ်းမကြီးလမ်းအပိုင်းရှိ ၆ ဖာလုံအား ကွန်ကရစ်လမ်းအကျယ် ၂၄ ပေအထိ ခင်းကျင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လမ်းပိုင်းအား ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အရှည် ၁၃ မိုင် ၅ ဖာလုံအထိ လမ်းအကျယ် ၁၈ ပေ ခင်းကျင်းဆောင်ရွက်ထားကြောင်း၊ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် လမ်းအကျယ် ၂၄ ပေအထိ အဆင့်မြှင့်တင်တိုးချဲ့၍ ခင်းခြင်းဖြစ်ပြီး နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုငွေဖြင့် ဒလ–ခနုတ်ကားလမ်းမကြီးကို အဆင့်မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



ဒလ–ခနုတ် ကားလမ်းမကြီးအား ကွန်ကရစ်လမ်းခင်း၍ တိုးချဲ့ခြင်းဆောင်ရွက်စဉ်။

အဆိုပါ လမ်းအပိုင်းသည် ဒလ–သခွပ်–လက်ခုပ်ကုန်း–ကညင်းကုန်းအထိ အရှည် ၃၆ မိုင်ခန့်ရှိပြီး သက်ဆိုင်ရာလမ်းပိုင်းအလိုက် လမ်းဦးစီးဌာနမှ ကွန်ကရစ်လမ်းခင်းခြင်းကို အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး မြန်မာ–ကိုရီးယားချစ်ကြည်ရေး (ဒလ)တံတားကြီး၏ ခြေဆင်းလမ်းမကြီး တစ်လျှောက်ရှိ ဒလ–ခနုတ် အဝေးပြေးကားလမ်းမကြီးတစ်ခုအဖြစ် မြင်တွေ့ရမည်ဖြစ်သည်။

ထို့အတူ ဒလမြို့နယ်နှင့် ကော့မှူးမြို့နယ်တို့သို့ ဆက်သွယ်တည်ဆောက်ထားသော သခွပ်မြစ်ကူးတံတားကြီး တည်ဆောက်မှုပြီးစီးပြီဖြစ်ကာ ဒလ–ခနုတ်ကားလမ်းမကြီး အဆင့်မြှင့်တင်တိုးချဲ့ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးပါက ယခင်ထက် ဒလ–ခနုတ်၊ လက်ခုပ်ကုန်း– ကညင်းကုန်း လမ်းပိုင်းရှိ ကော့မှူးမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်များသို့ ရာသီမရွေး ချိတ်ဆက်သွားလာနိုင်တော့မည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ–သုတ**

# စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရေမြက်ကျေးရွာအတွင်း အကြမ်းဖက်သူများ မီးရှို့ဖျက်ဆီးခဲ့သော နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရေမြက်ကျေးရွာ၌ အကြမ်းဖက် လုပ်ရပ်များ လုပ်ဆောင်ရန် ရောက်ရှိနေသည့် KIA အဖွဲ့၊ NLD ပါတီဝင် အစွန်းရောက်သမားများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အတွက် အစည်းအဝေးပြုလုပ်ရန် စုဝေးနေကြောင်း ကျေးရွာသူ၊ ကျေးရွာသားအချို့က သတင်းပေးပို့လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ဝင်ရောက်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမား လေးဦးကို အသေဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့ထံမှ လက်နက်ခဲယမ်းအချို့နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ကျေးရွာအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သူများ ဆုတ်ခွာထွက်ပြေးစဉ် မီးရှို့ဖျက်ဆီးခဲ့သော နေအိမ်ခြောက်လုံးနှင့် အကြမ်းဖက်သူများက နေအိမ်များကို အကာကွယ်ပြု၍ ပစ်ခတ်ခဲ့မှုကြောင့် လက်နက်ငယ် ထိမှန်ခဲ့သော နေအိမ်အချို့အား တွေ့ရှိရပြီး ၎င်းနေအိမ်များ အတွင်း၌ သေဆုံးလျက်ရှိသော အကြမ်းဖက်သမားနှစ်ဦး၏အလောင်းအား လက်လုပ်လက်ပစ်ဗုံးနှင့် ဆက်စပ်ပစ္စည်းတို့နှင့်အတူ ထပ်မံသိမ်းဆည်းရရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သူများ မီးရှို့ခဲ့မှုကြောင့် မီးလောင်ကျွမ်းလျက်ရှိသော နေအိမ်များကို မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ကျေးရွာသူ၊ ကျေးရွာသားများ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ရေးအတွက် နယ်မြေလုံခြုံရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရေဦးမြို့နယ် ရေမြက်ကျေးရွာအတွင်း အကြမ်းဖက်သူများ မီးရှို့ဖျက်ဆီးခဲ့သော နေအိမ်အပျက်အစီးများကို တွေ့ရစဉ်။



ရေဦးမြို့နယ် ရေမြက်ကျေးရွာရှိ အကြမ်းဖက်သူများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်ခဲယမ်းအချို့နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။





ရေဦးမြို့နယ် ရေမြက် ကျေးရွာရှိ အကြမ်းဖက်သူများထံမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်ခဲယမ်းအချို့နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များ ရေဦး မြို့နယ် ရေမြက်ကျေးရွာ အတွင်း ဝင်ရောက်ဖမ်းဆီးစဉ် အသေ ဖမ်းဆီးရမိခဲ့သည့် အကြမ်းဖက်သမား လေးဦး၏ ရုပ်အလောင်းများကို တွေ့ရစဉ်။



---

**■ ကျောဖုံးမှ**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ မန္တလေးပြည်ပြည်ဆိုင်ရာလေဆိပ် အမှတ်(၁) ထွက်ခွာ X-Ray စက်၌ တာဝန်ကျတပ်ဖွဲ့ဝင်များက ခရီးသည်များကို ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်နေစဉ် လေယာဉ်အမျိုးအစား ART-72၊ ခရီးစဉ်အမှတ် K7-771 ဖြင့် မန္တလေးမြို့မှ ခန္တီးမြို့သို့ လိုက်ပါမည့်ခရီးသည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ဆင်သေကျေးရွာနေ မမိုးမြင့်လှိုင် (၂၀)နှစ် (ဘ) ဦးဟွန်းထိုက်၏ ဂျပ်ဖာဘူးအတွင်းမှ ဖလူဇာဆေးကတ်များဖြင့် ရောနှော သယ်ဆောင်လာသည့် (SOD-Special Ordinary Detonator) တံဆိပ်ပါဘူးအတွင်းမှ အကြမ်းဖက်ဖောက်ခွဲရေး ပြုလုပ်ရာတွင် အသုံးပြုမည့် ဒီတိုနီတာ ၉၈ ခုကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး မမိုးမြင့်လှိုင်၏ ထွက်ဆိုချက်အရ အဆိုပါ ဒီတိုနီတာများကို သယ်ဆောင်ခိုင်းခဲ့သည့် မဟာအောင်မြေမြို့နယ် ပဟေမမာလာတောင်ရပ်ကွက် ၃၈ လမ်းနှင့် ၃၉ လမ်းကြားရှိ အိမ်အမှတ် (၄၀)နေ မအေးအေးချစ် (ခ) ဘုတ်ဆုံမ (၃၉)နှစ် (ဘ)ဦးသိန်းချစ်နှင့် သယ်ဆောင်လာသည့် ဒီတိုနေတာများကို လွှဲပြောင်းလက်ခံပေးမည့် ဆင်သေကျေးရွာနေ မမိုးမြင့်လှိုင်၏ မိခင်ဖြစ်သူ ဒေါ်လောဟွေ(ခ) ဒေါ်ကြောင်ဖဟွေ (ခ) ဒေါ်တင်သိန်း (၆၃) နှစ်တို့ကို ၎င်းတို့၏ နေအိမ်အသီးသီးတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

ထိုသို့ ထပ်မံဖမ်းဆီးရမိသူ မအေးအေးချစ် (ခ) ဘုတ်ဆုံမ၏ ထွက်ဆိုချက်အရ ညနေ ၄ နာရီခွဲတွင် ၎င်း၏နေအိမ်သို့ ဒီတိုနေတာများ ထပ်မံလာရောက်ပို့ဆောင်သူ ချမ်းအေးသာစံမြို့နယ် ချမ်းအေးသာစံအရှေ့ရပ်ကွက် အမြောက်တန်း ဗလီဝင်းနေ ဦးသိန်းထွန်း (၄၇)နှစ် (ဘ) ဦးသိန်းမောင်နှင့် ၎င်း၏ ဇနီးဖြစ်သူ ဒေါ်ခင်ဖြူဝင်း (ခ) ဇိုင်တွန်ပီ (၄၂) နှစ် (ဘ) ဦးမြင့်ဦးတို့ကို ဒီတိုနီတာကတ်သီးတစ်ဘူးလျှင် အခု ၁၀၀ စီပါ ၁၀ ဘူး၊ စုစုပေါင်း အခု ၁၀၀၀ နှင့် အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**အရေးယူနိုင်ရေးဆောင်ရွက်**

အထက်ပါ အကြမ်းဖက်ဖောက်ခွဲရေး ပြုလုပ်ရာတွင် အသုံးပြုမည့် ဒီတိုနေတာများ သယ်ယူပို့ဆောင်ခဲ့သည့် ဖမ်းဆီးရမိသူ တရားခံများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အိုမီခရွန်မှာ ဒယ်လ်တာထက်ပို၍ကူးစက်မှုလျင်မြန်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး ပြော

**ဂျီနီဗာ ဒီဇင်ဘာ ၂၁**

အိုမီခရွန်မျိုးကွဲမှာ ဒယ်လ်တာမျိုးကွဲထက်ပို၍ ကူးစက်မှု လျင်မြန်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြီးအကဲဖြစ်သူက သတိပေးပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တက်ဒရို့စ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆုက ဂျီနီဗာမြို့တွင် ဒီဇင်ဘာ ၂၀ ရက်က သတင်းထောက်များကို ပြောကြားခဲ့သည်။


ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တက်ဒရို့စ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆု။

တစ်နှစ်ခွဲနီးပါး ကြာမြင့်ပြီးနောက် ပထမဦးဆုံးအကြိမ်အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လူကိုယ်တိုင်တွေ့ဆုံသည့် ဆွေးနွေးပွဲလည်းဖြစ်သည်။ ယခုအခါ အိုမီခရွန်သည် ဒယ်လ်တာထက်ပို၍ ကူးစက်မှုလျင်မြန်သည်ဆိုသော ကျိုးကြောင်းဆီလျော်သည့် သက်သေပြချက်များရှိကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

ကာကွယ်ဆေး ထိုးပြီးသားဖြစ်စေ၊ မကြာသေးမီအချိန်အတွင်းကမှ ကိုဗစ် -၁၉ ကူးစက်ခံထားရာမှ ပြန်လည်ကျန်းမာလာသူဖြစ်စေ ရောဂါပြန်လည်ကူးစက်နိုင်ဖွယ် ရှိသည်ဟုလည်း ၎င်းက ပြောသည်။

ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီးများဖြစ်သည့် ဖိုက်ဇာနှင့် မော်ဒါးနားကုမ္ပဏီတို့သည် ၎င်းတို့ ကုမ္ပဏီထုတ် ကာကွယ်ဆေးများကို တတိယအကြိမ်ထိုးနှံခြင်းဖြင့် အိုမီခရွန် ကူးစက်မှုကို ကာကွယ်ရာတွင် အကျိုးသက်ရောက်မှုရှိသည်ဟု ပြောသည်။ **အင်န်အိတ်ချ်ကေ**

## လာအိုနိုင်ငံတွင် ကိုဗစ် -၁၉ကူးစက်ခံရသူပေါင်း တစ်သိန်းကျော်လွန်လာပြီဖြစ်

**ဗီယင်ကျန်း ဒီဇင်ဘာ ၂၁**

လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်းမှာ ဒီဇင်ဘာ ၂၁ ရက်တွင် ၁၀၀၅၂၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း နောက်ထပ် ကူးစက်ခံရသူပေါင်း ၁၁၂၈ဦးရှိလာပြီးနောက် အရေအတွက်အားဖြင့် တစ်သိန်းကျော်လွန်လာခြင်း ဖြစ်သည်။



ပြီးခဲ့သည့် ၂၄နာရီအတွင်း ပြည်ပမှကူးစက်ခံလာရသူ တစ်ဦး အပါအဝင် ဒေသတွင်းကူးစက်ခံရသူ ၁၁၂၇ ဦး တိုးလာခဲ့ကြောင်း ကူးစက်ရောဂါထိန်းချုပ်ရေးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် စစ်ဆဗက်ဆောက်သန် နီရာဆီက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

သေဆုံးသူ ဦးရေမှာလည်း ၁၀ ဦး တိုးလာသည့်အတွက် ဒီဇင်ဘာ ၂၁ ရက်အထိသေဆုံးသူ စုစုပေါင်းမှာ ၂၈၄ ဦးအထိရှိလာသည်။ ပြည်တွင်းကူးစက်မှုများအနက် ၅၄၄ ဦးမှာ မြို့တော် ဗီယင်ကျန်းတွင် ကူးစက်ခံရသူများဖြစ်သည်။ လာအိုနိုင်ငံတွင် ပြီးခဲ့သည့်နှစ် မတ် ၂၄ ရက်တွင် ကိုဗစ်-၁၉ကူးစက်မှုကို ပထမဦးဆုံး တွေ့ရှိခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## ဟေတီနိုင်ငံတွင် ဆီသယ်ယာဉ်ပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေမှာ ၉၀ အထိရှိလာ

**ပေါ်တိုပရင့်စ် ဒီဇင်ဘာ ၂၁**

ဟေတီနိုင်ငံမြောက်ပိုင်းဆိပ်ကမ်းမြို့ ကပ်ဟေရှန်းမြို့တွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်းက ဆီသယ်ယာဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး သေဆုံးသူဦးရေ ၉၀ ထက်မနည်း ရှိလာကြောင်း ဒေသခံအာဏာပိုင်တစ်ဦးက ပြောသည်။

ဒဏ်ရာပြင်းထန်စွာရရှိသူများမှာ ဆေးရုံတွင် ကုသမှုခံယူနေဆဲဖြစ်ပြီး သေဆုံးသူဦးရေမှာလည်း တည်ငြိမ်မှုမရှိသေးပေ။ ဒီဇင်ဘာ ၁၃ ရက်ညပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ဆီသယ်ယာဉ်က မော်တော်ဆိုင်ကယ်ကို ရှောင်ရှားရန် ကြိုးပမ်းစဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ဒေသခံများက ပြန့်ကျဲနေသည့်ဆီများကို ခပ်ယူရန်ကြိုးပမ်းစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ**

## ဗီယင်နာမြို့၌ အမေရိကန်နှင့် တိုက်ရိုက်ဆွေးနွေးပွဲပြုလုပ်ရန် အီရန်ငြင်းဆို

**တီဟီရန် ဒီဇင်ဘာ ၂၁**

ပြီးခဲ့သည့်လအနည်းငယ်အတွင်းက အမေရိကန်နှင့် အီရန်ကြား တိုက်ရိုက်ဆွေးနွေးပွဲ ရှိလာမည်ဟူသော အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေး ဂျိတ်ဆူလီဗန်၏ ပြောကြားချက်ကို အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၀ ရက်တွင်ငြင်းဆိုခဲ့သည်။

၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူညီမှုကို ဆက်လက်ရှင်သန်နိုင်ရေးအတွက် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် စတင်ဆွေးနွေးစဉ်ကတည်းက အီရန်နိုင်ငံသည် အမေရိကန်နှင့် တိုက်ရိုက်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းမရှိဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ဆာအိဒ် ခတ်တစ်ဘ်ဇာဒါက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဗီယင်နာမြို့တွင် ဆွေးနွေးပွဲစတင်ကတည်းက အီးယူ စေ့စပ်ညှိနှိုင်းသူများမှတစ်ဆင့် ဆွေးနွေးညှိနှိုင်းမှုကိစ္စများကို အီရန်က လက်ခံရရှိခဲ့သည်။ ၂၀၁၈ ခုနှစ်မေလအတွင်း အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်က အီရန်နျူကလီးယားသဘောတူညီမှုမှ နုတ်ထွက်ခဲ့သည်။

ဗီယင်နာမြို့တွင် ပြုလုပ်သည့် (၇) ကြိမ်မြောက်နှင့် နောက်ဆုံးဆွေးနွေးပွဲမှာ နိုဝင်ဘာ ၂၉ ရက်တွင်စတင်ခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက်တွင် အဆုံးသတ်ခဲ့သည်။ **ဆင်ဟွာ**

## အာဖဂန်နစ္စတန်သို့ အကူအညီ ဒေါ်လာ သန်း ၁၀၀ ဂျပန်နိုင်ငံက ပေးသွားမည်

**တိုကျို ဒီဇင်ဘာ ၂၁**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန် အကူအညီများ ဂျပန်နိုင်ငံကပေးအပ်သွားမည်ဟု ဂျပန်အစိုးရကဆုံးဖြတ်ခဲ့သည်။ တာလီဘန်များက အာဖဂန်နစ္စတန်နိုင်ငံကိုထိန်းချုပ်ပြီး လေးလကျော်အကြာတွင် နိုင်ငံ၏စီးပွားရေးမှာ ယိမ်းယိုင်ခဲ့ရသည်။

နိုင်ငံလူဦးရေ၏ ၆ ရာခိုင်နှုန်းမှာ အစားအစာမလုံလောက်သည့်ဘေးနှင့် ကြုံတွေ့နေရသည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် မိုးခေါင်ရေရှားမှု၊ ဆင်းရဲမွဲတေမှုတို့နှင့် ကြုံတွေ့နေရပြီး ကိုဗစ် -၁၉ ၏ ရိုက်ခတ်မှုဒဏ်ကိုလည်း ခံစားနေရသည်။ ဒီဇင်ဘာ ၂၀ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ထောက်ပံ့ရေးဘတ်ဂျက် အစိတ်အပိုင်းအဖြစ် ယခုကဲ့သို့ ကူညီထောက်ပံ့မှုများ ပေးမည်ဖြစ်သည်။

ယခုပေးအပ်သည့် ကူညီထောက်ပံ့မှုများကို အစားအစာနှင့်သောက်သုံးရေထောက်ပံ့ပေးမှုတို့တွင် အသုံးပြုသွားမည်ဖြစ်သည်။ ထို့ပြင် ဆေးဘက်သုံးပစ္စည်းများ ထောက်ပံ့ပေးရာတွင်လည်း အသုံးပြုသွားမည်ဖြစ်သည်။

တာလီဘန်များ အာဖဂန်နစ္စတန်ကိုထိန်းချုပ်ပြီးနောက်ပိုင်း ဂျပန်နိုင်ငံက ဒုတိယအကြိမ်မြောက် ကူညီထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။ အာဖဂန်ပြည်သူများကို ဆက်လက်ထောက်ပံ့ပေးသွားမည်ဟုလည်း အစိုးရအာဏာပိုင်များက ပြောသည်။ ထို့ပြင် နိုင်ငံအတွင်းတည်ငြိမ်ရေးနှင့် ပတ်ဝန်းကျင်ဒေသများ တည်ငြိမ်မှုရှိစေရေးတို့တွင်လည်း ကူညီထောက်ပံ့ပေးသွားမည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**


အာဖဂန်နစ္စတန်တွင် မိုးခေါင်၍ ခြောက်သွေ့နေသောဒေသ၌ စပျစ်စိုက်ပျိုးသူတစ်ဦးကိုတွေ့ရစဉ်။

# ကိုဗစ်-၁၉ ကပ်ရောဂါကို ၂၀၂၂ ခုနှစ်တွင် အဆုံးသတ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း

**ဂျီနီဗာ ဒီဇင်ဘာ ၂၁**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က ကိုဗစ်-၁၉ ကပ်ရောဂါကို နောက်နှစ်အတွင်း အဆုံးသတ်သွားအောင် အတူတကွအားထုတ် လုပ်ဆောင်ကြရန် ကမ္ဘာ့ကြီးကို ဒီဇင်ဘာ ၂၀ ရက်က တိုက်တွန်းပြောကြားလိုက်သည်။




ကိုဗစ်-၁၉ နောက်နှစ်တွင် အဆုံးသတ်ရေး ဒဗလျူအိတ်ချ်အိုက တိုက်တွန်းလိုက်သည်။

ကုလသမဂ္ဂကျန်းမာရေးအေဂျင်စီက ၂၀၂၂ ခုနှစ်သည် ကိုဗစ်-၁၉ ကပ်ရောဂါ အဆုံးသတ်ရမည့်နှစ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နှစ်ကုန်တွင် ပျော်ပွဲသဘင်အစီအစဉ်များနှင့်အတူ မိမိတို့အားလုံး ပုံမှန်အတိုင်း ပြန်ဖြစ်ချင်ကြောင်း၊ ထို့ကြောင့် ယခုမှစပြီး မိမိတို့ကိုယ်တိုင် ကာကွယ်ရန် လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။

ထို့ကြောင့် ယခုအချိန်တွင် ပွဲလမ်းသဘင် အခမ်းအနားများကို ဖျက်သိမ်းလိုက်ခြင်းက အကောင်းဆုံးဖြစ်လိမ့်မည်ဖြစ်ကြောင်းနှင့် ပွဲလမ်းသဘင်များကို ယခုကျင်းပခြင်းထက် နောက်ပိုင်းမှကျင်းပခြင်းက ပို၍ကောင်းမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆက်လက်ဖော်ပြခဲ့သည်။

အိုမီခရွန် ဗိုင်းရပ်စ်သစ်ကို တောင်အာဖရိကတွင် ပထမဆုံး စတင်တွေ့ရှိခဲ့ချိန်မှစကာ ယခုအခါတွင် နိုင်ငံနှင့်ဒေသ အတော်များများတွင် တွေ့ရှိနေပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆက်လက်ဖော်ပြသည်။ သို့သော်လည်း ယခုတွေ့ရှိသည့် အိုမီခရွန်ဗိုင်းရပ်စ်သစ်သည် ဒယ်လ်တာ ကိုဗစ်-၁၉ လောက် ပြင်းထန်မည်မဟုတ်ကြောင်း၊ သို့သော်လည်း ပိုမိုကူးစက်ပျံ့နှံ့လွယ်ကြောင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ခုခံနိုင်စွမ်းရှိကြောင်း ဆက်လက်ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးများကို မျှမျှတတ မရရှိသေးသည့်အတွက် အကယ်၍ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို လာမည့်နှစ်အတွင်း အဆုံးသတ်သွားအောင် လုပ်ဆောင်သွားမည်ဆိုပါက ကာကွယ်ဆေးရရှိမှု မညီမျှချက်ကို ချုပ်ငြိမ်းအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဆက်လက်ဖော်ပြထားသည်။

**ဆင်ဟွာ**

## ဗီယက်နမ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူ ၁၄၀ ဒသမ ၄ သန်းနီးပါးရှိလာ

**ဟနွိုင်း ဒီဇင်ဘာ ၂၁**

ဗီယက်နမ်နိုင်ငံ၌ ဒီဇင်ဘာ ၂၁ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၆၃၂၅ ဦးရှိကြောင်း ဖော်ပြခဲ့ပြီး ပြည်ပကူးစက်ဖြစ်ပွားသူ ကိုးဦးနှင့် ပြည်တွင်းကူးစက်ဖြစ်ပွားသူ ၁၆၃၁၆ ဦးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၅၇၁၇၈၀ အထိ ရှိလာပြီး ၃၀၀၄၁ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ မြို့တော်ဟန္နိုင်းမှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၇၀၄ ဦးရှိသည်။ ထို့နောက် တောင်ပိုင်း ကာမူပြည်နယ်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၅၉၀ နှင့် တေနင်ပြည်နယ်၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၃၉ ဦးရှိသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးပြီးသူ ၆၃ သန်းအပါအဝင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာ ၁၄၀ ဒသမ ၄ သန်း နီးပါးရှိလာပြီဖြစ်သည်။ **ဆင်ဟွာ**

## မလေးရှား၌ ကိုဗစ်-၁၉ အတည်ပြုလူနာ ၂၇၂၁၅၄၄ ဦးရှိ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၁**

မလေးရှားနိုင်ငံ၌ ဒီဇင်ဘာ ၂၀ ရက် ညသန်းခေါင်အချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၅၈၉ ဦးအထိ ရှိခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာ စုစုပေါင်း ၂၇၂၁၅၄၄ ဦး ရှိလာပြီဖြစ်သည်။

အသစ်ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၄၆ ဦးမှာ ပြည်ပကူးစက်သူများဖြစ်ပြီး ၂၅၄၃ ဦးမှာ ပြည်တွင်းကူးစက်သူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၄၃ ဦး ထပ်မံသေဆုံးခဲ့ရာ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၃၁၁၃၅ ဦးအထိ ရှိလာပြီဖြစ်သည်။

လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၅၂၂၁၈ ဦး ရှိသည့်အနက် ၃၇၉ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိပြီး ၂၁၀ မှာ အသက်ရှူအထောက်အကူပြုကိရိယာ လိုအပ်လျက်ရှိသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးပြီးသူပေါင်း ၇၉ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အပြည့်အဝထိုးနှံပြီးသူပေါင်း ၇၈ ဒသမ ၃ ရာခိုင်နှုန်းအထိ ရှိပြီဖြစ်သည်။ **ဆင်ဟွာ**

## အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ကိုဗစ်-၁၉ ဖြစ်ပွားသူနှင့်အတူ ရှိခဲ့သော်လည်း ကိုဗစ်-၁၉ ကူးစက်ခြင်းမရှိခဲ့

**ဝါရှင်တန် ဒီဇင်ဘာ ၂၁**

အဲဖို့စ်ဝမ်း လေယာဉ်ပေါ်တွင် ဒီဇင်ဘာ ၁၇ ရက်က နာရီဝက်ခန့် အတူရှိခဲ့သော ဝန်ထမ်းတစ်ဦး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေကြောင်း ဒီဇင်ဘာ ၂၁ ရက်က တွေ့ရှိပြီးနောက် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကို ကိုဗစ်-၁၉ စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်း မတွေ့ရှိခဲ့ကြောင်း အိမ်ဖြူတော်က ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ကို အန်တီဂျန်နည်းဖြင့် ပုံမှန်ကိုဗစ်-၁၉ စစ်ဆေးချက်နှင့် ပီစီအာရ်နည်းဖြင့် ကိုဗစ်-၁၉ စစ်ဆေးချက်နှစ်ခုစလုံး စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ကင်းစင်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်ဟု အိမ်ဖြူတော် ပြန်ကြားရေးဝန်ကြီး ဂျန်ဆာကီက ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြလိုက်သည်။

ဘိုင်ဒင်သည် ၎င်း၏နေ့စဉ် အလုပ်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆာကီက ပြောကြားခဲ့သည်။

အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန၏ လမ်းညွှန်ချက်များအရ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့် ထိုးထားသူများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများနှင့် ထိတွေ့ခဲ့သော်လည်း ကွာရန်တင်းဝင်ရန် မလိုကြောင်း သိရသည်။ **ဆင်ဟွာ**



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

## အိန္ဒိယနိုင်ငံ၌ အိုမီခရွန်ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူ ၂၀၀ အထိ တိုးလာ

**နယူးဒေလီ ဒီဇင်ဘာ ၂၁**

အိန္ဒိယနိုင်ငံ၌ အိုမီခရွန်ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူ ၂၀၀ အထိ တိုးလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၁ ရက်တွင် ပြောကြားလိုက်သည်။

အိုမီခရွန် ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူ ၂၀၀ ရှိသည့်အနက် ၇၇ ဦးမှာ ပြန်လည်ကောင်းမွန်လာခဲ့ပြီး အိုမီခရွန် ဗိုင်းရပ်စ်သစ်ကူးစက် ဖြစ်ပွားသူအများစုမှာ မဟာရက်ရှ်တရာနှင့် ဒေလီတို့မှဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြသည်။



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ်နမူနာ ရယူနေစဉ်။

အိုမီခရွန် ဗိုင်းရပ်စ်သစ် ကူးစက်ဖြစ်ပွားသူ အားလုံးမှာ ပြင်းထန်သည့် လက္ခဏာမရှိကြောင်း အရာရှိများက ပြောသည်။

အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ စစ်ဆေးမှုများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိပြီးနိုင်ငံတကာ ခရီးသည်များကို စောင့်ကြည့်လျက်ရှိသည်။ အထူးသဖြင့် အန္တရာယ်ရှိသည့်နိုင်ငံမှ လာသူများကို ပို၍ သတိထားစောင့်ကြည့်လျက်ရှိသည်။

လွန်ခဲ့သည့် သီတင်းပတ်က အိန္ဒိယအစိုးရသည် ပြည်သူလူထုကို မလိုအပ်ဘဲ အပြင်ထွက်ခြင်းနှင့် လူစုလူဝေးပြုလုပ်ခြင်းများ မပြုလုပ်ရန် တိုက်တွန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**

# ဒီဇင်ဘာ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၉ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ လေးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉,၂၃၀ ဦးရှိ

**ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)ရောဂါပိုး နိုင်ငံပေါင်း ၁၀၂ နိုင်ငံ ပျံ့နှံ့**

(၂၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၄၂၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၉ ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၈၀) ရာခိုင်နှုန်း** ရှိပါသည်။


သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၉၂၃,၈၁၂) ခုအား စစ်ဆေးခဲ့ပြီး **ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၈,၆၃၉) ဦး** ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၃၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၆,၀၉၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ **ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ လေးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၂၃၀) ဦး** ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၁-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၇၃၉)ခု | (၄၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂၉)ခု | (၇)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၇၁)ခု | (၂)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆၆)ခု | (၂၁)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၈)ခု | (၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၂၀၀)ခု | (၁၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၃၂)ခု | (၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၃၇၈)ခု | (၁၆၉)ဦး |
| **စုစုပေါင်း** | (၁၄,၄၂၃)ခု | (၂၅၉)ဦး |

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအတွင်း ရောဂါဖြစ်ပွားမှု အခြေအနေ
(၂၇-၅-၂၀၂၁ မှ ၂၀-၁၂-၂၀၂၁)




- ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ အားတက်သရော ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ စနစ်တကျ စည်းကမ်းလိုက်နာမှု၊ ဌာနဆိုင်ရာအသီးသီးမှ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများမှ တက်ကြွစွာ ပံ့ပိုးပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ရောဂါစောင့်ကြပ်ကြည့်ရှုရေးဆိုင်ရာ ရက်သတ္တပတ်အလိုက် သုံးသပ်ချက်များအရ ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိရမှုနှင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းတို့မှာ တဖြည်းဖြည်း လျော့နည်းကျဆင်းလာကြောင်း တွေ့ရှိရပါသည်။
- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၂၁-၁၂-၂၀၂၁) ရက်နေ့၊ (၁၇:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၁၀၂) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကာ အတည်ပြုလူနာ စုစုပေါင်း (၈၂,၅၃၂) ဦး ရှိပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီးဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလား ဒေ့ရှ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော သီရိလင်္ကာနိုင်ငံ၊ နီပေါနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မော်လဒိုက်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင်လည်း ဓာတ်ခွဲအတည်ပြုလူနာများတွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့် ပတ်သက်၍ ကမ္ဘာ့တစ်ဝှမ်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ်စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်း သတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေး ဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၁- ၁၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၂၀၅၉၆၆၇ | ၄၀၇၁၉၀၄၇ | ၈၂၈၈၃၆ |
| ၂။ | အိန္ဒိယ | ၃၄၇၅၂၁၆၄ | ၃၄၁၉၅၀၆၀ | ၄၇၈၀၀၇ |
| ၃။ | ဘရာဇီး | ၂၂၂၁၅၈၅၆ | ၂၁၄၁၄၃၁၈ | ၆၁၇၉၀၅ |
| ၄။ | ဗြိတိန် | ၁၁၄၅၃၁၂၁ | ၉၈၂၆၅၄၁ | ၁၄၇၂၆၁ |
| ၅။ | ရုရှား | ၁၀၂၆၇၇၁၉ | ၉၀၅၅၁၉၉ | ၂၉၉၂၄၉ |
| ၆။ | တူရကီ | ၉၁၈၉၈၈၁ | ၈၈၁၀၀၉၇ | ၈၀၅၉၁ |
| ၇။ | ပြင်သစ် | ၈၆၄၀၉၂၄ | ၇၅၅၃၇၈၇ | ၁၂၁၇၁၇ |
| ၈။ | ဂျာမနီ | ၆၈၃၄၄၄၆ | ၅၈၆၆၉၀၀ | ၁၀၉၂၄၃ |
| ၉။ | အီရန် | ၆၁၇၅၇၈၂ | ၆၀၁၂၆၉၅ | ၁၃၁၁၆၇ |
| ၁၀။ | စပိန် | ၅၅၃၅၂၃၁ | ၄၉၈၅၂၃၄ | ၈၈၇၉၃ |


## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၁ – ၁၂ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံးလူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၆၀၈၉၃ | ၄၁၁၂၀၄၀ | ၁၄၄၀၂၄ |
| ဖိလစ်ပိုင် | ၂၈၃၇၇၃၀ | ၂၇၇၇၅၄၁ | ၅၀၇၉၄ |
| မလေးရှား | ၂၇၂၁၅၄၄ | ၂၆၃၈၁၉၁ | ၃၁၁၃၅ |
| ထိုင်း | ၂၁၉၆၅၂၉ | ၂၁၃၆၁၉၇ | ၂၁၄၄၀ |
| ဗီယက်နမ် | ၁၅၇၁၇၈၀ | ၁၁၆၀၀၉၀ | ၃၀၀၄၁ |
| မြန်မာ | ၅၂၈၆၃၉ | ၅၀၆၀၉၆ | ၁၉၂၃၀ |
| စင်ကာပူ | ၂၇၆၁၀၅ | ၂၇၁၇၅၃ | ၈၁၅ |
| ကမ္ဘောဒီးယား | ၁၂၀၄၂၇ | ၁၁၆၈၁၅ | ၃၀၀၅ |
| လာအို | ၁၀၀၅၂၄ | ၈၈၁၂၅ | ၂၈၄ |
| ဘရူနိုင်း | ၁၅၄၁၈ | ၁၅၁၅၀ | ၉၈ |

❊ ကျောဖုံးမှ

### ပဲခူး PDF အကြမ်းဖက်အဖွဲ့မှ တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား




တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ ဒီဇင်ဘာ ၁၂ ရက်တွင် ပဲခူးမြို့အတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပဲခူး PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ **ခန့်လင်းနိုင်(ခ)ကိုခန့်** (၁၉)နှစ်သည် ပဲခူးမြို့မှ ခရီးသည်တင်ယာဉ်လိုင်းဖြင့် မန္တလေးမြို့သို့ လိုက်ပါလာကြောင်း သိရှိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့မှ ပိတ်ဆို့ရှာဖွေခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် (၁၅၈)၌ **ခန့်လင်းနိုင်(ခ)ကိုခန့်**အား ဖမ်းဆီးရမိခဲ့သည်။

**ဖမ်းဆီးရမိ**

တရားခံ **ခန့်လင်းနိုင် (ခ) ကိုခန့်** ၏ ထွက်ဆိုချက်အရ ပဲခူးမြို့တွင် ဖောက်ခွဲရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် **မြတ်ကိုကိုလင်း(ခ)မင်းဘုန်းမဟာ** (၂၅)နှစ်၊ **ပြည့်ဖြိုးအောင်(ခ)ကိုပြည့်** (၂၂)နှစ်၊ **ဇင်ဝင်းထွန်း**(၂၅)နှစ်နှင့် **အောင်ဇာထွန်း** (၄၁) နှစ်တို့ လေးဦးကို ပဲခူးမြို့ ရပ်ကွက်ကြီး (၆)ရှိ အဆောင်၌ ပစ္စတိုတစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၁၀ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ လက်လုပ်ဗုံး တစ်လုံး၊ ယမ်းထုပ် လေးထုပ်၊ ဖုန်းမျိုးစုံ ခုနစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**လက်လုပ်မိုင်းဖြင့်ဖမ်းမိ**

တရားခံများ၏ ထွက်ဆိုချက်အရ ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၁) အနော်ရထာလမ်း၌ **ဝင်းဇော်သိန်း(ခ)ဦးဇာ** (၃၆)နှစ်၊ **ညီဘုန်းအောင်(ခ)မာလ** (၁၈)နှစ်တို့ နှစ်ဦးကို လက်လုပ်မိုင်းနှစ်လုံးဖြင့် လည်းကောင်း၊ ဘုရားကြီးမြို့ အမှတ်(၂) ရပ်ကွက်၌ **စိုးမင်းထွန်း(ခ)မုတ်ဆိတ်**(၂၉) နှစ်ကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **မြတ်ကိုကိုလင်း (ခ) မင်းဘုန်းမဟာ** ၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၁၃ ရက်တွင် ပဲခူးမြို့နယ် ထားဝယ်အင်းကျေးရွာနေ ဖမ်းဆီးရန်ကျန် **ဘိုဘိုအောင်** (၃၂)နှစ်၏ နေအိမ်မှ လက်ပစ်ဗုံး တစ်လုံး၊ TNT ယမ်း သုံးတုံး၊ ယမ်းပြင်း ခုနစ်ထုပ်နှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

**ထပ်မံဖမ်းဆီးရမိ**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၁၄ ရက်တွင် ပဲခူး PDF အမည်ခံ အကြမ်းဖက်အဖွဲ့မှ **သန့်ဇင်ဝင်း** (၄၁)နှစ်ကို ဟံသာတမြို့နယ် မရိုးသောင်အုပ်စု လယ်တီကျေးရွာ၌ လည်းကောင်း၊ ဟံသာတမြို့နယ် သဘ်န်းကုန်းကျေးရွာအနီး လယ်ကွင်းအတွင်း၌ **ဝေယံလွင်(ခ) ဂျာကြီး**(၂၅)နှစ်နှင့် **အောင်မျိုးသူ** (၄၁)နှစ်တို့ နှစ်ဦးကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံ **မြတ်ကိုကိုလင်း (ခ) မင်းဘုန်းမဟာ** ၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၁၆ ရက်တွင် ပဲခူးမြို့နယ် ငွေ့တန်းရှည်ကျေးရွာရှိ ဖမ်းဆီးရန်ကျန် **မောင်ကျော်**၏ နေအိမ်မှ AK-47 သေနတ်နှစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည်မျိုးစုံ ၅၂ တောင့်နှင့် လက်ပစ်ဗုံးကိုးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

**မူးယစ်ဆေးပစ္စည်းများနှင့်ဖမ်းမိ**

တရားခံများ၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၁၈ ရက်တွင် ပဲခူးမြို့ ဗိုလ်ကုန်းရပ်ကွက် မာဃလမ်း၌ **ကျော်လွင်**(၆၄)နှစ်၊ **မာလာမြင့်**(၄၀)နှစ်၊ **ထက်အောင်ကို** (၁၇)နှစ်တို့ သုံးဦးကို လက်လုပ် ဂဝတ်စ်သေနတ် သုံးလက်၊ လက်လုပ်ဗုံး လေးလုံး၊ ဒီတိုနေတာများ၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် လည်းကောင်း၊ တရားခံ **ထက်အောင်ကို**၏ ထွက်ဆိုချက်အရ ပဲခူးမြို့ ဗိုလ်ကုန်းရပ်ကွက်၌ **စည်သူကျော်(ခ)စည်သူ** (၂၁)နှစ်နှင့် **ကျော်ဇောဦး** (၃၄)နှစ်တို့ နှစ်ဦးကို လည်းကောင်း၊ တရားခံ **မာလာမြင့်**၏ ထွက်ဆိုချက်အရ ပဲခူးမြို့ မြို့သစ်ရပ်ကွက် ဇေတဝန် ကာရုံ ဘုန်းကြီးကျောင်းဝင်း အတွင်း၌ **ထက်လင်းဦး(ခ)အိုဝမ်း** (၂၇)နှစ်၊ **ပြည့်ကိုကို(ခ)ကိုပြည့်** (၂၉)နှစ်နှင့် **ရဲနောင်**(၂၃)နှစ်တို့ သုံးဦးကို ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ လက်ပစ်ဗုံးတစ်လုံး၊ ပွိုင့်-၃၈၀ ကျည် ၆၂ တောင့်တို့နှင့် လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။



၁၆-၁၂-၂၀၂၂ ရက်က ပဲခူးမြို့နယ် ငွေ့တန်းရှည်ကျေးရွာ၌ သိမ်းဆည်း ရမိခဲ့သည့် လက်နက်/ ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။




၁၂-၁၂-၂၀၂၂ ရက်က ပဲခူးမြို့ ရပ်ကွက်ကြီး(၆)၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။




၁၈-၁၂-၂၀၂၂ ရက်က ပဲခူးမြို့ ဗိုလ်ကုန်းရပ်ကွက်နှင့် မြို့သစ်ရပ်ကွက်တို့၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်နှင့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



၁၂-၁၂-၂၀၂၂ ရက်က ပဲခူးမြို့ ဥဿာမြို့သစ်(၁)ရပ်ကွက်၌ သိမ်းဆည်းရမိသည့်ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**အကြမ်းဖက်သင်တန်းများ တက်ရောက်**

ဖြစ်စဉ်တွင် တရားခံ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး တစ်ဦး ပေါင်း ၁၉ ဦး တို့ကို လက်နက်ငယ်မျိုးစုံ လေးလက်၊ လက်လုပ်သေနတ် သုံးလက်၊ ကျည်အိမ်မျိုးစုံ ငါးခု၊ ကျည်မျိုးစုံ ၁၂၄ တောင့်၊ လက်ပစ်ဗုံး ၁၂ လုံး၊ လက်လုပ်မိုင်းမျိုးစုံ ခုနစ်လုံး၊ TNT ယမ်းသုံးတုံး၊ ယမ်းထုပ် ၁၁ ထုပ်၊ ဖောက်ခွဲရေး ဆက်စပ် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **မြတ်ကိုကိုလင်း(ခ)မင်းဘုန်းမဟာ၊ ခန့်လင်းနိုင်(ခ)ကိုခန့်၊ ဇင်ဝင်းထွန်း၊ စိုးမင်းထွန်း(ခ)မုတ်ဆိတ်** နှင့် **ပြည့်ဖြိုးအောင် (ခ)ကိုပြည့်**တို့ ငါးဦးသည် KNLA တပ်မဟာ(၅)နယ်မြေ၌ လည်းကောင်း၊ **ထက်လင်းဦး (ခ) အိုဝမ်း၊ စည်သူကျော်(ခ)စည်သူ၊ ပြည့်ကိုကို(ခ)ကိုပြည့်၊ ရဲနောင်** နှင့် ဖမ်းဆီးရန်ကျန် **ဟိန်းလေး** တို့သည် KNLA တပ်မဟာ(၆) နယ်မြေ၊ လေးကေ့ကော်၌ လည်းကောင်း၊ **ခန့်လင်းနိုင်(ခ)ကိုခန့်** နှင့် **ဇင်ဝင်းထွန်း**တို့သည် TNLA တပ်မဟာ (၇) နယ်မြေ၌ လည်းကောင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ပဲခူး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို ဖမ်းဆီးရန်ကျန် **ဇေလတ်** (NLD ပါတီ ပဲခူးမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း) မှ ဦးစီး၍ ဇွန် ၂၆ ရက်တွင် ဖမ်းဆီးရန်ကျန် **မျိုးကို**နှင့် **ရဲထွဋ်**တို့ဦးဆောင်ကာ **မြတ်ကိုကိုလင်း(ခ)မင်းဘုန်းမဟာ၊ ခန့်လင်းနိုင်(ခ)ကိုခန့်၊ သန့်ဇင်ဝင်း၊ ဇင်ဝင်းထွန်း၊ ဝင်းဇော်သိန်း(ခ) ဦးဇာ၊ ညီဘုန်းအောင်(ခ)မာလ၊ စိုးမင်းထွန်း (ခ) မုတ်ဆိတ်၊ ပြည့်ဖြိုးအောင်(ခ)ကိုပြည့်၊ ဝေယံလွင်(ခ)ဂျာကြီး၊ အောင်မျိုးသူ၊ သာထူး၊ မင်းမင်းသန့်၊ အောင်ပြည့်ဖြိုး၊ ထက်ဆက်ညွန့်၊ ရန်နိုင်၊ စည်သူဖြိုး** တို့ဖြင့် လည်းကောင်း၊ ဟံသာဝတီ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ကို အောက်တိုဘာ ၃၀ ရက်တွင် **ထက်လင်းဦး (ခ)အိုဝမ်း** ဦးစီး၍ **စည်သူကျော် (ခ)စည်သူ၊ ပြည့်ကိုကို(ခ)ကိုပြည့်၊ ရဲနောင်** တို့နှင့်အတူ ဖမ်းဆီးရန်ကျန် **ဖိုးစည်(ခ)သီဟဇော်**တို့ဖြင့် လည်းကောင်း အသီးသီးဖွဲ့စည်းခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် **မျိုးကို**နှင့် **ရဲထွဋ်**တို့၏ စေခိုင်းမှုဖြင့် **သန့်ဇင်ဝင်း၊ မြတ်ကိုကိုလင်း(ခ)မင်းဘုန်းမဟာ၊ ပြည့်ဖြိုးအောင်(ခ) ကိုပြည့်၊ စိုးမင်းထွန်း(ခ) မုတ်ဆိတ်**နှင့် ပဲခူးမြို့နေ ဖမ်းဆီးရန်ကျန် **ကိုကျော်**တို့ ငါးဦးသည် ရန်ကုန်မြို့နေ ဖမ်းဆီးရန်ကျန် **နေလ၊** ပဲခူးမြို့နေ ဖမ်းဆီးရန်ကျန် **ကုလားကြီး၊ ကိုပိုင်၊** မြဝတီမြို့နေ ဖမ်းဆီးရန်ကျန် **ဂျိုကာ၊** ညောင်လေးပင်မြို့နေ ဖမ်းဆီးရန်ကျန် **မစ်ကီ**တို့နှင့် ချိတ်ဆက်၍ မြဝတီမြို့မှ ဖောက်ခွဲရေးပစ္စည်းများနှင့် လက်နက်/ ခဲယမ်းများကို ဂတ်စ်အိုးများအတွင်း ထည့်၍ လည်းကောင်း၊ မော်တော်ယာဉ်အောက် ကြမ်းခင်းနှင့် တံခါးဘေးအံဝှက်များအတွင်း၌ လည်းကောင်း၊ စပါးသယ်ယာဉ်ဖြင့် စပါးအိတ်များအတွင်း၌ လည်းကောင်း သို့ဝှက်၍ ခရီးသည်တင်ယာဉ်၊ ကိုယ်ပိုင်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။


**လက်လုပ်မိုင်းများပြုလုပ်**

တရားခံ **ထက်လင်းဦး(ခ) အိုဝမ်း**၏ ထွက်ဆိုချက်အရ **မြတ်ကိုကိုလင်း(ခ) မင်းဘုန်းမဟာ**နှင့် ဖမ်းဆီးရန်ကျန် **စိုးကြီး**တို့သည် ဘုရားသုံးဆူ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ ခေါင်းဆောင် ဖမ်းဆီးရန်ကျန် **ဦးကျော်**ထံမှ သိမ်းဆည်းရမိသည့် ပစ္စတိုတစ်လက်နှင့် ပွိုင့် ၃၈၀ ကျည်တောင့် ၅၀ တို့ကို ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ဖမ်းဆီးရန်ကျန် **မျိုးကို** နှင့် **ရဲထွဋ်**တို့၏ စေခိုင်းမှုဖြင့် **ခန့်လင်းနိုင်(ခ) ကိုခန့်၊ မြတ်ကိုကိုလင်း(ခ) မင်းဘုန်းမဟာ**တို့ နှစ်ဦးသည် လက်လုပ်မိုင်းများ ပြုလုပ်ပြီး ညောင်လေးပင်၊ ဒိုက်ဦး၊ ဝေါ၊ သနပ်ပင်နှင့် ကဝ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသို့ပြန်လည်ဖြန့်ဝေပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ပဲခူးမြို့အတွင်း အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်း ကိုးကြိမ် ဆောင်ရွက်ခဲ့ပြီး ဖောက်ခွဲမှုများအနေဖြင့်–

- **ဝေယံလွင်**သည် မတ် ၁၄ ရက်တွင် ပဲခူးမြို့ မြဝတီဘဏ်ကို လည်းကောင်း၊ မေ ၄ ရက်တွင် ပဲခူးမြို့ ဟံသာဝတီ ဘောလုံးကွင်းကို လည်းကောင်း၊ ဇွန် ၆ ရက်တွင် ပဲခူးမြို့ ဟံသာဝတီရပ်ကွက်ရှိပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့ရုံးကို လည်းကောင်း လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- **ဝေယံလွင်** နှင့် **အောင်ပြည့်ခန့်**တို့ နှစ်ဦးသည် ဇူလိုင် ၄ ရက်တွင် ပဲခူးမြို့ ဈေးပိုင်း ရပ်ကွက်ရှိ မြို့နယ် လျှပ်စစ်ရုံးနှင့် ဟံသာဝတီ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးကို လက်လုပ်မိုင်းဖြင့် ပစ်ခတ်ခဲ့ပြီး **ရန်နိုင်** နှင့် ဖမ်းဆီးရန်ကျန် **ငြိမ်းချမ်း** တို့မှ လုံခြုံရေးအဖွဲ့ဝင်များ၏ အခြေအနေကို စောင့်ကြည့်ပေးခဲ့ကြောင်း။
- အောက်တိုဘာ ၂၀ ရက်တွင် **စည်သူကျော်** နှင့် ဖမ်းဆီးရန်ကျန်

*စာမျက်နှာ ၁၈ သို့*






၁၄-၃-၂၀၂၂ ရက်က ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်ရှိ မြဝတီဘဏ် လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခံရမှု မှတ်တမ်းဓာတ်ပုံ။





၄-၅-၂၀၂၂ ရက်က ပဲခူးမြို့ ရှင်စောပုရပ်ကွက် ဟံသာဝတီဘောလုံးကွင်း၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၆-၆-၂၀၂၂ ရက်က ပဲခူးမြို့ ဟံသာဝတီရပ်ကွက်၊ ပဲခူးတိုင်းစည်ပင်သာယာရေးရုံးဝင်း၌ လက်ပစ်ဗုံးတွေ့ရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။






၄-၇-၂၀၂၂ ရက်က ပဲခူးမြို့ ဟံသာဝတီရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ လက်လုပ်မိုင်းပေါက်ကွဲသည့် မှတ်တမ်းဓာတ်ပုံ။





၄-၇-၂၀၂၂ ရက်က ပဲခူးမြို့ ဈေးပိုင်းရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်ရုံး၌ လက်လုပ်မိုင်းပေါက်ကွဲသည့် မှတ်တမ်းဓာတ်ပုံ ။





၂၀-၁၀-၂၀၂၂ ရက်က ပဲခူးမြို့ ဟံသာဝတီရပ်ကွက် ပဲခူးတိုင်းစည်ပင်သာယာရေးရုံးဝင်း၌ လက်လုပ်မိုင်းပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော်  ဒီဇင်ဘာ ၂၁**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှု တစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက် ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလ နှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေး ကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေး အစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများ အား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမ များကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက် တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာ ရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူ များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစု များနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံ တို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့ အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေ ကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါ သည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေး တာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အသိပေးနှိုးဆော်ကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ အကြမ်းဖက်အဖွဲ့ အစည်းအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့် NUG၊ CRPH နှင့် လက်ဝေခံ PDF အဖွဲ့များ၏ တရားမဝင် လက်နက်များ၊ ခဲယမ်းများ၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအပြင် လက်လုပ် သေနတ်၊ ယမ်း၊ မိုင်းနှင့် ဆက်စပ်ပစ္စည်းများကို လက်ဝယ်ကိုင်ဆောင် အကြမ်းဖက်မှုအပေါ်နှင့် နယ်စပ်ဒေသများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတချို့တို့မှလည်း နိုင်ငံရေး၊ စစ်ရေး အမြတ်ထုတ်ရန်အလို့ငှာ ပြည်တွင်းသို့ နည်းမျိုးစုံဖြင့် ပို့ဆောင်နေ သည့် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ် ပစ္စည်းများအား နေ့စဉ်နှင့်အမျှ ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိသကဲ့ သို့ နည်းမျိုးစုံဖြင့် လက်ဝယ်ကိုင်ဆောင်သူ အကြမ်းဖက်သမားများ ထံမှလည်း ဖော်ထုတ်ဖမ်းဆီး/ သိမ်းဆည်းရမိလျက်ရှိပါသည်။

၂။ ၎င်းအပြင် တချို့သော အကြမ်းဖက်သမားများသည် နိုင်ငံသူ၊ နိုင်ငံသားများ၏ မသိနားမလည်မှု၊ ရိုးသားမှုအပေါ် အခွင့်ကောင်းယူ လျက် မိမိတို့၏တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေး ပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများအပြင် တားမြစ်ပစ္စည်းများကိုလည်း နည်းအမျိုးမျိုး၊ အသွင်အမျိုးမျိုးဖြင့် အပ်နှံသိမ်းဆည်းစေမှုများကို လည်း ဖော်ထုတ်ဖမ်းဆီးရမိလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြမ်းဖက်သူများနှင့် မသက်ဆိုင်သူများကို မလိုလားအပ်သော တရားဥပဒေရင်ဆိုင်မှုများ မရှိစေနိုင်ရေး အလို့ငှာ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နောက်ဆုံးထား၍ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသည် အကြောင်းအမျိုးမျိုးနှင့် နည်းမျိုးစုံဖြင့် မိမိတို့နေအိမ်၊ တိုက်ခန်းနှင့် နေရာအသီးသီးတွင် တရားမဝင် လက်နက်၊ ခဲယမ်း၊ မိုင်း၊ ဆက်သွယ်ရေးပစ္စည်းများနှင့် ဆက်စပ် ပစ္စည်းများအပါအဝင် နိုင်ငံတော်မှဥပဒေအရ တားမြစ် ပြဋ္ဌာန်းထား သည့် မူးယစ်ဆေးဝါးများ လက်ဝယ်သို့ရောက်ရှိ သိမ်းဆည်းထား ခြင်းများရှိကြပါက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး ရုံးများ/ နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက် အပ်နှံကြ ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း သတိပေး ထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

*စာမျက်နှာ ၁၇ မှ*

**အောင်ညီညီသွင်** တို့နှစ်ဦးသည် ပဲခူးမြို့ ဟံသာဝတီ ရပ်ကွက်ရှိ စည်ပင် သာယာရေး အဖွဲ့ရုံးကို လက်လုပ် မိုင်းဖြင့် ပစ်ခတ်ခဲ့ ကြောင်း။

- နိုဝင်ဘာ ၁ ရက်တွင် ဖမ်းဆီးရန်ကျန် **သီဟနောင်နောင်(ခ) နောင်နောင်** သည် ပဲခူးမြို့ ပုဏ္ဏားစု ရပ်ကွက်ရှိ ပြည်ခိုင်ဖြိုး ပါတီဝင် **ဦးအောင်ဌေး**၏ နေအိမ်ကို လက်လုပ်မိုင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- နိုဝင်ဘာ ၁၂ ရက်တွင် **ရဲနောင်**သည် ပဲခူးမြို့ ဥသျှောင်မြို့သစ် ရပ်ကွက်ကြီး(၂)၊ အုပ်ချုပ်ရေးမှူး ရုံးကို လက်လုပ်မိုင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း။
- နိုဝင်ဘာ ၂၄ ရက်တွင် ဖမ်းဆီးရန်ကျန် **သီဟနောင်နောင်(ခ) နောင်နောင်**သည် ပဲခူးမြို့ ပုဏ္ဏားစု ရပ်ကွက်ရှိ မြို့ရိုးကုန်း ဟင်းသီး ဟင်းရွက် ဈေးတန်းကို လက်လုပ်မိုင်းဖြင့် ပစ်ခတ် ခဲ့ကြောင်း သိရှိရသည်။

ပဲခူးမြို့နယ်အတွင်း PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် များ၏ အပြစ်မဲ့ပြည်သူများ အား လုပ်ကြံသတ်ဖြတ်ခြင်း၊ ပြည်သူလူထု အထိတ်တလန့် ဖြစ်စေရန်အတွက် အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ပြုလုပ်ခြင်းအား ဖမ်းဆီးရန်ကျန် **ဇေလတ်** (NLD ပါတီ ပဲခူးမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စား လှယ်ဟောင်း)က နောက်ကွယ်မှ ထောက်ပံ့၍ စေခိုင်းနေခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရှိရ သည်။

**သတင်းပေးတိုင်ကြားနိုင်**

အထက်ပါ ဖမ်းဆီးရမိသူများ အား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်း များရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြား နိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ် ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက် နိုင်ပါရန် သက်ဆိုင်ရာက မေတ္တာ ရပ်ခံ သတင်းထုတ်ပြန်ထား သည်။

**သတင်းစဉ်**



၁-၁၁-၂၀၂၁ ရက်က ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက်နေ ပြည်ခိုင်ဖြိုးပါတီဝင်၏နေအိမ်သို့ လက်လုပ်ဗုံးဖြင့် ပစ်ခတ်မှုမှ သိမ်းဆည်းရမိပစ္စည်းများ။



၁၂-၁၁-၂၀၂၁ ရက်က ပဲခူးမြို့ ဥသျှောင်မြို့သစ် ရပ်ကွက်ကြီး(၂) အုပ်ချုပ်ရေးမှူးရုံးထောင့်၌ လက်လုပ်မိုင်းပေါက်ကွဲမှုမှ သိမ်းဆည်းရမိပစ္စည်းများ။



၂၄-၁၁-၂၀၂၁ ရက်က ပဲခူးမြို့ ပုဏ္ဏားစုရပ်ကွက် မြို့ရိုးကုန်း ဟင်းသီးဟင်းရွက်ဈေးတန်း၌ လက်လုပ်မိုင်းပေါက်ကွဲမှုမှ သိမ်းဆည်းရမိပစ္စည်းများ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၁၂-၂၀၂၁ ဗုဒ္ဓဟူးနေ့

**MRTV HD**

| | |
|---|---|
| **၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော် | **၁၇:၂၀** ခေတ်အလိုက်ကြေးမုံပြင် |
| **၀၇:၀၀** နံနက်ခင်းသတင်း | **၁၇:၃၅** MRTV Travelogue |
| **၀၈:၃၅** မြန်မာနိုင်ငံ၏မြို့တော်နေပြည်တော် | **၁၈:၀၀** ပြည်တွင်းသတင်း |
| **၀၉:၁၅** မွေးမြူရေးရာအဖြာဖြာ | **၁၈:၃၀** ၂၀၁၃ ဆီးဂိမ်းအမှတ်တရအစီအစဉ် |
| **၀၉:၄၅** ကြယ်တစ်ပွင့်ကြွေလွင့်ခြင်း | **၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အတီတ်ခါးခါးအချစ်ချိုချို' (အပိုင်း-၇) |
| **၁၀:၀၀** သတင်းထဲကသတင်း | **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| **၁၀:၃၅** ရုပ်မြင်သံကြားဇာတ်လမ်း 'အပြန်အလှန်' | **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| **၁၁:၁၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် | **၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၈) |
| **၁၁:၄၅** ဆေးဖက်ဝင်ဟင်းသီး၊ ဟင်းရွက်နှင့် ကျန်းမာရေး | **၂၂:၁၀** ရုပ်မြင်သံကြားဇာတ်လမ်း 'After Me' |
| **၁၃:၃၀** MRTV National News | |
| **၁၄:၀၀** 'ဖိုးဖိုးဖွားဖွားတို့အငြိမ့်' | |
| **၁၆:၃၅** အသိပညာနှင့်အမှန်တရား 'ကျန်းမာခြင်းသည်လာဘ်တစ်ပါး' | |

သောကြာနေ့ ညတိုင်းတွင် တေးဂီတချော်ပြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Syria Pavilion at Expo 2020 Dubai
**07:34** Discovering Tribes "Rvwang" Their Life and Customs (Part-1)
**08:01** Tray Art Products
**08:11** Ocularist
**08:32** Myanmar Masterclass: Artist Khin Maung Zaw
**08:41** Clam Farming
**09:01** Myanmar Childhood Games (Episode-2)
**09:09** A Visit to Inn Ne Village
**09:29** On the River
**09:51** Temple Stalls
**10:01** Xylophone's Home
**10:22** Traditional Thatch Roof - Thet Nge

**MRTV NRC**

**ပကေးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်ဖြူလူမျိုးအများစုနေထိုင်ရာ တောင်ကျရွာလေး

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စကားပုံများအကြောင်း (အပိုင်း-၁)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဒီဖိုင်နာဟီဟီနှင့်တွေ့ဆုံမေးမြန်းခြင်း

**ချင်း (လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
ခရစ္စမတ်ရဲ့မွေးရန့်

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ဘုံတလာရေဝှဲခွန်အကြောင်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ဂဝံယဉ်ကျေးမှု

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ဝါးတုတ်ချက်နှင့်ရိုကင်းသုပ်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ကွန်ဟိန်-တောင်ကြီးကြားကရှုမငြီးတဲ့လမ်းခရီး

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ကြက်မောက်သီးနှင့်ကျန်းမာရေး

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
မနောအလှ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တာဝန်နှင့်လူ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများ အကြောင်း (သီရိလင်္ကာနိုင်ငံ)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel MRTV FARMERS' ကို နေ့စဉ်နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို ဝနေ့တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ပန်းသီးမှ တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေး သမဝါယမကဏ္ဍက ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**



ချင်းပြည်နယ်အတွင်း ပန်းသီးသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများ အောင်မြင်လာစေရန် ပန်းသီးသီးနှံစိုက်ဧကများ တိုးမြှင့်စိုက်ပျိုးလာနိုင်ပြီး အရည်အသွေးကောင်းမွန်သည့် ဒေသထွက် ပန်းသီးများ တိုးမြှင့်ထုတ်လုပ်နိုင်ရန် ပန်းသီးစိုက်တောင်သူများ၏ မိသားစုဝင်ငွေ တိုးပွားစေရန်နှင့် လူနေမှုအဆင့်အတန်းမြင့်မားလာစေပြီး ဒေသခံတောင်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ ချင်းပြည်နယ် သမဝါယမဦးစီးဌာနအနေဖြင့် တီးတိန်နှင့် မင်းတပ်မြို့နယ်တို့တွင် သမဝါယမအသင်းများဖွဲ့စည်းကာ ပန်းသီးစိုက်ပျိုးထုတ်ကုန်များ ထုတ်လုပ်သွားမည်ဖြစ်သည်။

ပန်းသီးပင်သည် စတင်စိုက်ပျိုးသည်မှ ၅ နှစ်မြောက်တွင် အသီးစတင်ဆွတ်ခူးနိုင်ပြီး ၁၅ နှစ် အထိကောင်းစွာ အသီးများဆွတ်ခူးရရှိနိုင်သည်။ တစ်ပင်လျှင် တစ်နှစ်ပျှမ်းမျှ ၃ ပိဿာနှုန်းဖြင့် တစ်ဧက ၁၉၄ ပင် စိုက်ပျိုးမှုတွင် ၅၈၂ ပိဿာ ထွက်ရှိသည်။ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ရောင်းချပါက ငွေကျပ် ၁၁ ဒသမ ၆၄ သိန်း ရရှိပြီး အချိုးကျတွက်ချက်မှုအရ ကုန်ကျစရိတ် ငွေကျပ် ငါးသိန်းဖြစ်သဖြင့် တစ်ဧက နှစ်စဉ်အမြတ် ငွေကျပ် ၆ ဒသမ ၆၄ သိန်း ရရှိမည်ဖြစ်သည်။

တောင်သူတစ်ဦးအနေဖြင့် ပန်းသီး သုံးဧက စိုက်ပျိုးနိုင်ပါက တစ်နှစ် ဝင်ငွေကျပ်သိန်း ၂၀ ရရှိမည်ဖြစ်သည်။ ပန်းသီးမှ တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ပန်းသီးဝိုင် ထုတ်လုပ်နိုင်ပါက တစ်ပုလင်း ထုတ်လုပ်မှု အကျိုးအမြတ် ငွေကျပ် ၇၆၀ ရရှိပြီး ပုလင်း ၁၀၀၀ ထုတ်လုပ်နိုင်ပါက ငွေကျပ် ၇ ဒသမ ၆ သိန်း အကျိုးအမြတ်ရရှိမည်ဖြစ်သည်။ လက်ရှိတွင် ချင်းပြည်နယ်ရှိ တီးတိန်၊ ဖလမ်းနှင့် မင်းတပ်မြို့နယ်တို့တွင် ပန်းသီးသီးနှံ ၂၉၈ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၁- မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၁၂ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၀၀၇၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၅၀/၁၂၈၀ ကျပ် | ၁၂၈၀/၁၃၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၆၀/၁၃၉၀ ကျပ် | ၁၂၉၅/၁၃၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၇၅/၁၃၀၅ ကျပ် | ၁၃၃၀/၁၃၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၃၂၅/၁၃၅၅ ကျပ် | ၁၄၃၅/၁၄၆၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၀၉ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၃ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၇၇၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၄ . ၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၂ . ၅၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၉ . ၀၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၅၂၆ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၂၃ | ၁၉၃၂၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၄၆၉ | ၁၄၅၃၇၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၀ | ၁၉၅၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၂ | ၅၉၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# နေမြဲ

ဆရာမဲဇာ

**အာဟာရအကြောင်းပြောလျှင် အစာအုပ်စုကြီးများအကြောင်းကို ချဲ့ထွင်ပြောလေ့ရှိကြပါသည်။ ယခုအခါတွင် ကလေးများပင် ကစားရင်း ပညာယူနေကြသော “ပျော်ရွှင်လေ့လာ၊ ကလေးတို့ကမ္ဘာ”အမည်ရှိ မြန်မာ့ရုပ်သံအစီအစဉ်တွင် ပါဝင်ကြည့်ရှုနိုင်ကြပေပြီ။ အစာအုပ်စုကြီးများနှင့်ပတ်သက်၍ ကလေးအရွယ်ကအစ ဗဟုသုတရလာကြပြီ။ မိဘများကလည်း ပါဝင်ပတ်သက်လာရုံမက ရုပ်/သံကြည့်ပရိသတ်များကလည်း စိတ်ဝင်စားစွာ လေ့လာနိုင်ကြပေသည်။**




ပို၍ပြည့်စုံရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ပညာရှင်များ၏ ၁၉၉၄ ခုနှစ်က အဓိပ္ပာယ်ဖွင့်ဆိုချက်များကို တင်ပြလိုပါသည်။

### အာဟာရဆိုသည်မှာ

အာဟာရကို နေ့စဉ်စားသောက်သော အစာမှရရှိ၏။ ထို့ကြောင့် အများအားဖြင့် အစာအာဟာရဟူ၍ ပေါင်းစပ်ခေါ်ဝေါ်နေကြပါသည်။ အစာထဲမှ ဓာတုပစ္စည်းများသည် အာဟာရဓာတ်များဖြစ်ကြ၏။ အစာအမျိုးအစားပေါင်းများစွာရှိသော်လည်း အာဟာရဓာတ်မှာ အုပ်စုခွဲကြည့်လျှင် အနည်းငယ်သာ ရှိပေသည်။

### မျှတသော အစားအစာ

အစားအစာ အမျိုးအစားပေါင်းများစွာရှိသည့်အနက် အချို့အစာတွင် အာဟာရဓာတ်အနည်းငယ်သာ ပါဝင်သည်။ အချို့အစာတွင် အာဟာရဓာတ်တစ်မျိုးတည်း ပမာဏများစွာ ပါဝင်၏။ အချို့အစာ၌မူ အာဟာရဓာတ်မျိုးစုံ ပါဝင်ကြပေသည်။

ကျွန်ုပ်တို့ နေ့စဉ်စားသောက်နေကြသော အစားအစာများသည် မျှတသော အစားအစာဖြစ်ရန် လိုအပ်၏။ မျှတသော အစားအစာဆိုသည်မှာ လူတို့၏ ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်များ အမျိုးအစား စုံလင်စွာ မျှမျှတတပါဝင်သော အစားအစာများပင်ဖြစ်၏။ ခန္ဓာကိုယ်အတွက် စွမ်းအင်များရရှိစေသော ကစီဓာတ်၊ အဆီဓာတ်၊ ခန္ဓာကိုယ်ကြီးထွားစေသော ပရိုတင်းဓာတ်၊ ရောဂါကာကွယ်ရေးနှင့် ခန္ဓာကိုယ် ဇီဝကမ္မပါဝင်ရန် လိုအပ်သည်။

### မျှတသော အစားအစာအကြောင်း

ဗဟုသုတတွေ ရသွားရုံနှင့် လူတို့ ကျန်းမာနိုင်ပြီလားဟူသော အမေးကို ပညာရှင်များက ၁၉၉၄ ခုနှစ်က ဤသို့ မှတ်ချက်ပေး၏။

“ကျွန်ုပ်တို့နိုင်ငံသည် ရာသီဥတု မျှတ၍ စိုက်ပျိုးရေး၊ မွေးမြူရေး ကောင်းမွန်စွာ ဖြစ်ထွန်းသည့်အလျောက် အစာရေစာပေါများသော နိုင်ငံပင်ဖြစ်၏။ ယင်းသို့ အာဟာရဓာတ်ပြည့်ဝသော အစားအစာများ ပေါများပါလျက် စနစ်တကျ မစားတတ်သောကြောင့် လူအချို့မှာ တစ်နည်းနည်းဖြင့် အာဟာရဓာတ်ချို့တဲ့ နေကြရသည်” ဟူ၏။

၁၉၉၄ ခုနှစ်တွင် စနစ်တကျ မစားတတ်သော မြန်မာတို့သည် ယခု ၂၀၂၂ ခုနှစ်တွင် စနစ်တကျ စားတတ်သွားပြီလားဟူသောမေးခွန်းကို ထပ်မံဖြေဆိုရန် လိုလာပါသည်။ အထူးသဖြင့် ၁၉၉၄ ခုနှစ်က လေ့လာသုံးသပ်ချက်များကိုမှီ၍ နှစ်ပေါင်းသုံးဆယ်နီးပါး အသိပညာပေးခဲ့သောရလဒ်များ (Health Outcome)နှင့် ကျန်းမာရေးဆိုင်ရာထိရောက်မှု (Health Impact)များကို လေ့လာသုတေသနပြုခြင်း၊ နှိုင်းယှဉ်၍ သင်ခန်းစာယူခြင်း၊ ပြုပြင်ပြောင်းလဲ၍သော်လည်းကောင်း၊ တိုးချဲ့၍သော်လည်းကောင်း ဆောင်ရွက်ခြင်းများ ပြုခဲ့ကြပါသလားဟူ၍ လက်တွေ့လုပ်ငန်းဆိုင်ရာ အမေးပုစ္ဆာများလည်း ပေါ်ပေါက်လာပါသည်။

ပညာရပ်ပိုင်းဆိုင်ရာအရ သုံးသပ်ကြည့်လျှင် အသိပညာဗဟုသုတ (Knowledge)တွေလည်း ဖြန့်ဝေပြီးဖြစ်၏။ “အာဟာရပြည့်ဝ၍ ကျန်းမာကြံ့ခိုင်သော နိုင်ငံသားများ ဖြစ်လာစေရန် မူဝါဒ” လည်းရှိ၏။ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများ ထုတ်လုပ်ရောင်းချရေးဆိုင်ရာ ဥပဒေလည်းရှိ၏။ ထိုအရာအားလုံးသည် စာရွက်ပေါ်မှာ အထောက်အထား ခိုင်လုံစွာရှိနေ၏။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ခန့်က မြန်မာနိုင်ငံတွင် အများဆုံးတွေ့ရသော အာဟာရဆိုင်ရာရောဂါများမှာ –

- ပရိုတင်း(အသားဓာတ်) အင်အားချို့တဲ့ရောဂါ၊
- အာဟာရချို့တဲ့ သွေးအားနည်းရောဂါ၊
- အိုင်အိုဒင်းချို့တဲ့ရောဂါများ၊
- ဗီတာမင်အေ ချို့တဲ့ရောဂါများ

ဖြစ်ကြောင်း သုံးသပ်ထား၏။

ဆက်လက်၍လည်း အစားအစာနှင့် ပတ်သက်နေသော ဆီးချိုရောဂါ၊သွေးတိုးရောဂါ၊ နှလုံး/ နှလုံးသွေးကြောကျဉ်းရောဂါ၊ အဝလွန်ခြင်းနှင့် အဆစ်ရောင်ရောဂါများအကြောင်းကို ဆက်စပ်တင်ပြထားကြပါသည်။ ထိုစဉ်က နိုင်ငံသားများ သေဆုံးရခြင်းအကြောင်းခံများတွင် ကူးစက်တတ်သော ရောဂါများက အများစုဖြစ်ပြီး ယခုအခါ မကူးစက်တတ်သောရောဂါများဖြစ်သည့် ဆီးချို၊ နှလုံး၊ သွေးတိုး၊ လေဖြတ်၊ အသည်းရောဂါအမျိုးမျိုးတို့မှာ အဝလွန်ရောဂါနောက်မှလိုက်၍ ကျော်တက်နေကြပြီဖြစ်ပါသည်။

ရှေးယခင်ကမူ “ဝမှ လှသည်” ထင်ကြပါ၏။ တိုင်းသူပြည်သားတွေ အစာဝဝစားရအောင် နိုင်ငံရေးအရ စည်းရုံးခဲ့ကြပါ၏။ လူမှုရေးအရလည်း တွန်းအားပေးခဲ့ကြပါ၏။ တစ်ချိန်ကမူ “ပိန်မှလှသည်” ဟူ၍ စူပါမော်ဒယ် ပိန်ပိန်ကလေးများသည် စင်ပေါ်ရောက်လာ၏။ ပိန်ချင်သူများအတွက် အာဟာရ အကြံပေးပညာရှင်များ၊ ကီတိုအစာ (Keto Dict)ကအစ တီထွင်ရောင်းချလာကြသူများက နေရာရလာ၏။ တွင်ကျယ်လာ၏။ မော်ဒယ်ဖြစ်ချင်သူတွေသာမဟုတ် အဝလွန်သော ကလေးများအတွက်ပါ ပိန်အောင်လုပ်ပေးမည့် ပညာရှင်များပေါ်လာ၏။

မြန်မာပြည်မှာ ဆယ်ပေါင်လူဝအားတိုးဆေးများ၏ အသံတိမ်သွားသော်လည်း အဝလွန်သော လူကြီးလူငယ်များ ပြည်လုံးအနှံ့ပြန့်၍ နေပါပြီ။ စားနိုင်သောက်နိုင်၍ ဝဖြိုးနေကြသလား။ မစားတတ် မသောက်တတ်၍ အဝလွန်နေကြသလားဟု သုတေသနပြုကြရန် လိုတော့၏။

### အခက်အခဲ အနည်းငယ်ရှိ

“ဝလို့ လှလို့ပါလား” ဟူသော ပဋိသန္ဓာရ စကားမှာ လူမှုရေးစံတစ်ခုလို ထင်ဟပ်ခဲ့ပါသည်။ အမှန်တော့ တစ်ယောက်အပေါ် တစ်ယောက် ဂရုစိုက်သည့်သဘောဖြင့် “ပိန်သွားတယ်”၊ “ဝလာတယ်” စသည်ဖြင့် ပေးကြသော မှတ်ချက်များမှာ အလေးအနက်ထားတတ်သူတွေအတွက် အခက်အခဲ အနည်းငယ်ရှိပါသည်။

“စားလို့ကောင်း၊ သောက်လို့ကောင်း၊ တစ်ဖျောင်းဖျောင်းပဲ”ဟူ၍ တုံ့ပြန်သူများကိုကြည့်လျှင်လည်း ကြိုက်သည့်အစာကို အားရပါးရစားခွင့်ရနေသည်ကို ကျေနပ်နေသည့် သဘောဆောင်၏။ မျှတအောင် စားမည့်အစား ကြိုက်ရာကို ဝအောင်စားဖို့ တွန်းအားတွေ ရှိနေပါသည်။ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံတစ်နိုင်ငံ (LDC) သည် စားချင်တာနှင့် စားရတာ ကွဲလွဲမှုများလှသဖြင့် အခွင့်အရေးသာရလျှင် သတိမထားဘဲ စားမိတတ်ကြပါ၏။

မြန်မာတွေ ဘယ်လိုအစားအစာ ကြိုက်တတ်ပါသနည်း။

အချို၊ အငန်၊ အဆီများများပါသော အစားအစာများကို ကြိုက်တတ်ပါသည်။

အားလုံးကြိုက်ကြသည်မှာ အချိုပင်ဖြစ်ပါသည်။ အချိုရည်အမျိုးမျိုး ဈေးကွက်ထဲမှာ တွင်ကျယ်နေသည်ကို တွေ့နိုင်ပါသည်။ သို့ဖြစ်၍ ကြော်ငြာများတွင် အချိုရည်ကြော်ငြာများမှာ လက်ညှိုးထိုးမလွဲ၊ ရုပ်/သံတွင် ရှောင်မလွဲ ဖြစ်နေပါသည်။ ကြိုက်၍သော်လည်း အမောပြေသော်လည်း အားရှိအောင် သောက်သည်။

အမှန်တော့ အချိုရည်သောက်၍ အားရှိသွားကြောင်း ကမ္ဘာပေါ်တွင် အထောက်အထားမရှိပါ။ ထိုအချိုရည်ထဲတွင် ဘယ်လိုဆေးဝါးဓာတ်ပစ္စည်းတွေ ရောစပ်ထား၍ မစားဘဲ၊ မအိပ်ဘဲ အလုပ်လုပ်နိုင်သည်ဆိုသည့်အချက်ကို အခွင့်အရေးအဖြစ် အသုံးချနေသော လုပ်ငန်းများထဲတွင် လူကုန်ကူးလုပ်ငန်းများလည်းပါ၏။ မူးယစ်ဆေးကုန်ကူးလုပ်ငန်းများလည်းပါ၏။ ဒုစရိုက်လုပ်ငန်းများလည်းပါလေသည်။ မည်သို့ပင်ဖြစ်စေ တစ်တိုင်းပြည်လုံးမှာ အချိုရည်အမျိုးမျိုး လွှမ်း၍နေ၏။

၂၀၁၇ ခုနှစ်က ပြုလုပ်သော လူထုကျန်းမာရေးဆိုင်ရာ မဟာမဲခေါင်ဒေသတွင်း နိုင်ငံကိုယ်စားလှယ်များ၏ အစည်းအဝေးတွင် ထိုင်းနိုင်ငံမှ ပါမောက္ခက သူတို့နိုင်ငံတွင် မူလတန်းကလေးများကို အဓိကထား၍ အချိုရည် သောက်သုံးမှု ရှောင်ရှားရေး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ပြောခဲ့ပါသည်။ ထိုင်းနိုင်ငံတွင် ကလေးများ အဝလွန်လျက်ရှိ၏။ အချိုအလွန်ကြိုက်သော လူမျိုးများမှာ စီးပွားကောင်း၍ အသားကောင်းကောင်း များများစားရသောအခါ အဝလွန်၍ ရောဂါစုံလာ၏။ ဘေးနားကကပ်၍အရိုးအရင်း အကြွင်းအကျန်စားနေသောခွေးများပင် အဝလွန်နေကြသည်ကို တွေ့နေရ၏။

### အဟန့်အတားမရှိဖြစ်နေ

မြန်မာတို့၏ ကလေးများမှာမူ အကြောင်းအမျိုးမျိုးကြောင့် မျှတသော အာဟာရများကို စားသုံးခွင့်မကြုံသော်လည်း ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေသော အစာတု၊ အစာယောင်၊ ဆေးဆိုးအစာ၊ အချိုရည်များကို ကျေးရွာအရောက် ခရီးပေါက်အောင် ရောင်းချနေသူများကို ဟန့်တားမည့်သူမရှိ။ လူထုကျန်းမာရေးကို ထိခိုက်စေသည့် အလုပ်များကို သိလျက်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေလုပ်ကြသော အရာများတွင် ဈေးကွက်ထဲမှ အစားအစာများသည် အဟန့်အတားမရှိ ဖြစ်နေ၏။ တောရွာအထိ တွင်ကျယ်စွာ ရောင်းဝယ်နေကြသူများ အသိတရားဖြင့် သားသမီးချင်း စာနာတတ်လျှင် ကောင်းလေစွဟု ယူဆမိပါ၏။

“အစာအုပ်စုကြီးတွေ အကြောင်း မသိချင်ပါ။ မျှတသော အစာစားဖို့ အလုပ်ရှုပ်မခံနိုင်ပါ။ အားရှိဖို့လိုသည်။ တစ်ပွဲတိုး အားရှိလျှင်တော်ပြီ။ ဘာစားရမှာလဲ။ အားရှိဖို့ သေချာလျှင် အားရပါးရ စားပစ်လိုက်မည်” ဤကား အရှေ့တိုင်းသားများစွာတို့၏ အိပ်မက်။ အားလုံး အားရှိချင်ကြ၏။ အားတိုးဆေးရှာနေကြ၏။

ထိုအထဲတွင် မီးလောင်ရာ လေပင့်သော အတွေးအခေါ်တစ်ခု ဝင်လာ၏။

“အစာလည်းဆေး၊ ဆေးလည်းအစာ”ဟု ဆိုလာသောအခါ ဆေးရှာနေသောသူများ အကြိုက်တွေ့၏။ ဆေးရောင်းသူများက အစာကို ဆေးဖြစ်ဝါးဖြစ်ထုတ်လုပ်ကာ ချမ်းသာသွားကြလေသည်။ လူထုကား အာဟာရချို့တဲ့မြဲ။ ။

**✻ မြန်မာတို့၏ ကလေးများမှာမူ အကြောင်းအမျိုးမျိုးကြောင့် မျှတသောအာဟာရများကို စားသုံးခွင့်မကြုံသော်လည်း ကျန်းမာရေးအတွက် အန္တရာယ်ဖြစ်စေသော အစာတု၊ အစာယောင်၊ ဆေးဆိုးအစာ၊ အချိုရည်များကို ကျေးရွာအရောက် ခရီးပေါက်အောင် ရောင်းချနေသူများကို ဟန့်တားမည့်သူမရှိ။ လူထုကျန်းမာရေးကို ထိခိုက်စေသည့်အလုပ်များကို သိလျက်ဖြစ်စေ၊ မသိဘဲနှင့်ဖြစ်စေ လုပ်ကြသောအရာများတွင် ဈေးကွက်ထဲမှ အစားအစာများသည် အဟန့်အတားမရှိ ဖြစ်နေ၏**

## ထားဝယ်မြို့၌ ဖောင်းတောချောင်းတွင် ရေအားနှင့် လေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်း ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ လေ့လာခြင်းအစီရင်ခံစာရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး မေတ္တာမြို့နယ် ဖောင်းတောချောင်းတွင် ရေအားနှင့် လေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်း ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ လေ့လာခြင်း အစီရင်ခံစာ တင်ပြရန်အတွက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် နားလည်မှုမှတ်တမ်းလက်မှတ် ရေးထိုးထားသည့် ပန်းသိင်္ဂီစွမ်းအင် ကုမ္ပဏီလီမိတက်မှ စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ လေ့လာခြင်း အစီရင်ခံစာ Fs Report (Technical) အား တနင်္သာတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ စိစစ်ရေးကော်မတီသို့ လာရောက်ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယမန်နေ့က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။(**အပေါ်ယာပုံ**)



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဖောင်းတော ရေအားလျှပ်စစ်စီမံကိန်းတွင် မူလရှိပြီးဖြစ်သည့် လျှပ်စစ်စီမံကိန်းကို အဆင့်မြှင့်တင်ပြီး ဆောင်ရွက်နိုင်ရန်အတွက် ဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ဖောင်းတောမီးစက်သည် ဟိန္ဒူသတ္တုတွင်းလုပ်ငန်းခွင်သို့ လျှပ်စစ်ဓာတ်အားပို့လွှတ်နေသည့် မီးစက်ဖြစ်ပြီး ၁၉၃၆ ခုနှစ်တွင် စတင်တည်ဆောက်၍ ၁၉၃၉ ခုနှစ်တွင် စတင်လည်ပတ်ခဲ့သော ရေအားဖြင့် လည်ပတ်သည့် တာဘိုင်လျှပ်စစ်ဓာတ်အားထုတ်စက်ဖြစ်ကြောင်း၊တာဘိုင် လျှပ်စစ်ဓာတ်အားပေးစက်မှာ နှစ်ပေါင်းကြာမြင့်ခဲ့ပြီ ဖြစ်သည့်အတွက် ယခုအခြေအနေတွင် စွမ်းအားပြည့် မလည်ပတ်နိုင်ကြောင်း သိရှိရပြီး လျှပ်စစ်ဓာတ်အားပေးစက် အဆင့်မြှင့်တင်လိုက်မည်ဆိုပါက ထားဝယ်ခရိုင်အတွင်း လျှပ်စစ်ဓာတ်အား လုံလုံလောက်လောက် စျေးနှုန်းသက်သာစွာဖြင့် ရနိုင်မည်ဖြစ်ကြောင်း စသည့်ဖြင့် ပြောကြားသည်။

ထို့နောက် ပန်းသိင်္ဂီစွမ်းအင် ကုမ္ပဏီလီမိတက်က Fs Report (Technical)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် ကော်မတီဝင်များက လိုအပ်သည်များ ဖြည့်စွက် ဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တောင်ကြီး၌ မေထုန်မဲ့သားစပ်ခြင်း၊ တိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်း၊ မြက်ချဉ်ဖတ်ပြုလုပ်ခြင်းနှင့် ဇီဝမြေဩဇာပြုလုပ်နည်းသင်တန်းဖွင့်ပွဲကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော နွားမေထုန်မဲ့သားစပ်ခြင်း၊ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း၊ မြက်ချဉ်ဖတ်ပြုလုပ်ခြင်းနှင့် ဇီဝဓာတ်မြေဩဇာ ပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို ယမန်နေ့က တောင်ကြီးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး နေခင်ရင်းခန်းမ၌ ကျင်းပသည်။(**အောက်ပုံ**)

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဝင်းဇင်မောင်က နွားမေထုန်မဲ့သားစပ်နည်းနှင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ဌာနမှ ဝန်ထမ်းအင်အားမလုံလောက်ခြင်းကြောင့် သက်ဆိုင်ရာ မြို့နယ်များတွင် မေထုန်မဲ့သားစပ် ကျွမ်းကျင်သူများကို သင်တန်းပေး မွေးထုတ်ပြီး မိမိဒေသတွင် မေထုန်မဲ့ သားစပ်လုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နွားမေထုန်မဲ့သားစပ် ကျွမ်းကျင်သူများ မွေးထုတ်ပေးနိုင်ရန် သင်တန်းများကို ညွှန်ကြားရေးမှူးချုပ်ရုံးက ကျွမ်းကျင်သူပညာရှင်များနှင့် ပေါင်းစပ်ပြီး သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



သင်တန်းတွင် မေထုန်မဲ့သားစပ်လုပ်ငန်းသမိုင်း၊ နွားမေထုန်မဲ့သားစပ်ခြင်းနှင့် နွားမမျိုးပွားအင်္ဂါ စမ်းသပ်ခြင်း (လက်တွေ့)၊ဇီဝဓာတ်မြေဩဇာပြုလုပ်ခြင်း အကျိုးကျေးဇူးများ မေထုန်မဲ့သားစပ်ခြင်း၏ အကျိုးကျေးဇူးနှင့် ဆိုးကျိုးများ၊ မေထုန်မဲ့သားစပ်ကိရိယာများ ပြင်ဆင်ခြင်း၊ မျိုးအောင်မြင်မှုကို အကျိုးသက်ရောက်စေသော အချက်များ၊ ခေါင်းစဉ်များကို သင်တန်းနည်းပြများက ပို့ချရှင်းလင်းတင်ပြခြင်းများကို စာတွေ့/ လက်တွေ့ ၁၀ ရက်ကြာ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၂၅ ဦး တက်ရောက်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းတွင် Mask Campaign ဆောင်ရွက်

**ကျောက်ဖြူ ဒီဇင်ဘာ ၂၁**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းတွင် ခိုလှုံနေသော ပြည်သူများအား ကိုဗစ်- ၁၉ ရောဂါကူးစက်မှုမှ ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒီဇင်ဘာ ၂၁ ရက်က အဆိုပါခိုလှုံ ရာစခန်းသို့ သွားရောက်၍ Mask Campaign ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ၎င်း IDPs စခန်းဝင်းအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားနေသည့်ကျောင်းသား ကျောင်းသူများနှင့် စျေးဆိုင်အသီးသီးတွင် စျေးရောင်းချနေကြသူများ၊ သွားလာလှုပ်ရှားနေသူများကို ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်ဆေးစေခြင်းများကို ဆောင်ရွက်ပေးပြီး နှာခေါင်းစည်းအခု ၈၀၀ ကျော်ကို အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်ပြီး အဆိုပါဝန်ထမ်းများသည် မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်ဖြင့် လှည့်လည်၍ ပြည်သူများသိရှိလိုက်နာ ဆောင်ရွက်ရမည့် စည်းကမ်းချက်များအား အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး၊ဖြိုးဝေလင်း (ပြန်/ဆက်)**

## မတ္တရာမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**မတ္တရာ ဒီဇင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြုလုပ်ပေးလျက်ရှိရာ ယမန်နေ့က သုံးဆယ်ပေးကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် သုံးဆယ်ပေးကျေးရွာမှ အသက် ၁၆ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## သရက်မြို့၌ ပြည်သူများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိ

**သရက် ဒီဇင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရန် ကျန်ရှိသောပြည်သူများကို ပထမအကြိမ် ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးခြင်းလုပ်ငန်းများကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက ပြည်တော်အေးရပ်ကွက်ရှိ ဆင်ဖြူတော်ဓမ္မာရုံ၌ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သရက်မြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၂၀ ရက်အထိ ဆေးပုလင်းအလုံးရေ ၉၄၅၆ လုံးရရှိခဲ့ပြီး ဆေးထိုးနှံပြီးသူ ၃၈၃၈၄ ဦးအား ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင်လည်း အဖွဲ့များခွဲ၍ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**

## ရပ်စောက်၌ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးလျက်ရှိ

**ရပ်စောက် ဒီဇင်ဘာ ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးသို့ သွားရောက်ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း စာကြည့်တိုက်သို့ လာရောက်ငှားရန် အခက်အခဲရှိနေသည့် စာဖတ်ပရိသတ်များအတွက် စာပေဖတ်ရှုမှုအဆင်ပြေစေရန်နှင့် အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ သုတ၊ ရသစာအုပ်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများအား ငှားရမ်းပေးခဲ့ကြောင်းသိရပြီး ရွေ့လျားစနစ်ဖြင့် စာအုပ်ငှားရမ်းခြင်းကို အပတ်စဉ် အင်္ဂါနေ့တိုင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

## မုဒုံမြို့၌ စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်

**မုဒုံ ဒီဇင်ဘာ ၂၁**

မွန်ပြည်နယ် မုဒုံမြို့နယ်သာယာကုန်းကျေးရွာတွင် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို အသေးစားစက်မှု၊ လက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာကျောင်းမှ ယမန်နေ့က ဖွင့်လှစ်ပေးသည်။

သင်တန်းဖွင့်ပွဲတွင် မုဒုံမြို့နယ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက ကျေးလက်နေ ဒေသခံတိုင်းရင်းသားများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများနှင့် မိသားစုစားဝတ်နေရေး အဆင်ပြေစေရန်၊ အရည်အသွေးပြည့်မီသော ဘေးအန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာများ ထူထောင်နိုင်စေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ကျေးလက်နေပြည်သူ သင်တန်းသား ၂၀ အား သင်တန်းနည်းပြနှစ်ဦးဖြင့် ဒီဇင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**



# AICTA 2021 ပြိုင်ပွဲ နောက်ဆုံးအဆင့် အနိုင်ရသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

(၉)ကြိမ်မြောက် ASEAN ICT Awards 2021 ပြိုင်ပွဲကို ယခုနှစ်တွင် အလှည့်ကျအိမ်ရှင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံက ဦးစီး၍ အွန်လိုင်းမှတစ်ဆင့် ကျင်းပလျက်ရှိရာ ပြိုင်ပွဲ၏ နောက်ဆုံးအဆင့် အနိုင်ရသူများအား ရွေးချယ်သည့် နောက်ဆုံးအဆင့်အကဲဖြတ်ခြင်းကို ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်က အွန်လိုင်းမှတစ်ဆင့် ပြုလုပ်ခဲ့ပြီးနောက် အနိုင်ရရှိသူများစာရင်းကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ဒီဇင်ဘာ ၁၇ ရက်တွင် ထုတ်ပြန်ကြေညာသည်။

နောက်ဆုံးအဆင့်အကဲဖြတ်ခြင်းတွင် Public Sector ၊ Private Sector ၊ Corporate Social Responsibility ၊ Digital Content ၊ Start-up Company နှင့် Research and Development ဟူ၍ ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးမှ ဆန်ခါတင်အဆင့် ရွေးချယ်ခံထားရသော ပြိုင်ပွဲဝင် ၁၈ ဦးက Presentation များ တင်ဆက်ပြသ ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်များအား အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ ဒိုင်များက အမေးအဖြေများပြုလုပ်၍ စိစစ်အမှတ်ပေးပြီး အနိုင်ရရှိသူများ(Winners)ကို အဆင့်အလိုက် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအမျိုးအစား တစ်ခုချင်းအလိုက် ရွှေတံဆိပ်ရရှိမှုများမှာ-

Public Sector တွင် အင်ဒိုနီးရှားမှ Jakarta Smart City ကုမ္ပဏီ၏ JAKI(Jakarta Kini)

Private Sector တွင် အင်ဒိုနီးရှားမှ Nodeflux Teknologi Indonesia ၏ Nodeflux

Corporate Social Responsibility ပြိုင်ပွဲတွင် ဗီယက်နမ်မှ VinBrain Joint Stock ကုမ္ပဏီ၏ DrAidTM for COVID-19

Digital Content ပြိုင်ပွဲတွင် ဘရူနိုင်းမှ Rumine Corporation ၏ Techsim




Start-up Company ပြိုင်ပွဲတွင် ကမ္ဘောဒီးယားမှ PillTech Solutions ကုမ္ပဏီလီမိတက်၏ PillTech POS And Ordering(Telehealth and E-Pharmacy)

Research and Development ပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ T-NET ကုမ္ပဏီလီမိတက်၏ Drone Detection System တို့ ဖြစ်သည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ၂၀၂၂ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဗာကျူရယ်စနစ်ဖြင့် ကျင်းပပြုလုပ်မည့် ဒုတိယအကြိမ်မြောက် အာဆီယံ ဒစ်ဂျစ်တယ်ဆိုင်ရာဝန်ကြီးများ အစည်းအဝေးတွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်းလည်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ASEAN ICT Award ပြိုင်ပွဲကို ၂၀၁၂ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံ၌ စတင်ကျင်းပခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများက အိမ်ရှင်အဖြစ် အလှည့်ကျတာဝန်ယူ၍ နှစ်စဉ်ကျင်းပခဲ့ကာ အာဆီယံနိုင်ငံများအတွင်းမှ နည်းပညာလုပ်ငန်းများ ပါဝင်ယှဉ်ပြိုင်ကြသည့် ပြိုင်ပွဲဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ သိရသည်။

**ကိုစိုး**

# ပရီမီယာလိဂ် တိုက်ရိုက်ပွဲစဉ်များကို MPT IPTV တွင် စာရင်းသွင်းခပေးရန်မလိုဘဲ ကြည့်ရှုနိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၁**

MPT ဆင်းကတ်များကို အသုံးပြုနေသူများအနေဖြင့် MPT IPTV အက်ပလီကေးရှင်းမှတစ်ဆင့် ၂၀၂၁-၂၀၂၂ ရာသီသစ် အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပွဲစဉ်များကို ဒီဇင်ဘာ ၁၁ ရက်မှစ၍ တိုက်ရိုက်ကြည့်ရှုနိုင်ကြောင်း MPT က သတင်းထုတ်ပြန်ထားသည်။

MPT IPTV အက်ပလီကေးရှင်းမှတစ်ဆင့် အင်္ဂလိပ်ပရီမီယာလိဂ် တိုက်ရိုက်ပွဲစဉ်များကို ထုတ်လွှင့်သည့် ရုပ်သံလိုင်းများဖြစ်သော SPORTS 6၊ SPORTS 1၊ SPORTS 2၊ SPORTS 3 ၊ SPORTS 4 ၊ SPORTS 5 နှင့် SPORTS + လိုင်းများအပြင် တစ်ပတ်တာအကောင်းဆုံး သွင်းဂိုးနှင့် ပွဲစဉ်သုံးသပ်ချက်များကိုပါ ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

MPT IPTV ဝန်ဆောင်မှုသည် ပြည်တွင်း၊ ပြည်ပတိုက်ရိုက်ထုတ်လွှင့်သည့် ရုပ်သံလိုင်းများအပြင် ရုပ်ရှင်ဇာတ်လမ်းများ၊ Drama Show များ၊ မှတ်တမ်းရုပ်ရှင်နှင့် ကလေးများအတွက် အစီအစဉ်များပါဝင်သည့် Video-on-demand (VOD) ဝန်ဆောင်မှုတစ်ခုဖြစ်ပြီး မကြည့်ရှုလိုက်ရသည့် ရုပ်သံအစီအစဉ်များကို ပြန်လည်ကြည့်ရှုနိုင်မည့် "ပြန်ကြည့် Function" လည်း ပါဝင်သည်။ MPT ဆင်းကတ် သုံးစွဲသူများအနေဖြင့် စာရင်းသွင်းခ ပေးဆောင်ရန်မလိုဘဲ ကြည့်ရှုနိုင်မည်ဖြစ်သော်လည်း ကြည့်ရှုရာတွင် ဝယ်ယူထားသည့်ဒေတာဖြင့်သာ ကြည့်ရှုရမည်ဖြစ်ပြီး လက်ဆောင်ရရှိထားသည့် ဒေတာများဖြင့် ကြည့်ရှု၍မရနိုင်ကြောင်း သိရသည်။

MPT ၏ IPTV အက်ပလီကေးရှင်းကို အန်းဒရွိုက်နှင့် iOS နှစ်မျိုးလုံးတွင် ရယူအသုံးပြုနိုင်ပြီး MPT အင်တာနက်လိုင်းဖြင့် အန်းဒရွိုက်ဖုန်းများတွင် မိုဘိုင်း browser များမှလည်း အသုံးပြုနိုင်မည်ဖြစ်သည်။ အန်းဒရွိုက်ဖုန်း အသုံးပြုသူများသည် အက်ပလီကေးရှင်းကို ပလေးစတိုးတွင်လည်းကောင်း၊ iOS အသုံးပြုသူများသည် App Store တွင်လည်းကောင်း ဒေါင်းလုပ်ရယူနိုင်ကြောင်း သိရသည်။

**ကိုစိုး**

# Tech Age Girl အစီအစဉ်၏ နောက်ဆုံးအဆင့်ပြိုင်ပွဲတွင် ဆုရရှိသူ ၄၀ အား ထုတ်ပြန်ကြေညာ

**ရန်ကုန် ဒီဇင်ဘာ ၂၁**

ပြည်တွင်းရှိ အသက် ၁၆ နှစ်မှ ၂၀ အကြား အမျိုးသမီးငယ်လေးများအား ခေါင်းဆောင်မှုနှင့် ရပ်ရွာဖွံ့ဖြိုးရေးအတွက် နည်းပညာကျွမ်းကျင်မှုကို ကောင်းစွာအသုံးချနိုင်ရန် ပံ့ပိုးသင်ကြားပေးသည့် တစ်နှစ်ကြာအစီအစဉ်ဖြစ်သော Tech Age Girl 2021 ကို Myanmar Book Aid and Preservation Foundation(MBAPF)က ပြုလုပ်ခဲ့ပြီးနောက် အစီအစဉ်၏ နောက်ဆုံးအဆင့် လူမှုဝန်းကျင်အကျိုးပြုစီမံကိန်းပြိုင်ပွဲတွင် အနိုင်ရရှိသူ ၄၀ စာရင်းကို အစီအစဉ်အတွက် အဓိက ကူညီပံ့ပိုးသူ အူရီဒူးမြန်မာက ဒီဇင်ဘာလ ဒုတိယပတ်အတွင်းက ထုတ်ပြန်ကြေညာထားသည်။

Tech Age Girl အစီအစဉ်သည် အမျိုးသမီးငယ်များ၏ ခေါင်းဆောင်မှုနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာကို အကျိုးရှိစွာ အသုံးချနိုင်စေမည်ဖြစ်၍ ပါဝင်သည့် အမျိုးသမီးငယ်များသာမက ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းကိုပါ အကျိုးပြုနိုင်မည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် အမျိုးသမီးငယ် ၂၀၀ ကျော်အား တစ်နှစ်ကြာမြင့်သည့် လေ့ကျင့်သင်ကြားမှုများပြုလုပ်ပြီးနောက် လူမှုဝန်းကျင်အကျိုးပြုစီမံကိန်းပြိုင်ပွဲကို ပြုလုပ်၍ အနိုင်ရရှိသူများအား ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အနိုင်ရရှိသူ ၄၀ သည် ဒီဇင်ဘာ ၁၃ ရက်မှ ၂၁ ရက်အထိ ကိုးရက်ကြာကျင်းပသည့် ခေါင်းဆောင်မှုထိပ်သီးအစည်းအဝေးသို့လည်း တက်ရောက်ခဲ့ပြီး သက်ဆိုင်ရာဒေသများရှိ ၎င်းတို့ အဆိုတင်သွင်းထားသော လူမှုဝန်းကျင်အကျိုးပြုစီမံကိန်းများကို ဆောင်ရွက်ရန် လိုအပ်သောလမ်းညွှန်မှု၊ နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုများကိုလည်း ရရှိမည်ဖြစ်ကြောင်း၊ အူရီဒူးမြန်မာကလည်း ဆုရရှိသူများအားလုံးကို သက်ဆိုင်ရာနေရာဒေသအသီးသီး၌ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် လက်ပ်တော့အသစ် တစ်လုံးစီကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ ခုနှစ်မှစတင်၍ အူရီဒူးမြန်မာသည် Tech Age Girl အစီအစဉ်အတွက် အင်တာနက်ချိတ်ဆက်မှုနှင့် ဒစ်ဂျစ်တယ်ကိရိယာများကို ပံ့ပိုးပေးခဲ့ပြီး အစီအစဉ်၏ရလဒ်များအရ အူရီဒူးမြန်မာသည် ၂၀၁၉ ခုနှစ်တွင် TAG ၏ အဓိကပံ့ပိုးကူညီသူ ဖြစ်လာခဲ့ကာ Tech Age Girls 2020-2021 တွင် ပုံမှန်အစီအစဉ်များထက် ပါဝင်သူဦးရေ နှစ်ဆ ပိုမိုပါဝင်နိုင်အောင် အူရီဒူးမြန်မာက တိုးမြှင့်ပံ့ပိုးပေးခဲ့သည့်အတွက် Tech Age Girls 2020-2021 တွင် အမျိုးသမီးငယ်ပေါင်း ၂၀၀ ကျော် ပါဝင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

**New Product**

# ကင်မရာပိုင်းစွမ်းဆောင်ရည် ကောင်းမွန်တဲ့ Vivo Y33s စမတ်ဖုန်းသစ်

Vivo Y33s ဖုန်းဟာ တရုတ်နိုင်ငံအတွင်းဈေးကွက်မှာ ဩဂုတ်လကုန်ပိုင်းကတည်းက စတင်မိတ်ဆက်ခဲ့ပေမယ့် ပြည်တွင်းဈေးကွက်မှာတော့ ဒီဇင်ဘာလဆန်းအတွင်း အကြိုမှာယူမှုလက်ခံပြီး ဒီဇင်ဘာ ၁၈ ရက်ကမှ စတင်ရောင်းချတဲ့ အလယ်အလတ်တန်း ဖုန်းမော်ဒယ်သစ်တစ်မျိုး ဖြစ်ပါတယ်။ အထူးသဖြင့် ကင်မရာပိုင်းစွမ်းဆောင်ရည်ကောင်းပြီး ကိုယ်ထည်ဒီဇိုင်းပိုင်းကလည်း လှပတာကြောင့် လက်ရှိအချိန်မှာ ပြည်တွင်းဈေးကွက်အတွင်းမှာ စိတ်ဝင်စားမှုကို ရရှိနေပါတယ်။ စွမ်းဆောင်ရည်ပိုင်းကလည်း ဈေးနှုန်းနဲ့ယှဉ်ရင် ကောင်းမွန်တာတွေ့ရပါတယ်။ Vivo Y33s ဖုန်းသစ်ရဲ့ အဓိကကျတဲ့အချက်အချို့ကို ဖော်ပြလိုက်ပါတယ်။



| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၅၈ လက်မ |
| မျက်နှာပြင်အမျိုးအစား | IPS LCD |
| Resolution | 1080 x 2408 pixels |
| အန်းဒရွိုက်ဗားရှင်းနဲ့UI | Android 11, Funtouch 11.1 |
| Chipset | CU Helio G80(12 nm) |
| CPU | Octa-core(Cortex-A75 & A55) |
| RAM နဲ့ မင်မိုရီ | 4/128, 8/128 (SD Card စိုက်နိုင်) |
| ပင်မကင်မရာ | 50+2+2 MP Triple Camera |
| ဆယ်လ်ဖီကင်မရာ | 16 MP(Wide) |
| USB | Type-C 2.0, On-The-Go |
| ဘက်ထရီ | Li-Po 5000 mAh |
| အားသွင်းစနစ် | 18W အမြန်အားသွင်းစနစ်, Reverse charging |

ဒီဖုန်းကို နိုင်ငံတကာဈေးကွက်မှာ RAM 4/128 နဲ့ 8/128 လို့ နှစ်မျိုးမိတ်ဆက်ထားပေမယ့် ပြည်တွင်းဈေးကွက်ကိုတော့ 8/128 တစ်မျိုးပဲ ဝင်လာတာတွေ့ရပါတယ်။ ပင်မကင်မရာဟာ 4K အရည်အသွေး ဗီဒီယိုတွေအထိ ရိုက်ကူးနိုင်မှာဖြစ်ပြီး ဆယ်ဖီကင်မရာမှာလည်း အလင်းရောင်အားနည်းချိန်မှာပါ အရည်အသွေးမြင့်တဲ့ပုံတွေ ရိုက်ကူးနိုင်မယ့် Super Night လုပ်ဆောင်ချက်ကြောင့် ကင်မရာကောင်းမွန်တာကို ကြိုက်သူတွေအတွက် ပိုပြီးသင့်တော်မယ့်ဖုန်းဖြစ်ပါတယ်။ ကိုယ်ထည်အရောင် အနေနဲ့အမည်းနဲ့ အဖြူ နှစ်မျိုး ရနိုင်မှာဖြစ်ပြီး ဈေးနှုန်းက ငွေကျပ် ၄၇၉၈၀၀ ဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

# ပညာရေးဖွံ့ဖြိုးတိုးတက်ရေး

**ပါမောက္ခ မောင်လွင်**

"Education is the most powerful weapon which you can use to change the world."

Nelson Mandela.

ပညာရေးနှင့်ပတ်သက်၍ ရှေးပညာရှင်ကြီးများက အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ပညာရေးသည် လူသားမျိုးနွယ်အတွက် အလွန်အရေးကြီးသောအခန်းကဏ္ဍဖြစ်သည်။ ယနေ့ဖွံ့ဖြိုးတိုးတက်နေသောတိုင်းပြည်များသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုမှ ပြောင်းလဲလာခြင်းသာဖြစ်ပါသည်။ ပညာရေးဖွံ့ဖြိုးတိုးတက်မှုမရဘဲ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်သွားသောနိုင်ငံဟူသည် ယနေ့ကမ္ဘာမှာ မရှိသလို နောင်အနာဂတ်ကမ္ဘာမှာလည်း ရှိမည်မဟုတ်ပါ။

ပညာရေးသည် လူ့သဘာဝ၊ အပြုအမူနှင့်ပတ်ဝန်းကျင်အတွက် အပြုသဘောဆောင်သည့် ပြောင်းလဲမှုများကို ဖန်တီးပေးနိုင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ပညာရေးကို လေ့လာမှုမှတစ်ဆင့် အသုံးချမှုသို့ပြောင်းလဲကာ ကမ္ဘာကြီးကို ပြောင်းလဲလာကြသည်။ တစ်နည်းအားဖြင့်ဆိုသော် ပညာရေးသည် ကမ္ဘာကြီး နိုင်ငံများတိုးတက်ရန် လမ်းကြောင်းဟုပြော၍ရပါသည်။ စာဆိုကြီး Malcolm X ကလည်း ပညာရေးနှင့်ပတ်သက်၍ "Education is the passport to the future, for tomorrow belongs to those prepare for it today" ဟု ရေးသားဖော်ပြထားသည်ကို တွေ့ရပါသည်။

### လူမှုစရိုက်များသင်ယူနိုင်

ပညာရေးသည် စာသင်ခန်း၏ နံရံလေးဖက်တွင် နေရာယူထားသည်ထက် ကျော်လွန်သည်ကို အထူးသတိပြုသင့်ပါသည်။ ကလေးတစ်ဦးသည် စာအုပ်ထဲရှိစာများ သင်ကြားခြင်းထက် ကျောင်းပြင်ပ အတွေ့အကြုံများ၊ လူနှင့်လူ့ပတ်ဝန်းကျင် ပြုမူဆက်ဆံမှုများနှင့် လူမှုစရိုက်များ စသည့်အချက်များကို ကျောင်းတွင်းရှိ လူအမျိုးမျိုးထံမှ ရရှိနိုင်ပါသည်။ သင်ယူနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ပညာရေးနှင့်ပတ်သက်ပြီး လွတ်လပ်ရေးရပြီးချိန်မှစ၍ ပုံစံအမျိုးမျိုးပြောင်းလဲကျင့်သုံးကာ တိုင်းပြည်ပညာရေးအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင်ကြိုးစားခဲ့ကြသည်။ သို့သော် အောင်မြင်မှုနည်းပါးခဲ့သည်။ လူတစ်ဦးချင်းသာ ထူးချွန်မှုများရှိခဲ့သော်လည်း ပညာရေးကဏ္ဍတစ်ခုလုံးမှာ အောင်မြင်မှုရသင့်သလောက် မရရှိခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။ အဘယ်ကြောင့် ထိုသို့ဖြစ်ခဲ့ရပါသနည်း။

မြန်မာနိုင်ငံ၏ပညာရေးသည် Formal Education or Formal Learning System ကို အဓိက အခြေခံထားသည်။ မူကြို(သို့မဟုတ်) သူငယ်တန်းကျောင်းပညာသင်မှုဖြင့် ပညာရေးကို စလေ့ရှိသော်လည်း ပုံမှန်ပညာရေးသည် မူလတန်းမှစတင်ကာ အလယ်တန်း၊ အထက်တန်း အဆင့်ဆင့်တက်ကာ နောက်ဆုံးတွင် အများစုမှာ ကောလိပ် (သို့မဟုတ်) တက္ကသိုလ်တစ်ခုတွင် ပညာသင်ဘွဲ့တစ်ခုရယူနိုင်သည်။ ထိုသို့ သင်ကြားသင်ယူရာတွင် အဆင့်တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး အချို့သော စည်းမျဉ်းများနှင့် စည်းကမ်းများအောက်တွင် နိုင်ငံတော်မှ လိုအပ်ချက်များကို ပံ့ပိုးထားသည်။ တစ်နည်းအားဖြင့် တင်းကျပ်သော စည်းကမ်းများကိုလည်း လိုက်နာရသည်။ ကျောင်းသားနှင့် ဆရာ နှစ်ဦးစလုံးသည် အဖြစ်မှန်များကို သိရှိနားလည်ကြပြီး ပညာရေးလုပ်ငန်းစဉ်တွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြရသည်။

### ပညာရေးမြစ်ရေကြောကို ပိတ်ဆို့ထားသလိုဖြစ်နေ

မြန်မာနိုင်ငံ၏ ပညာရေးသင်ကြားမှုများကို လေ့လာရာတွင် အထက်တန်းအဆင့်မှစတင်၍ သိပ္ပံဘာသာရပ်များတွင် အင်္ဂလိပ်စာဘာသာဖြင့် စတင်သင်ကြားရပြီး တက္ကသိုလ်အဆင့်တွင် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်အားလုံးနီးပါးကို အင်္ဂလိပ်စာဖြင့် သင်ကြားရသည်။ ထိုအချက်သည် ကျောင်းသား ကျောင်းသူများအတွက် ဘာသာရပ်ကျွမ်းကျင်မှုကို ဘာသာစကားဆိုသည့်တံတိုင်းဖြင့် ခြားနားကာ ပညာရေးမြစ်ရေကြောကို ပိတ်ဆို့ထားသလိုဖြစ်နေသည်။ တစ်နည်းအားဖြင့်ဆိုသော် ဘာသာရပ်သဘောတရားထက် အင်္ဂလိပ်စာကို လေ့လာနေရသည်။ နောက်ဆုံးတွင် ဘာသာရပ်လည်းမရ အင်္ဂလိပ်စာလည်းမရဖြစ်နေသည်ကို တွေ့ရှိရသည်။

ယနေ့ကမ္ဘာတွင် ဖွံ့ဖြိုးတိုးတက်နေသော ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ပင်လျှင် အခြေခံပညာရေးမှစ၍ အဆင့်မြင့်ပညာရေးဖြစ်သည့် မဟာသိပ္ပံအထိ မိခင်ဘာသာစကားဖြင့်သာ သင်ကြားကြသည်၊ သင်ယူကြသည်၊ ရေးသားကြသည်။ တစ်နည်းအားဖြင့် ဘာသာစကားအခက်အခဲ လွန်စွာနည်းပါးသွားသဖြင့် ဘာသာရပ်ကို ကောင်းစွာနားလည်ကြသည်။ ဘာသာရပ်ကောင်းမွန်စွာ ကျွမ်းကျင်ကြသည်။ တိုင်းပြည်တိုးတက်ရေးအတွက် တွေးတောနိုင်ကြသည်၊ ကြံဆနိုင်ကြသည်။

နိုင်ငံတကာမှထွက်ရှိသော စာအုပ်စာတမ်းများကို ဘာသာပြန်အဖွဲ့အစည်းမှ မိခင်ဘာသာသို့ ပြောင်းလဲထုတ်ဝေပေးကြသဖြင့် မူလတန်းအဆင့်မှပင်စတင်၍ အဆင့်မြင့်ပညာရပ်များကို မိခင်ဘာသာစကားဖြင့် ဖတ်ရှုနားလည်နေကြသည်ကို တွေ့ရှိရပါသည်။ တစ်နည်းအားဖြင့် အင်္ဂလိပ်စာတတ်ခြင်းသည် တစ်ကဏ္ဍ၊ ဘာသာရပ် ကျွမ်းကျင်မှုသည် တစ်ကဏ္ဍဖြစ်သည်။

### လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်

အဆင့်မြင့်ပညာရေးကဏ္ဍ တိုးတက်ခြင်းသည် ပညာရေးတိုးတက်ခြင်းပင်ဖြစ်သည်။ သို့သော် အဆင့်မြင့်ပညာရေး တိုးတက်စေရန် အခြေခံအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်များတွင် ကျောင်းသား ကျောင်းသူများကို စိတ်ဓာတ်၊ စည်းကမ်းနှင့် အခြေခံသဘောတရားများကို လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ပါသည်။ နိုင်ငံတကာမှ ပညာရှင်များ၏ တီထွင်မှု၊ အောင်မြင်မှုများကို သင်ကြားပေးရမည်။ တီထွင်ဆန်းသစ်မှုများ ပြုလုပ်လိုစိတ်ကိုမွေးမြူရမည်။ လေကျင့်ပေးရမည်။

မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးတိုးတက်စေရန် အဓိကလိုအပ်ချက်တစ်ခုမှာ နိုင်ငံတော်တွင် (သို့မဟုတ်) တက္ကသိုလ်ကြီးများတွင် နိုင်ငံတကာအဆင့်မီ National/State Key Laboratory များရှိရန် လိုအပ်ပါသည်။ ၎င်း National/ State Key Laboratory များတွင် ဘာသာရပ်အားလုံးအတွက် အဆင့်မြင့်သုတေသနများကို ပြုလုပ်နိုင်အောင် စီစဉ်ပေးထားနိုင်ရပါမည်။ တက္ကသိုလ်အချို့တွင် ရှိနေသည့် University Research Center အဆင့်လောက်ဖြင့် တိုင်းပြည်အတွက် မလုံလောက်ပါ။ ယနေ့မြန်မာနိုင်ငံတွင် တက္ကသိုလ်အလိုက်၊ ဌာနအလိုက် သိပ္ပံပစ္စည်းဆိုင်ရာများကို ဝယ်ယူကြပါသည်။ နိုင်ငံတော်ကလည်း ငွေကြေးထောက်ပံ့ပေးထားသည်။ သိန်းထောင်ချီ၍ သုံးစွဲနေကြသည်။ အမှန်တကယ်သုံးစွဲရန် လိုအပ်ပါသည်။ တစ်ခါတစ်ရံ သိန်းထောင်ချီ ဝယ်ယူရသောပစ္စည်းများကို မည်သည့်သုတေသနမျှ အသုံးချမရဘဲ ဒီအတိုင်းထားရှိသည်ကို တွေ့နေရပါသည်။

### နိုင်ငံတော်အကျိုးကို တိုးတက်စေမည်

နိုင်ငံတော်အနေဖြင့် National/State Key Laboratory များကို ပညာရှင်များဦးစီးကာ နိုင်ငံတော်အဆင့် စနစ်တကျတည်ဆောက်နိုင်မည်ဆိုပါက တက္ကသိုလ်များမှ ပညာရှင်များနှင့် ဝန်ကြီးဌာနအသီးသီးမှပညာရှင်များကို သုတေသနများ လာရောက်လုပ်ဆောင်စေခြင်း၊ တီထွင်ဆန်းသစ်မှုများ ပြုလုပ်စေခြင်းဖြင့် နိုင်ငံတကာအဆင့်မီသုတေသနရလဒ်ကောင်းများ ထွက်ပေါ်လာနိုင်ပါမည်။ နိုင်ငံတော်၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမက နိုင်ငံအတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကလုပ်ငန်းများအတွက် လိုအပ်သည့်စမ်းသပ်မှုများကို နိုင်ငံတော်ကိုယ်စား ပြုလုပ်ပေးနိုင်ပြီး နိုင်ငံတော်အကျိုးပြုပေးနိုင်ကာ နိုင်ငံတော်အကျိုးကို တိုးတက်စေမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်က ပံ့ပိုးမှုများ၊ ပြောင်းလဲမှုများ လိုအပ်သကဲ့သို့ ပြည်သူလူထုကလည်း ဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်ပါသည်။ ယနေ့နိုင်ငံတော်အကြီးအကဲသည် ပညာရေးနှင့် ကျန်းမာရေးကို အထူးအလေးထားကာဆောင်ရွက်ရန် လမ်းညွှန်မှုများ ပေးလျက်ရှိပါသည်။ ကိုဗစ် – ၁၉ ကပ်ရောဂါကို ထိန်းချုပ်လာနိုင်သည်နှင့်အမျှ ကျောင်းများကို တစ်ဆင့်ပြီးတစ်ဆင့် ဖွင့်လှစ်ပေးလျက်ရှိသော်လည်း အချို့သော နိုင်ငံရေးလှုံ့ဆော်သူများက ကျောင်းသား ကျောင်းသူများ ကျောင်းမတက်ရေး၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ဝင်ရောက်မဖြေဆိုရေးအတွက် လှုံ့ဆော်လျက်ရှိသည်ကို စိတ်မကောင်းစွာတွေ့ရှိရပါသည်။

အမှန်တကယ်အားဖြင့်ဆိုသော် ပညာရေးနှင့်ကျန်းမာရေးကို နိုင်ငံရေးနှင့် ရောယှက်မှုမပြုလုပ်သင့်ပါ။ မည်သည့်အစိုးရ အုပ်ချုပ်စေကာမူ လူငယ်များ ပညာသင်ကြားရပါမည်။ မည်သည့်နိုင်ငံတွင်မဆို တိုင်းပြည်ကို အမှန်တကယ်ချစ်မြတ်နိုးသူတိုင်းသည် လူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ အခွင့်အလမ်းရရန် ကြိုးစားလုပ်ဆောင်ပေးနေကြသည်။ ကမ္ဘာပေါ်တွင် မည်သည့်အစိုးရ လက်ထက် ပညာရေးမို့ အသိအမှတ်မပြုဆိုသည်မှာ ရှေ့ကလည်း မရှိခဲ့သလို နောင်တွင်လည်း ရှိမည်မဟုတ်ပါ။

လူငယ်များ စာသင်ခန်းများထဲတွင်သာရှိနေသင့်ပြီး ပညာသင်ကြားနိုင်သည့် အခွင့်အရေးများရရှိရန် လိုအပ်ပါသည်။ အွန်လိုင်းမှ သင်ကြားရန်ဆိုသည်မှာ လက်တွေ့တွင် အခက်အခဲများစွာရှိပါသည်။ မိဘများကလည်း အမှန်တကယ် လက်တွေ့ကျကျနားလည်သဘောပေါက်ကာ မိမိတို့ သား၊ သမီးများကို ပညာသင်ကြားမှုအခွင့်အလမ်းများ မဆုံးရှုံးအောင် ဆောင်ရွက်ပေးသင့်ပါသည်။ သို့မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကိုတည်ထောင်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သည့် အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များရရှိနိုင်ပါမည်။ နိုင်ငံတော်ကလည်း အမှန်တကယ် ပြောင်းလဲရန်လိုအပ်ချက်များကို လူကောင်းလူတော်များ အသုံးချပြောင်းလဲလိုက်မည်ဆိုပါက မြန်မာနိုင်ငံ၏ပညာရေးသည် တိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း အကြံပြုရေးသား တင်ပြလိုက်ရပါသည်။ ။

> ❖ ပညာရေးနှင့်ကျန်းမာရေးကို နိုင်ငံရေးနှင့် ရောယှက်မှုမပြုလုပ်သင့်ပါ။ မည်သည့်အစိုးရ အုပ်ချုပ်စေကာမူ လူငယ်များ ပညာသင်ကြားရပါမည်။ မည်သည့်နိုင်ငံတွင်မဆို တိုင်းပြည်ကို အမှန်တကယ်ချစ်မြတ်နိုးသူတိုင်းသည် လူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် ဘက်ပေါင်းစုံမှ အခွင့်အလမ်းရရန် ကြိုးစားလုပ်ဆောင်ပေးနေကြသည်။ ကမ္ဘာပေါ်တွင် မည်သည့်အစိုးရ လက်ထက် ပညာရေးမို့ အသိအမှတ်မပြုဆိုသည်မှာ ရှေ့ကလည်း မရှိခဲ့သလို နောင်တွင်လည်း ရှိမည်မဟုတ်ပါ

## ကသာမြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း ဖွင့်လှစ်သင်ကြား

**ကသာ ဒီဇင်ဘာ ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကသာမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ အမျိုးသမီးငယ်များအား နိုဝင်ဘာ ၃၀ ရက်မှစ၍ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၂)ကို ဖွင့်လှစ်ပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းကို နယ်စပ်ဒေသနှင့် ဆင်းရဲနွမ်းပါးသော ဒေသများရှိ အမျိုးသမီးငယ်များကို အိမ်တွင်းမှု သက်မွေးပညာရပ်များ သင်ကြားပေးရန်နှင့် သင်ကြား တတ်မြောက်သည့် အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြင့် ကိုယ်ပိုင်စီးပွားရေး လုပ်ငန်း ထူထောင်နိုင်သည်အထိ ကူညီဆောင်ရွက်ပေးရန်၊ အိမ်တွင်းမှုပညာရပ်များ သင်ကြားပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး စားဝတ်နေရေး ဘက်စုံတိုးတက်၍ လူနေမှုအဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်၍ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်သည်။

အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၂)ကို ယခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ ၁၈ ပတ်ကာလကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသူအနေဖြင့် စုစုပေါင်း ၄၀ တက်ရောက်ပညာ သင်ယူလျက်ရှိကြောင်း ကသာမြို့ အမျိုးသမီးအိမ်တွင်းမှု သင်တန်းကျောင်းမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ



## သာပေါင်းမြို့နယ်ပြည်သူ့ဆေးရုံ၌ အောက်ဆီဂျင်စက်ရုံ ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ တစ်ရက်လျှင် အောက်ဆီဂျင် ၄၀ လီတာဝင် အလုံး ၄၀ ထွက်ရှိမည့် အောက်ဆီဂျင်စက်ရုံ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်စက်ရုံဖွင့်ပွဲ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး စက်ရုံလည်ပတ်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။(ဓါတ်ပုံ)

ယင်းနောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သာပေါင်းမြို့နယ်ပြည်သူ့ဆေးရုံ၌ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများနှင့် ကိုဗစ်-၁၉ ရောဂါကုသရေး လုပ်ငန်းများတွင် အသုံးပြုရန်အတွက် Oxygen Concentrator နှစ်လုံး၊ အောက်ဆီဂျင် ၄၀ လီတာဝင်အိုး ငါးလုံးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုး သား ၉၇ ဦးနှင့် အမျိုးသမီး ၁၀၉ ဦး စုစုပေါင်း ၂၀၆ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၇၈ ဦးနှင့် အမျိုးသမီး ၄၆ ဦး စုစုပေါင်း ၁၂၄ ဦးတို့ကို လက်ခံခဲ့သည်။

ထိုသို့ လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက် ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့ နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကိုအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချောက်မြို့နယ် ပြည့်ပင်အုပ်စု မိုလာကျေးရွာတွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ချောက် ဒီဇင်ဘာ ၂၁**

ချောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များ ကျေးရွာအုပ်စုများတွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ဒီဇင်ဘာ၂၀ ရက်က ချောက်မြို့နယ် ပြည့်ပင်အုပ်စု မိုလာကျေးရွာတွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးသည် မိုလာကျေးရွာရှိဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရမည့် နည်းလမ်းများကို ပြောကြားပြီး မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများအား ပန်းခင်းစီမံချက်နှင့် ပတ်သက်သည့် လိုအပ်သည်များကို ညွှန်ကြားသည်။

ထို့နောက် ချောက်မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပြည့်ပင်အုပ်စု မိုလာကျေးရွာအတွင်းရှိ ဒေသခံပြည်သူများအား အိမ်ထောင်စု ၁၀စု၊ မွေးတိုးလူဦးရေစာရင်း ၁၀ခု၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား ၄၃ ကတ်တို့ကို နေ့ချင်းပြီး ပြုလုပ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ် (၁၄)မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၅၄၈ ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း အတွင်းရှိ မြို့နယ်(၅)မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၀၉၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်(၁၄)မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၁၂၉၇ ဦး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၃) မြို့နယ်၌ ဒေသခံပြည်သူ ၂၄၅၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၆)မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၇၀၀၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်(၁၀)မြို့နယ်တို့၌ ဒေသခံပြည်သူ ၃၄၇၃၁ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်(၇)ခုမှ ဒေသခံပြည်သူ ၉၆၃၇ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၃)မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၉၂၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။



ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း အတွင်းရှိ မြို့နယ်(၆)နယ်တို့၌ ကျောင်းသား၊ ကျောင်းသူ ၁၁၆၄ ဦး၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပျဉ်းမြို့နှင့် မိုင်းခတ်မြို့တို့၌ ကျောင်းသားကျောင်းသူ ၉၆ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၆) မြို့နယ်တို့၌ ကျောင်းသားကျောင်းသူ ၉၇၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာတိုက်စစ်ကစားသမား မောင်မောင်လွင် ထိုင်းလိဂ်-၂ ကလပ် Lamphun Warriors အသင်းသို့ ပြောင်းရွှေ့

ရန်ကုန် ဒီဇင်ဘာ ၂၁

**မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင်ဖြစ်သူ တိုက်စစ်ကစားသမား မောင်မောင်လွင်သည် ထိုင်းလိဂ်-၂ ကလပ်အသင်းဖြစ်သည့် Lamphun Warriors F.C. သို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။ မောင်မောင်လွင်ကို ခေါ်ယူနိုင်ခဲ့ကြောင်း Lamphun Warriors အသင်းက ဒီဇင်ဘာ ၂၁ ရက်တွင် တရားဝင်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။**

မောင်မောင်လွင်သည် ဆူဇူကီးပြိုင်ပွဲအပြီးတွင် ထိုင်းနိုင်ငံသို့ တိုက်ရိုက်သွားရောက်ကာ စာချုပ်ကိစ္စ အတွက် အပြီးသတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မောင်မောင်လွင်သည် ပထမဆုံးအကြိမ် ပြည်ပထွက် ကစားခြင်းဖြစ်ပြီး Lamphun Warriors အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ မောင်မောင်လွင်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ဟံသာဝတီ အသင်းနှင့် စတင်ခဲ့ပြီး ၂၀၁၈ ရာသီတွင် ရန်ကုန် အသင်းသို့ ပြောင်းရွှေ့ခဲ့ကာ ပြည်ပထွက်ကစားရန် အတွက် ပြီးခဲ့သည့်လပိုင်းက နှစ်ဦးသဘောတူစာချုပ် ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ ယင်းအသင်းသည် ယခု ရာသီမှ ထိုင်းလိဂ်-၂ သို့ တက်ရောက်လာခြင်းဖြစ်ပြီး ပထမအကျော့အပြီးတွင် အဆင့် ၄ နေရာ၌ ရပ်တည် နေသည်။ မောင်မောင်လွင်သည် ၂၀၁၅ ယူ-၂၀ ကမ္ဘာ့ ဖလားပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရခဲ့သည့် မြန်မာအသင်း နှင့်အတူ ပေါ်ထွက်လာသူဖြစ်ပြီး မြန်မာ့လက်ရွေးစင် အသင်းတွင်လည်း တောက်လျှောက်ရွေးချယ်ခံခဲ့ရ သည်။

ယခုရာသီတွင် ထိုင်းကလပ်အသင်းများ၌ မြန်မာကစားသမားများ ပါဝင်ကစားလျက်ရှိပြီး ထိုင်းလိဂ်-၁ ကလပ် ဘူရီရမ်အသင်းတွင် အောင်သူ၊ ထိုင်းလိဂ်-၂ ကလပ် ဖရေးယူနိုက်တက်အသင်းတွင် ကျော်ကိုကို၊ ထိုင်းလိဂ်-၂ ကလပ် ထရတ်အသင်းတွင် ဇော်မင်းထွန်း၊ ထိုင်းလိဂ်-၃ ကလပ် ပတ္တရားအသင်း တွင် အောင်ကျော်နိုင်တို့ ပါဝင်ကစားလျက်ရှိသည်။ မြန်မာကစားသမားများမှာ ပြည်ပကလပ်များသို့ ထွက်ကစားနိုင်ရန် ကြိုးပမ်းလျက်ရှိပြီး ၂၀၂၁-၂၀၂၂ ထိုင်းလိဂ်ပြိုင်ပွဲ၏ ရာသီဝက် အပြောင်းအရွှေ့ကာလ တွင် ပထမဆုံးပြောင်းရွှေ့သူအဖြစ် မောင်မောင်လွင် က မှတ်တမ်းဝင်ခဲ့သည်။




**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ-Lamphun Warriors F.C.**

# အမျိုးသမီးချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များကို မဲခွဲထုတ်ပြန် လက်ရှိချန်ပီယံဘာစီလိုနာက ရီးရဲမက်ဒရစ်၊ ဘိုင်ယန်မြူးနစ်က ပီအက်စ်ဂျီနှင့် ဆုံတွေ့နေ

ယူအီးအက်ဖ်အေ အမျိုးသမီးချန်ပီယံ လိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို ယမန်နေ့က မဲခွဲထုတ်ပြန်လိုက်ပြီဖြစ် ရာ လက်ရှိ ချန်ပီယံဘာစီလိုနာအသင်း သည် နာမည်ကြီး ရီးရဲမက်ဒရစ်အသင်း နှင့် တွေ့ဆုံနေသည်။ အင်္ဂလန် ကိုယ်စားပြု အာဆင်နယ်အသင်းက ဂျာမနီကိုယ်စားပြု ဝုဖ်ဘတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။




၂၀၂၀-၂၁ အမျိုးသမီးချန်ပီယံလိဂ် ချန်ပီယံ ဘာစီလိုနာအသင်း ဆုဖလား လက်ခံရယူပြီးနောက် အောင်ပွဲခံနေစဉ်။

အာဆင်နယ် အသင်းသည် အမျိုး သမီးချန်ပီယံလိဂ်ဖလားကို ဆွတ်ခူး ထားနိုင်သည့် တစ်သင်းတည်းသော အင်္ဂလန်ကိုယ်စားပြု အမျိုးသမီး အသင်းအဖြစ် ရှိနေပြီး ဝုဖ်ဘတ်အသင်း က အမျိုးသမီးချန်ပီယံလိဂ်ဖလားကို ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် နှစ်နှစ်ဆက် ဆွတ်ခူးထားသည့် အသင်း ဖြစ်သည်။

ဂျာမနီနာမည်ကြီး ဘိုင်ယန် မြူးနစ်အသင်းက ပြင်သစ်နာမည်ကြီး ပီအက်စ်ဂျီအသင်း၊ ဂျူဗင်တပ်စ် အသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အအောင်မြင်ဆုံး အသင်းဖြစ်သည့် လိုင်ယွန်အသင်းနှင့် ယှဉ်ပြိုင်ကစား ရမည်ဖြစ်သည်။ ပြင်သစ်ကလပ် လိုင်ယွန်အသင်းသည် အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခုနစ်ကြိမ် ဆွတ်ခူးထားပြီး အအောင်မြင်ဆုံး အသင်းအဖြစ် မှတ်တမ်းတင်ထားသည်။

အဆိုပါ အမျိုးသမီးချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ် များကို မတ် ၂၂ ရက်၊ ၂၃ ရက်တွင် ကစားမည်ဖြစ်ပြီး ဒုတိယအကျော့ကို မတ် ၃၀ ရက်၊ ၃၁ ရက်တွင် ကစား မည်ဖြစ်သည်။ ထို့အပြင် ဆီမီးဖိုင်နယ် ပွဲစဉ်များကိုပါ မဲခွဲထုတ်ပြန်လိုက် သောကြောင့် ရီးရဲမက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့အထဲမှ အနိုင်ရရှိ မည့်အသင်းအနေဖြင့် အာဆင်နယ် အသင်းနှင့် ဝုဖ်ဘတ်အသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ဆီမီးဖိုင်နယ် တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဂျူဗင်တပ်စ်အသင်းနှင့် လိုင်ယွန် အသင်းတို့ထဲမှ အနိုင်ရရှိလာမည့် အသင်းက ဘိုင်ယန်မြူးနစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ထဲမှ အနိုင်ရရှိ မည့်အသင်းနှင့် ဆီမီးဖိုင်နယ်တွင် ကစားရမည်ဖြစ်သည်။

အဆိုပါ ဆီမီးဖိုင်နယ်ပွဲစဉ် ပထမ အကျော့ပွဲစဉ်များကို ဧပြီ ၂၃ ရက်၊ ၂၄ ရက်တွင် ကစားမည်ဖြစ်ပြီး ဒုတိယအကျော့ကို ဧပြီ ၃၀ ရက်၊ မေ ၁ရက်တို့တွင် ကစားမည်ဖြစ်သည်။ ယခုနှစ်တွင် အမျိုးသမီးချန်ပီယံလိဂ် ဗိုလ်လုပွဲစဉ်ကို အီတလီနိုင်ငံ တူရင်ရှိ ဂျူဗင်တပ်စ် အားကစားကွင်း၌ မေလ တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယခုနှစ်ရာသီတွင် ၁၉၆၅ ခုနှစ် ကတည်းက ကျင့်သုံးလာခဲ့သော အဝေးဂိုးစည်းမျဉ်းကို ယူအီးအက်ဖ် အေက ပယ်ဖျက်လိုက်သောကြောင့် နှစ်ကျော့ပေါင်းရလဒ် တူညီနေပါက အချိန်ပိုမိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင် ရမည်ဖြစ်သည်။ အချိန်ပို မိနစ် ၃၀ တွင်လည်း အနိုင်၊ အရှုံး အဖြေမပေါ် ခဲ့ပါက ပယ်နယ်တီဖြင့် ဆုံးဖြတ်သွား မည်ဖြစ်သည်။

**အောင်ဇော်**

● *ကျောဖုံးမှ*

ပြိုင်ပွဲများတွင် ထိုးသတ်ရဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် ဇူလိုင်လကုန်ပိုင်းတွင် ပြိုင်ပွဲထိုးသတ် ပြီးကတည်းက MMA ပွဲစဉ်များနှင့် ဝေးကွာနေသူဖြစ်ပြီး နောက်ဆုံး ထိုးသတ်ထား သည့်ပွဲတွင် ဘရာဇီးနိုင်ငံသား လီအန်ဒရိုကို ပထမအချီတွင် အလဲထိုး အနိုင်ရရှိထားသည်။ အောင်လအန်ဆန်သည် ဧပြီလကုန်တွင် လိုက် ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲ၊ ဇူလိုင်လကုန် တွင် မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲတို့ ထိုးသတ်ခဲ့ပြီး လာမည့်နှစ်ဆန်းပိုင်းတွင် ထိုးသတ်မည့် ပြိုင်ဘက် ကစားသမားကို ထုတ်ပြန်ရာတွင် စိန်ခေါ်ပွဲ သို့မဟုတ် ချန်ပီယံလုပွဲ ထိုးသတ်ရမည်ဖြစ်ကြောင်း ကိုပါ တစ်ပေါင်းတည်း ထုတ်ပြန်ဖွယ်ရှိနေသည်။ ONE Championship အနေဖြင့် အောင်လအန်ဆန် ၏ ပြိုင်ဘက်ကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း လက်ရှိမစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ဒီရစ်ဒါ (နယ်သာလန်)အပါအဝင် ကမ္ဘာ့ချန်ပီယံဟောင်း ရုရှားနိုင်ငံသား ဘစ်ဒက်ရှ်၊ ဂျပန်နိုင်ငံသား အိုကာမိတို့ ဖြစ်ဖွယ်ရှိနေသည်။

အောင်လအန်ဆန်သည် ဝိတ်တန်းနှစ်ခု ကမ္ဘာ့ ချန်ပီယံဆုများ လက်လွှတ်ခဲ့ရပြီးနောက်ပိုင်း မစ်ဒယ်ဝိတ်တန်းပွဲစဉ်များသာ ထိုးသတ်ရန် ဆုံးဖြတ်ထားသူဖြစ်သည်။

**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ-ONE Championship**

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၁**

လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရ သည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီက ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ (အနောက် ပိုင်း)မြို့နယ် မွေးမြူရေးစက်မှုဇုန်၊ ရွှေရင်အေးကျောင်း(၃)လမ်းတွင် မူးယစ်ဆေးဝါး အရောင်းအဝယ် ပြုလုပ်နေကြောင်း သတင်းအရ စောင့်ဆိုင်းနေစဉ် ရဲကိုကိုအောင် မောင်းနှင်ပြီး လှဘုန်း၊ လှမျိုးခင်၊ ဇော်နိုင်လတ် တို့လိုက်ပါလာသည့် Mark-X မော်တော်ယာဉ်နှင့် လွင်ဖြိုးအောင် မောင်းနှင်ပြီး ထင်လင်းအောင်၊ ဝင်းမောင်နှင့် မဇာခြည်ထွန်း၊ မနာအိတို့ လိုက်ပါ လာသည့် Fielder မော်တော် ယာဉ်၊ သန့်ကိုဝင်း မောင်းနှင်ပြီး လှိုင်မျိုးအောင် လိုက်ပါလာသည့် Crown မော်တော်ယာဉ် သုံးစီးတို့ တွေ့ဆုံ၍ ကြိုတင်ရောက်ရှိနေ သည့် ကျော်ကျော်၊ ချစ်ဇော်တို့ နှစ်ဦးနှင့် မူးယစ်ဆေးဝါးများ အရောင်းအဝယ် ပြုလုပ်နေစဉ် ၎င်းတို့အား ထိန်းသိမ်းရှာဖွေရာ Mark-X မော်တော်ယာဉ်ပေါ် ရှိ သံသေတ္တာအတွင်းမှ ဒေသ ကာလတန်ဖိုး ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြား ငါးသိန်း သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့ ၁၃ ဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန် သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရ သည်။ **(ယာပုံ)**

**သတင်းစဉ်**






## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး(သာသနာရေး)
## ရုံးအမှတ်(၃၁)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံး(သာသနာရေး)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အငယ်တန်းစာရေးနှင့်အဆင့်တူ(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး ၁၄နေရာအတွက် သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများ ၁၄-၁-၂၀၂၂ရက် နောက်ဆုံးထားပြီး စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ဝန်ကြီးရုံး(သာသနာရေး)၊ ရုံးအမှတ်(၃၁)၊ နေပြည် တော်သို့ ပေးပို့လျှောက်ထားနိုင်ပါသည်-

| ရာထူးအမည် | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| (က) အငယ်တန်းစာရေး (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၁၀ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| (ခ) စာရင်းကိုင်-၄ (လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၄ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |

၂။ (က) အထက်ဖော်ပြပါရာထူးနေရာများတွင် အခြေခံကွန်ပျူတာအသင့်အတင့် အသုံးပြုနိုင်သူ ဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူများသည် ၃၁-၁၂-၂၀၂၂ရက်တွင် ဝန်ထမ်းဖြစ်ပါက အသက် ၃၀နှင့် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် ၂၅နှစ်ထက် မကြီးသူဖြစ်ရမည်။

၃။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်ပြီး နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဂ) ဘာသာရေး၊ သာသနာရေးဆိုင်ရာလုပ်ငန်းများ စိတ်ပါဝင်စားသူ ဖြစ်ရမည်။
(ဃ) လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(၁) စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့်ချလန်မူရင်း၊
(၂) တစ်လအတွင်း ရိုက်ကူးထားသော ၁"ပတ်လည်ဓာတ်ပုံ ၃ပုံ၊ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးရန်)
(၃) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့် ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ၊ (မိတ္တူ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရန်)(မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)
(၄) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(၅) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
(၆) ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊
(၇) ခန့်အပ်ခြင်းခံရပါက အနည်းဆုံး ၃နှစ်တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်၊
(၈) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ၊
(၉) ပြင်ပပုဂ္ဂိုလ်များသည် ၁-၁၂-၂၀၂၁ရက် နောက်ပိုင်းပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးထောက်ခံချက်၊
(၁၀) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုစာ၊

၄။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/-ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ ငွေစာရင်းအမှတ်၊ MD-013619၊ ဝန်ကြီးရုံး(သာသနာရေး)သို့ ပေးသွင်းရမည်။
၅။ သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထား မပြည့်စုံသူများကို (လုံးဝ)လုံးဝထည့်သွင်းလက်ခံစဉ်းစားပေးမည်မဟုတ်ပါ။
၆။ ရေးဖြေစစ်ဆေးခြင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်၊ အစည်းအဝေးခန်းမ စာဖြေဌာနတွင် ဖြေဆိုရမည်ဖြစ်ပါသည်။
၇။ ရေးဖြေစာမေးပွဲစစ်ဆေးခြင်းကို ၂၈-၁-၂၀၂၂ရက် ၉:၀၀နာရီမှ ၁၁:၀၀နာရီအထိ မြန်မာစာနှင့် အင်္ဂလိပ်စာကိုလည်းကောင်း၊ ၁၃:၀၀နာရီမှ ၁၄:၀၀နာရီအထိ အထွေထွေဗဟုသုတကိုလည်းကောင်း ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်သဖြင့် ရေးဖြေအောင်မြင်သည့် အမည်စာရင်းကို ဝန်ကြီးရုံး(သာသနာရေး)တွင် ကြေညာမည် ဖြစ်ပါသည်။
၈။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၇-၁-၂၀၂၂ရက်တွင် ဝန်ကြီးရုံး (သာသနာရေး)၊ အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲ မှုဌာနခွဲတွင် ထုတ်ပေးမည်ဖြစ်ပါသည်။
၉။ လျှောက်လွှာပိတ်ရက်ကို ၁၄-၁-၂၀၂၂ရက်အထိ သတ်မှတ်ထားသော်လည်း ပထမဆုံးရောက်ရှိလာသည့် သတ်မှတ်အရည်အချင်း နှင့် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းအထောက်အထားပြည့်စုံသည့် လျှောက်လွှာ ၅၀ကိုသာ စာမေးပွဲဖြေဆိုခွင့်ဦးစားပေးရွေးချယ် သွားမည်ဖြစ်ပါသည်။
၁၀။ ဖြေဆိုခွင့်ရရှိသူများစာရင်းအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)website(www.mora.gov.mm)တွင် ဖော်ပြမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဝန်ကြီးရုံး(သာသနာရေး)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၆၀၁၂၊ ၀၆၇-၃၄၀၆၂၇၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဝန်ကြီးရုံး(သာသနာရေး)**

## ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ အထက(၃)အရှေ့ပိုင်း ဒသမတန်း(D)မှ မောင်သူရအောင် ၁၁/ အမန(နိုင်) ၀၉၇၈၈၀ ၏ ဖခင်အမည်မှန်မှာ ဦးဝင်းချေ ၁၁/အမန(နိုင်)၀၆၀၃၅၉ ဖြစ်ပါကြောင်း။

## အမည်မှန်

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ အထက(၃)အရှေ့ပိုင်း ဆဋ္ဌမတန်းမှ မမြတ်မင်းထွန်း(ဘ) ဦးမောင်အုန်း၏ အမည်မှန်မှာ မောင်မြတ်မင်းထွန်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဝက်လက်မြို့၊ အလက(ခွဲ)(၁)မှ အဋ္ဌမတန်း အောင်မြင်သူ မောင်ဟိန်းမင်းထွန်းနှင့် အဋ္ဌမတန်းမှ မောင်ဟန်ထွန်းဦးတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မင်းထွန်း ၅/ရဘန(နိုင်) ၁၅၂၇၈၉ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးစန်း ၈/သရန (နိုင်) ၀၇၉၆၁၁ ၏ နိုင်ငံကူး လက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကျော်ဇေယျ ၈/သရန (နိုင်) ၁၁၅၀၄၄ ၏ နိုင်ငံကူး လက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်စန်းမောင်မောင် ၈/သရန (နိုင်) ၁၁၅၀၅၆ ၏ နိုင်ငံကူး လက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ချစ်နိုင်ဦး ၈/သရန (နိုင်) ၀၉၅၅၆၁ ၏ နိုင်ငံကူး လက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6D/8915 Chenglong L7 Tractor Head ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမင်းဦး ၇/အတန(နိုင်)၀၀၁၃၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်၊ (RA-III/ကွက်ပြင်)၊ ဦးပိုင်အမှတ်(၁၁၀-ဆ)၊ မြေယာအမှတ် (213-C)၊ မြေဧရိယာ ၀ ဒသမ ၁၂၁ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဦးစောအိုက်ဇက် ၉/မမန(နိုင်)၀၃၁၁၄၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/4561 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/2003 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၁)၊ ပဒေသာရပ်၊ ဦးပိုင်အမှတ်(၆၃၆)၊ မြေကွက်အမှတ် (ဃ-၁၅၃)၊ မြေဧရိယာ ၀ ဒသမ ၀၄၆ဧကရှိ မြေနှင့် နေအိမ်အကျိုးခံစားခွင့်များအားလုံးကို ဒုအရာခံဗိုလ် ဌေးဆောင်အား မြေချထားမိန့်အမှတ်စဉ်(1107)အရ ချထားပေးခဲ့ပါသည်။ အထက်ပါမြေနှင့်နေအိမ်အား ဒုအရခဗဌေးဆောင်မှ မြေငှားဂရန်ထုတ်ပေးပါရန် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဒုအရခဗဌေးဆောင်မှ ဂရန်ထုတ်ပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒုအရခဗ ဌေးဆောင်မှ ဂရန်ထုတ်ပေးပါရန် လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၁)၊ ပဒေသာရပ်၊ ဦးပိုင်အမှတ်(၂၉)၊ မြေကွက်အမှတ်(က-၁၀)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်နှင့်အကျိုးခံစားခွင့်များအားလုံးကို ဗိုလ်မှူးအောင်မင်းက မြေဂရန်အမည်ပေါက်ပိုင်ဆိုင်ခဲ့ပါသည်။ ဗိုလ်မှူးအောင်မင်း၏ ကိုယ်စားလှယ်ဦးမြင့်သိန်းထံမှ ဒေါ်နော်ကြည်သာက မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူလက်ရှိပိုင်ဆိုင်ပါသည်။ အထက်ပါမြေနှင့်နေအိမ်အား ဒေါ်နော်ကြည်သာမှ မြေငှားဂရန်အမည်ပြောင်း/ သက်တမ်းတိုး ပေးပါရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီး ဖြစ်ပါသည်။ ဒေါ်နော်ကြည်သာမှ အမည်ပြောင်း/သက်တမ်းတိုးပေးပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဒေါ်နော်ကြည်သာမှ အမည်ပြောင်း/သက်တမ်းတိုးပေးပါရန် လျှောက်ထားသည့် ကိစ္စအားဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကျောက်ဆည်မြို့၊ ပေါက်တောရပ်ကွက်နေ ဦးရှိန်မြင့်ထူး ၉/ကဆန(နိုင်)၂၂၀၉၈၀ ပိုင်ဆိုင်သော ဦးပိုင်အမှတ် (၅၈) မြေကွက်အမှတ် (၁၃၃)ရှိ အကွက် (၂၄ ပေ x ၂၇ ပေ) ပေါ်တွင် အဆောက်အအုံ တည်ဆောက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးရှိန်မြင့်ထူး ၉/ကဆန(နိုင်)၂၂၀၉၈၀၊ ဖုန်း-၀၉-၇၆၅၂၁၃၄၆၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ စောမဟာလမ်း၊ အမှတ်၈(စီ) တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇ဂျီ ၊ မြေကွက်အမှတ်(၄၃၈ဗီ၁/ ၁၇အေ၂)၊ ဂရန်ရှိမြေပိုင်မြေ၊ အမည်ပေါက် ဦးဝင်းဦး ၁၂/ပဇတ(နိုင်)၀၀၉၇၅၅၊ ဦးမောင်ကျော်ဦး (ခ) ဦးအောင်ကျော်ဦး ၁၂/ဗဟန(နိုင်)၀၀၈၆၀၆ မြေကွက်ဖြစ်ပါသည်။ အမည်ပေါက် တစ်ဦးဖြစ်သူ ဦးမောင်ကျော်ဦး (ခ) ဦးအောင်ကျော်ဦးသည် ၂၉-၈-၂၀၂၀ရက်တွင် လူပျိုကြီးဘဝဖြင့် ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိဘဲ ကွယ်လွန်သွားခဲ့ကြောင်း၊ ကွယ်လွန်သူ ဦးမောင်ကျော်ဦး (ခ) ဦးအောင်ကျော်ဦး၏ ဖခင်ဖြစ်သူ ဦးစိန်လှိုင်၊ မိခင်ဖြစ်သူ ဒေါ်သင်းအုံတို့မှ သားအရင်းများဖြစ်ကြသော ဦးဝင်းဦးနှင့် ဦးမောင်ကျော်ဦး (ခ) ဦးအောင်ကျော်ဦးတို့ ညီအစ်ကို(၂)ဦးတည်းသာ မွေးဖွားထွန်းကားခဲ့ပါကြောင်း အခြားသော သားသမီးတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကွယ်လွန်သူညီအရင်း ဦးမောင်ကျော်ဦး(ခ) ဦးအောင်ကျော်ဦး၏ ပိုင်ဆိုင်ခွင့်အစုအား မွေးချင်းညီအစ်ကိုအရင်းဖြစ်သူ ဦးဝင်းဦးတစ်ဦးတည်းသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ဦးဝင်းဦးမှ ၈-၆-၂၀၂၁ရက်တွင် ကျမ်းကျိန်ဆိုသည့် ဒဂုံမြို့နယ်တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ အမည်ပေါက် ပိုင်ဆိုင်စာချုပ်အမှတ်(၇၀၇၁/၁၈-၁၂-၂၀၁၂)တို့ကိုတင်ပြ၍ ဦးဝင်းဦး ၁၂/ပဇတ (နိုင်) ၀၀၉၇၅၅က ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ ကျောက်မီးသွေးရုံလမ်း၊ အမှတ်(၂၃)နေ ဒေါ်ခင်သီတာနွယ် ၁၀/မလမ(နိုင်)၂၅၃၆၇၀၊ ဒေါ်ခင်ခင်ကြည် ၁၀/မလမ(နိုင်)၂၆၀၁၉၀၊ ဒေါ်နီနီ ၁၀/မလမ(နိုင်)၁၄၈၄၃၀၊ ဒေါ်ခင်ရီအောင် ၁၀/မလမ(နိုင်)၀၇၈၇၁၃ တို့မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ်(၇၈)၊ ဦးပိုင်အမှတ် (၇၀/စ)၊ ဧရိယာ ၀ ဒသမ ၁၅၈ ဧကရှိ ဘိုးဘွားပိုင်မြေကွက်အနက် (အေ) အမှတ်ပြဧရိယာ ၀ ဒသမ ၀၃၀ဧကရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်မတို့(၄)ဦးက မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ "အိမ်နှင့်မြေကွက်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာသည့်စာချုပ်"မှတ်ပုံတင်စာချုပ်အမှတ်-၂၇/၂၀၂၁ အရ ပိုင်ဆိုင်ထားပြီး မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးတွင် ဘိုးဘပိုင်အမည်ပြောင်းအမှုတွဲအမှတ် ၀၉၁/ဘိုးဘ/၂၀၂၀-၂၀၂၁ အရ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၁၅)ရက်အတွင်း ကျွန်မတို့ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ကျွန်မတို့မှ အမည်ပြောင်းအမှုတွဲဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ဒေါ်ခင်သီတာနွယ်)၊ (ဒေါ်ခင်ခင်ကြည်)၊(ဒေါ်နီနီ)၊ (ဒေါ်ခင်ရီအောင်)
အမှတ်(၂၃)၊ ကျောက်မီးသွေးရုံလမ်း၊ ကွင်းရပ်ရပ်ကွက်၊ မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ကျိုက္ကနဲရပ်ကွက်၊ ဆိုင်ကြီးတန်းရပ်၊ ကရင်ကျောင်းလမ်း၊ အမှတ်(၃၁)နေ ဒေါ်သီသီဝင်း ၁၀/မလမ(နိုင်)၁၆၈၅၃၇၊ ဒေါ်လှဝင်းချို ၁၀/မလမ(နိုင်)၁၉၂၂၁၈ တို့မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မော်လမြိုင်မြို့၊ ကွင်းရပ်ရပ်ကွက်၊ အကွက်အမှတ်(၇၅)၊ ဦးပိုင်အမှတ် (၁၂၉/က/၁)၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧကရှိဘိုးဘွားပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၂၇/အေ)၊ ကျိုက္ခမီလမ်း၊ ကွင်းရပ်ရပ်ကွက်၊ မော်လမြိုင်မြို့ ဟုခေါ်တွင်သော (၂)ထပ်တိုက်နေအိမ်အဆောက်အအုံနှင့်လျှပ်စစ်မီတာ၊ အဝီစိတွင်း အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို ကျွန်မတို့(၂)ဦးက မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ "အိမ်နှင့်မြေကွက်အပြီးအပိုင် အရောင်းအဝယ်စာချုပ်"မှတ်ပုံတင်စာချုပ်အမှတ်-၃၀၇/၂၀၂၀အရ ပိုင်ဆိုင် ထားပြီး မော်လမြိုင်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ဘိုးဘပိုင်အမည်ပြောင်းအမှုတွဲအမှတ် ၀၁၅/ဘိုးဘ/၂၀၂၀-၂၀၂၁ အရ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၁၅)ရက်အတွင်း ကျွန်မတို့ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ကျွန်မတို့မှ အမည်ပြောင်းအမှုတွဲဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**(ဒေါ်သီသီဝင်း)၊ (ဒေါ်လှဝင်းချို)
အမှတ်(၃၁)၊ ကရင်ကျောင်းလမ်း၊ ဆိုင်ကြီးတန်းရပ်၊ ကျိုက္ကနဲရပ်ကွက်၊ မော်လမြိုင်မြို့**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ လူနေရပ်ကွက်အမှတ် ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်အမှတ် (ပ-၂၁၀၁၄) ၏နှစ်(၃၀)မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဦးဝင်းနိုင်(ဘ) ဦးငွေလှိုင် ၁၀/ခဆန(နိုင်)၀၄၅၃၉၆ မှ လျှောက်ထားလာမှုအား ဌာနမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီးကန့်ကွက်သူမရှိသဖြင့် မြေငှားစာချုပ်မိတ္တူမှန်ထုတ်ပေးမည်ဖြစ်ပါ၍ မူလက ထုတ်ပေးထားသည့် ပျောက်ဆုံးသွားသော မြေငှားစာချုပ်အမှတ်၊ ပုဗ္ဗသီရိ/သစ်-၂၂၃/၂၀၁၁-၂၀၁၂၊ ဦးဝင်းနိုင်အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မူရင်းကို မြို့ပြ စီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (A-၀၈၂)၊ ဧရိယာ ၀ဒသမ၂၂၉ဧကရှိ ဒေါက်တာဝင်းမင်းသစ် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို အမည်ပေါက်သူ ဒေါက်တာဝင်းမင်းသစ် (ဘ) ဦးရဲခေါင်ညွန့် ၁၂/ဗဟန(နိုင်)၀၅၂၉၁၈ မှ ဒေါ်ရင်ငြိမ်းလူ (ဘ) ဦးပင့်ကို ၁/မကန(နိုင်)၀၈၄၂၂၀နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်/အမည်(၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ဦးပိုင်) မြေကွက်အမှတ် (ပ-၃၃၈၁၆)၊ အလျား (၆၀) ပေခန့်xအနံ(၄၀)ပေခန့်၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဂရန်မြေ ကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးမင်းဇံ (ဘ) ဦးထွန်းတင် ၉/လဝန(နိုင်)၀၈၃၇၅၆ မှ နေပြည်တော် စာရွက်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ကိုယ်စားလှယ်လွှဲစာအမှတ်-၆၇၅/၂၀၁၆ (၁၈-၅-၂၀၁၆) ဖြင့် ဦးခန့်မောင်(ဘ) ဦးသန်းမောင် ၈/ပခက(နိုင်)၁၉၅၄၇၂ သို့လွှဲအပ်ထားခြင်းအား ခွင့်ချက်မရှိ ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**ဦးမင်းဇံ ၉/လဝန(နိုင်)၀၈၃၇၅၆၊
ဖုန်း-၀၉-၆၆၂၄၈၀၀၆၆**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊ ဝူယန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (OSS/ဝူယန်)၊ ဦးပိုင်အမှတ်(၉၂)၊ မြေဧရိယာ ၀ ဒသမ ၃၂ ဧကရှိ မြေကွက်ကို ၂၅-၁၀-၂၀၁၉ ရက်တွင် ဦးဆန်ပေါင်းက ဦးလွမ်းဇယ်ထံမှ အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုကာ ဝယ်ယူထားသော မြေကွက်ဖြစ်ပြီး လျှောက်ထားမြေကွက်နှင့်ပတ်သက်၍ အရှုပ်အရှင်း တစ်စုံတစ်ရာ မရှိပါကြောင်း ဦးဆန်ပေါင်းက (၅-၅-၂၀၂၁)ရက်တွင် ကတိသစ္စာပြု "ကျမ်းကျိန်ဆိုလွှာ" အမှတ်စဉ် ၅၅/၂၀၂၁ ဖြင့် တင်ပြကာ ဝိုင်းမော်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၏ (၁၁-၅-၂၀၂၁)ရက်စွဲပါ မှတ်ပုံတင်အမှတ် (၁၇/၂၀၂၁)ဖြင့် ကျမ်းကျိန်ဆိုတင်ပြထားပါသဖြင့် ဦးဆန်ပေါင်း ၁/ဝမန(နိုင်)၀၆၆၂၇၉၊ အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန် ထုတ်ပေးနိုင်ရေး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို စက်မှု/စီးပွား မြေငှားဂရန် ထုတ်ပေးရန် လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား ထုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ စက်မှု/စီးပွား မြေငှားဂရန် ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူ သိစေရန် ကြေညာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ဝိုင်းမော်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီးအမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပဲခူး PDF အမည်ခံအကြမ်းဖက်အဖွဲ့မှ တရားခံများအား လက်နက်/ခဲယမ်းများနှင့် အတူ ဖမ်းဆီးရမိ




ဒီဇင်ဘာ ၁၃ ရက်တွင် ပဲခူးမြို့နယ် ထားဝယ်အင်းကျေးရွာ၌ သိမ်းဆည်းရမိခဲ့သည့် ဖောက်ခွဲရေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဒီဇင်ဘာ ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များမှ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန်အတွက် ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နိုင်မှုမရှိစေရေး ဖော်ထုတ်ဖမ်းဆီးခြင်းများ နေ့/ညမပြတ် ဆောင်ရွက်လျက်ရှိရာ အေးချမ်းစွာနေထိုင်လိုသည့်

*စာမျက်နှာ ၁၆ ကော်လံ ၁* ❄

### ယနေ့ သ တင်း အ ညွှန်း

**စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရေမြက်ကျေးရွာအတွင်း အကြမ်းဖက်သူများ မီးရှို့ဖျက်ဆီးခဲ့သော နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်**

စာမျက်နှာ - ၁၂

**ဒီဇင်ဘာ ၂၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၅၉ ဦး တွေ့ရှိ**

စာမျက်နှာ - ၁၅

## မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ်ဖြင့်လိုက်ပါမည့် ခရီးသည်အမျိုးသမီးတစ်ဦးထံမှ အကြမ်းဖက်ဖောက်ခွဲရေးပြုလုပ်ရာတွင် အသုံးပြုမည့် ဒီတိုနေတာ ၉၈ ခုဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပါဝင်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ထံမှ ဒီတိုနေတာ အခု ၁၀၀၀ ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ



(ဝဲယာမှ) တရားခံ မိုးမြင့်လှိုင်၊ အေးအေးချစ်(ခ)ဘုတ်ဆုံမ၊ သိန်းထွန်း၊ ခင်ဖြူဝင်း(ခ) ဖိုင်တွန်ပီအား သိမ်းဆည်းရမိသည့် ဒီတိုနေတာများနှင့်အတူ တွေ့ရစဉ်။




နေပြည်တော် ဒီဇင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လေယာဉ်ဖြင့်လိုက်ပါမည့် ခရီးသည် အမျိုးသမီးတစ်ဦးထံမှ အကြမ်းဖက်ဖောက်ခွဲရေး ပြုလုပ်ရာတွင် အသုံးပြုမည့် ဒီတိုနေတာ ၉၈ ခု ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်ပါဝင်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ထံမှ ဒီတိုနေတာ အခု ၁၀၀၀ ထပ်မံဖော်ထုတ် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၀ ရက် နံနက် ၈ နာရီ ၂၅ မိနစ်တွင်

*စာမျက်နှာ ၁၂ ကော်လံ ၁* ■




## အောင်လအန်ဆန် ထိုးသတ်ရမည့် ပြိုင်ဘက်ကို မကြာမီထုတ်ပြန်မည်

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာ MMA ကစားသမား အောင်လအန်ဆန်နှင့် ထပ်မံထိုးသတ်ရမည့် ပြိုင်ဘက်ကစားသမားကို မကြာမီ ထုတ်ပြန်မည်ဖြစ်သည်။ အောင်လအန်ဆန်သည် ဒီဇင်ဘာ ၂၁ ရက်တွင် ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှတစ်ဆင့် ပရိသတ်များကို အသိပေးခဲ့ခြင်းဖြစ်ပြီး ပြိုင်ဘက်ကစားသမားကို ၂၀၂၂ နှစ်ဆန်းပိုင်းတွင် ထုတ်ပြန်မည်ဖြစ်သည်။

ONE Championship သည် လာမည့်နှစ် ဇန်နဝါရီမှ မတ်လအထိ ကျင်းပမည့် ပြိုင်ပွဲများကို ထုတ်ပြန်ထားသော်လည်း ဇန်နဝါရီ ၁၄ ရက်တွင်ပြုလုပ်မည့် ပြိုင်ပွဲတစ်ခုတည်းသာ တွဲဆိုင်းများ ထွက်ပေါ်သေးပြီး ကျန်ပြိုင်ပွဲများအတွက် တွဲဆိုင်းများ ထုတ်ပြန်ခြင်း မရှိသေးပေ။ ထို့ကြောင့် အောင်လအန်ဆန်အနေဖြင့် ဖေဖော်ဝါရီနှင့် မတ်လတွင်ကျင်းပမည့်

*စာမျက်နှာ ၂၅ ကော်လံ ၅* ●

### လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၁

ယနေ့မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း (ဆူမားတြားမြောက်ပိုင်းကမ်းလွန်)တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားတွင် ဆက်လက်တည်ရှိနေသည်။ မိုး/ဇလ